# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက် | ၂၀၂၁ ခုနှစ်၊ မတ် ၅ ရက်၊ သောကြာနေ့ | အတွဲ (၆၀)၊ အမှတ် (၁၅၆)


# တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြေခံအလုပ်အကိုင်များရရှိရေး ဝန်ကြီးဌာနများအလိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရမည်

နေပြည်တော် မတ် ၄

တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲ မှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေး (၂/၂၀၂၁)ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်အမှာ စကားပြောကြားသည်။

အစည်းအဝေးသို့ တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာ ကော်မတီဝင်များ ဖြစ်ကြသည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် စောဒန်နီယယ်၊


*စာမျက်နှာ ၄ ကော်လံ ၁* ✻




ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

## အသိပေးကြေညာချက်

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် COVID-19 ကာကွယ်ရေးအတွက် အရည်အသွေး အာနိသင်ရှိပြီး ဘေးအန္တရာယ်ကင်းရှင်းသည့် ကာကွယ်ဆေးများ ပြည်သူလူထုအတွင်း ထိုးနှံရရှိနိုင်စေရေးအတွက် ဦးစားပေးအစီအစဉ်အလိုက် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင် နိုင်ငံအချင်းချင်းလှူဒါန်းမှုဖြင့် COVID-19 ကာကွယ်ဆေးများ မှတ်တမ်းတင်ထားရှိပါသည်။ ထို့အပြင် ပုဂ္ဂလိက ဆေးဝါးလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတကာ/အာရှဒေသတွင်း ထိုးနှံဆောင်ရွက်နေသော အရည်အသွေးအာနိသင်ရှိပြီး ဘေးအန္တရာယ်ကင်းရှင်းသည့် COVID-19 ကာကွယ်ဆေးများကို မိမိတို့အစီအစဉ်ဖြင့် တင်သွင်းဖြန့်ဖြူးခြင်း၊ ကာကွယ်ဆေးထိုးနှံပေးခြင်း ဆောင်ရွက်လိုပါက သတ်မှတ်အထောက်အထားများဖြင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ လျှောက်ထားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

**အမှန်နဲ့အမှား၊ ဓမ္မနဲ့ အဓမ္မ ပြည်သူတွေ ကွဲပြားကြဖို့ လိုပါပြီ**


စာ-၆


**တိုင်းပြည်တစ်ခွင် တည်ငြိမ်အေးချမ်းဖို့ အားလုံးပါဝင်တည်ဆောက်စို့**


စာ-၁၀


**ကျွန်တော် မိုးခါးရေမသောက်တော့ပါ**


စာ-၂၀





# မြန်မာတိုင်းအတွက် မြန်မာ့ရိုးရာ သိုင်းပညာ

အက်ရှင်ဇာတ်ကားဟု ခေါ်ကြသည့် လှုပ်ရှားတိုက်ခိုက်မှု အသားပေးရုပ်ရှင်များကို မြန်မာတို့ ကြိုက်ကြသလို ကမ္ဘာ့ပရိသတ်တို့ကလည်း ကြိုက်ကြသည်။ အက်ရှင်ဇာတ်ကား သရုပ်ဆောင်များဖြစ်သည့် တရုတ်၊ ဟောင်ကောင်၊ ဂျပန်၊ ထိုင်း စသည့် အာရှသရုပ်ဆောင်များရော ဟောလိဝုဒ်မှ အနောက်တိုင်း သရုပ်ဆောင်များပါ ကမ္ဘာကျော်ကြသည်။ အက်ရှင်ဇာတ်ကားများနှင့် အက်ရှင်သရုပ်ဆောင်များကို အကြောင်းပြု၍ ကွန်ဖူး၊ ဝူရှူး၊ ဝင်ချွန်း အစရှိသော တရုတ်ရိုးရာကိုယ်ခံပညာများ၊ ကရာတေး၊ ဂျူဒို၊ အိုက်ကီဒို အစရှိသော ဂျပန်ရိုးရာကိုယ်ခံပညာများ၊ ဘရာဇီး ဂျူဂျစ်ဆု၊ မွေထိုင်း အစရှိသောရိုးရာကိုယ်ခံပညာများကို ကမ္ဘာက သိလာသည်။ စိတ်ဝင်စားလာသည်။ ကမ္ဘာ့အဆင့်ပြိုင်ပွဲကြီးများ ကျင်းပပြီး ဈေးကွက်ဝင်လာသည်။

ကမ္ဘာတွင် နာမည်ကြီးသည့် ကိုယ်ခံပညာများ အများစုမှာ အာရှ၏ အမွေအနှစ်များပင်ဖြစ်ပြီး ယင်းကိုယ်ခံပညာများ၏ မူလအစမှာ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့ဖြစ်ကြသည်။ ရှေးနှစ်ပေါင်းထောင်နှင့်ချီ၍ ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားခဲ့သော အဆိုပါနိုင်ငံကြီး နှစ်နိုင်ငံ၏အကြားတွင် တည်ရှိနေသည့် မိမိတို့ မြန်မာနိုင်ငံသည်လည်း ကိုယ်ပိုင်ယဉ်ကျေးမှု အမွေအနှစ်များနှင့် တင့်တယ်ခဲ့သလို မြန်မာ့ရေ၊ မြေပေါ်တွင် အခြေခံကာ ပေါ်ထွန်းလာခဲ့သော ရိုးရာကိုယ်ခံပညာများမှာလည်း ကိုယ့်မူ၊ ကိုယ့်ဟန်ဖြင့် စုံလင်ကြွယ်ဝလှသလို ကမ္ဘာပေါ်တွင် လက်ရှိထင်ပေါ်ကျော်ကြားနေသည့် ကိုယ်ခံပညာများနှင့် ယှဉ်နိုင်ရုံမျှမက ခေါင်းတစ်လုံးသာသည်ဟုပင် ဆိုနိုင်သည်။

သို့ရာတွင် မြန်မာ့ရိုးရာသိုင်းပညာများမှာ မြန်မာနိုင်ငံ သူ့ကျွန်ဘဝ ကျရောက်ခဲ့ရချိန်မှစပြီး ချိုးနှိမ်နှိပ်ကွပ်ခံခဲ့ရကာ မှေးမှိန်ပျောက်ကွယ်လုမတတ် ဖြစ်ခဲ့ရသည်။ ဓား၊ လှံ စသည့် လက်နက်များ ထုတ်လုပ်ခြင်း၊ ကိုင်ဆောင်ခြင်း၊ သိုင်းပညာ သင်ကြားခြင်းတို့မှာ ဥပဒေဖြင့် ထုတ်ပြန်တားဆီးခြင်းခံခဲ့ရသည့်အတွက် သိုင်းပညာလေ့ကျင့်သင်ကြားလိုသူတို့မှာ လူသူကင်းဝေးသည့် တောထဲတွင်လည်းကောင်း၊ မြေကျင်းတူး၍လည်းကောင်း ပုန်းလျှိုးကွယ်လျှိုးလေ့ကျင့်ခဲ့ကြရသည်။ "သိုင်း" ဟုခေါ်သည့် အမည်ကိုပင် ရှောင်ရှားခဲ့ရသည့်အတွက် နောင်တွင် "ဗန်တို၊ ဗန်ရှည်" ဟူ၍ ခေါ်ခဲ့ကြရကြောင်း၊ ဗန်တိုသည် လက်နက်မဲ့သိုင်းပညာဖြစ်၍ ဗန်ရှည်သည် လက်နက်ကိုင် သိုင်းပညာဖြစ်ကြောင်း သုတေသီများ ရေးသားဖော်ထုတ်ခဲ့သည့် မှတ်တမ်းများ၌ တွေ့ရသည်။

မြန်မာနိုင်ငံလွတ်လပ်ရေး ရပြီးနောက်ပိုင်းတွင် မြန်မာ့သိုင်းပညာသည် ပြန်လည်ပေါ်ထွက်လာခဲ့သော်လည်း နိုင်ငံတော်အစိုးရ၏ အားပေးမှု၊ နိုင်ငံသူ နိုင်ငံသားတို့၏ စိတ်ပါဝင်စားမှုတို့ အပေါ်တွင်မူတည်ကာ ငုပ်ချည်တစ်ခါ ပေါ်ချည်တစ်လှည့်ဖြင့် ပြန့်ပွားသင့်သလောက် မပြန့်ပွားနိုင်သည့် အခြေအနေတွင် ရှိနေခဲ့သည်။ ဒေသတွင်းနိုင်ငံများ၏ အားကစားပြိုင်ပွဲများတွင် ပန်ကျပ်ဆီလပ်၊ ဗိုဗီနမ် စသည့် အာဆီယံနိုင်ငံအချို့မှ ရိုးရာကိုယ်ခံပညာများ ထည့်သွင်းကျင်းပလာခဲ့ရာတွင် မြန်မာ့သိုင်းပညာရှင် အားကစားသမားများမှာ အဆိုပါနိုင်ငံခြားကိုယ်ခံပညာများကို လိုက်ပါယှဉ်ပြိုင်ခဲ့ကြရသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံ မြန်မာလူမျိုးတို့အနေဖြင့် မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်ဖြစ်သော မြန်မာ့ရိုးရာသိုင်းပညာကို လူတိုင်းသင်ယူခြင်းဖြင့် ထိန်းသိမ်းကြရန်၊ တိမ်မြုပ်ပျောက်ကွယ်နေသည့် ပညာရပ်များကို သုတေသနပြု ဖော်ထုတ်ကြရန်၊ ရိုးရာကိုအခြေခံ၍ ခေတ်မီအောင် ပြုပြင်မွမ်းမံကြရန်၊ ကမ္ဘာက အသိအမှတ်ပြုစိတ်ဝင်စားလာကြစေရေးအတွက် ဈေးကွက်မြှင့်တင်မှု နည်းလမ်းများဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်ကြရန်လိုအပ်ပြီး ယင်းသို့ ဆောင်ရွက်နိုင်သည်နှင့်အမျှ ဟိုတယ်၊ ခရီးသွားလုပ်ငန်းများနှင့်ယှဉ်ကာ မြန်မာ့ရိုးရာသိုင်းပညာမှာလည်း ပြန်လည်ထွန်းကားမြင့်မားလာနိုင်မည်ဟု ယုံကြည်မိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၉)ရပ်တွင် လူမှုရေးဦးတည်ချက်တစ်ရပ်အဖြစ် "တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး" ဟူ၍ ပါရှိသည်။ မြန်မာလူမျိုးတိုင်း ကျန်းမာကြံ့ခိုင်ရေးအတွက် အပိုပစ္စည်း မလို၊ ငွေကုန်ကြေးကျ သက်သာစွာပြုလုပ်နိုင်သော အားကစားနည်းတစ်ရပ်အဖြစ် မြန်မာ့ရိုးရာသိုင်းပညာကို သင်ယူလေ့ကျင့်ကြစေရေးအတွက် ပညာဖြန့်ဝေခြင်း၊ နှိုးဆော်တိုက်တွန်းခြင်း၊ အားပေးမြှင့်တင်ခြင်းတို့ကို အမျိုးသားရေးလုပ်ငန်းတစ်ရပ်အဖြစ် ဝိုင်းဝန်းဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

## (၇၆) နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

**၁။** **အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃) ပါးကို ဆက်လက်ထိန်းသိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မှု မရှိစေရန် ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲ၍ တပ်မတော်က ကာကွယ်ထိန်းသိမ်းပေးရေး။**

**၂။** **သဘာဝဘေးအန္တရာယ်ကျရောက်မှုအပါအဝင် ပြည်သူများအပေါ် ကျရောက်လာသည့် အန္တရာယ်မှန်သမျှကို မည်သည့်အခြေအနေ မည်သည့်အချိန်အခါတွင်မဆို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူလူထု၏ လူနေမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။**

**၃။** **ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် ထာဝရ ငြိမ်းချမ်းရေး တည်ဆောက်ရာတွင် ဒို့တာဝန်အရေး (၃) ပါးကို မသွေဖည်ဘဲ NCA အပေါ်အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ရေး။**

**၄။** **နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာကာကွယ်နိုင်ရန် တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအားရှိသော ကျစ်လျစ်ခိုင်မာ တောင့်တင်းသည့် ခေတ်မီတပ်မတော်တည်ဆောက်ရေး။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် လစ်လပ်နေရာများအတွက် ကိုယ်စားလှယ်လောင်းအဆိုပြုလွှာများ တင်သွင်းရမည့်ရက် တိုးမြှင့်သတ်မှတ်

၁။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့သည် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် လစ်လပ်နေရာများအတွက် ကိုယ်စားလှယ်လောင်း အဆိုပြုလွှာပုံစံများကို (၂၆-၂-၂၀၂၁) ရက် သောကြာနေ့မှ (၃-၃-၂၀၂၁) ရက် ဗုဒ္ဓဟူးနေ့အထိ နေ့စဉ်နံနက် (၉:၀၀) နာရီမှ မွန်းလွဲ (၁၆:၀၀)နာရီအတွင်း (ပိတ်ရက်မရှိ) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ၊ အမှတ်(၄)၊ ဝက်ပါလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် အခမဲ့လာရောက်ထုတ်ယူနိုင်ပြီး (၃-၃-၂၀၂၁) ရက် ဗုဒ္ဓဟူးနေ့ မွန်းလွဲ (၁၆:၀၀) နာရီမတိုင်မီ အချိန်အတွင်း အဆိုပြုလွှာပုံစံများကို နောက်ဆုံးထား ပြန်လည်တင်သွင်းရန် နေ့စဉ်ထုတ်သတင်းစာများတွင် ဖိတ်ခေါ်ထားပါသည်။

၂။ အဆိုပါကိစ္စနှင့်ပတ်သက်၍ လျှောက်ထားလိုသူ ကိုယ်စားလှယ်လောင်းများ ပိုမိုအဆင်ပြေစေရေးအတွက် ယင်းအဆိုပြုလွှာပုံစံများ နောက်ဆုံးထား ပြန်လည်တင်သွင်းရမည့် နေ့ရက်ကို (၂၇-၃-၂၀၂၁) ရက် (စနေနေ့) မွန်းလွဲ (၁၆:၀၀) နာရီ မတိုင်မီအချိန်အထိ တင်သွင်းနိုင်ရန် တိုးမြှင့်ပြင်ဆင်သတ်မှတ်လိုက်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်းနံပါတ် ၀၁-၈၆၀၄၇၅၁ နှင့် ၀၁-၅၄၄၅၈၃ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်
ရွေးချယ်တင်မြှောက်ရေးအဖွဲ့
အမှတ်(၄)၊ ဝက်ပါလမ်း၊ ဗဟန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး

# ရန်ကုန်-မန္တလေး ရထားလမ်းစီမံကိန်း အမြန်ပြီးစီးရေး

စွမ်းအင်ကဏ္ဍတွင်လည်း ပြည်ပမှလောင်စာဆီတင်သွင်းရေးအတွက် နှစ်စဉ် အမေရိကန်ဒေါ်လာ ၃ ဘီလီယံ သုံးစွဲနေရပါကြောင်း၊ လောင်စာဆီ၏ ၅ ရာခိုင်နှုန်းမှာ လျှပ်စစ်မီးရရှိရေးအတွက် အသုံးပြုလျက်ရှိပါကြောင်း၊ ကျန် ၉၅ ရာခိုင်နှုန်းမှာ သယ်ယူပို့ဆောင်ရေးနှင့် စက်ရုံ၊ အလုပ်ရုံများတွင် အသုံးပြုလျက်ရှိကြောင်း၊ ထို့ကြောင့် သယ်ယူပို့ဆောင်ရေးကဏ္ဍမှ လောင်စာဆီသုံးစွဲမှုကို လျှော့ချနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများက မြို့တွင်းနှင့်ခရီးတိုသွားသည့် လျှပ်စစ်ကားထုတ်လုပ်နိုင်ရန် ပထမအဆင့် ကြိုးစားရမည်ဖြစ်ကြောင်း၊ ပို့ဆောင်ရေးကဏ္ဍမှာ တိုင်းပြည်အတွက် အရေးကြီးပါကြောင်း၊ ထို့ကြောင့် ရထားလမ်း၊ ကားလမ်းများ အမြန်ဖွင့်လှစ်နိုင်ရေးနှင့် ကောင်းမွန်ရေးကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ JICA နှင့် ပူးပေါင်းဆောင်ရွက်နေသည့် ရန်ကုန်-မန္တလေး ရထားလမ်းစီမံကိန်းကို အမြန်ပြီးစီးရေး ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၅-၂-၂၀၂၁ ရက်နေ့တွင် ကျင်းပသည့် စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး(၂/၂၀၂၁)တွင် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

# တပ်ကုန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများ၌ သီတင်းသုံးတော်မူကြသည့် ရဟန်း၊ သာမဏေ၊ သီလရှင်များအား ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်း

နေပြည်တော် မတ် ၄

**တပ်ကုန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများ၌ သီတင်းသုံးတော်မူကြသည့် ရဟန်း၊ သာမဏေ၊ သီလရှင်များအား သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ဆက်ကပ်သည့် ဆွမ်းဆန်တော်လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် တပ်ကုန်းမြို့၊ မဟာဇနကကျောင်းတိုက်၊ မဟာဇနကဗိမာန်တော်ကြီး၌ ကျင်းပသည်။**



အခမ်းအနားသို့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ နေပြည်တော်၊ တပ်ကုန်းမြို့၊ မဟာသီဟနာဒ ပရိယတ္တိ စာသင်တိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏ အမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

**ငါးပါးသီလ ခံယူဆောက်တည်**

ဆွမ်းဆန်တော် လှူဒါန်းပွဲ အခမ်းအနားတွင် တပ်ကုန်းမြို့၊ မဟာသီဟနာဒ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဘဒ္ဒန္တအာစိဏ္ဏ ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ရတနသုတ်၊ မေတ္တသုတ်၊ ပုဗ္ဗဏှသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

**သာသနာရေးဆိုင်ရာများ လျှောက်ထား**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် ဆရာတော်၊ သံဃာတော်များ ဆွမ်းဆန်တော် ကြောင့်ကြမှုမရှိစေရေး ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်တွင် ပျဉ်းမနားမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး ကျောင်းပေါင်း ၁၆ ကျောင်းနှင့် သီလရှင်ကျောင်း ခုနှစ်ကျောင်းတွင် သီတင်းသုံးလျက်ရှိသည့် ရဟန်း၊ သာမဏေ ၁၀၁၅ ပါး၊ သီလရှင် ၃၈၂ ပါးတို့အတွက် ဆွမ်းဆန်တော်အိတ် ၂၁၄ အိတ်ကို လည်းကောင်း၊ ၂၀၂၁ ခုနှစ် မတ် ၂ ရက်တွင် လယ်ဝေးမြို့နယ် အတွင်းရှိ ဘုန်းတော်ကြီး ကျောင်းပေါင်း ၉ ကျောင်းနှင့် သီလရှင်ကျောင်း ၄ ကျောင်းတွင် သီတင်းသုံးလျက်ရှိသည့် ရဟန်း၊ သာမဏေ ၅၀၂ ပါး၊ သီလရှင် ၅၁၇ ပါးတို့အတွက် ဆွမ်းဆန်တော်အိတ် ၁၄၅ အိတ်ကို လည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့ပါကြောင်း။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်မှစ၍ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ဘုရားစေတီပုထိုးများတွင် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနက ထုတ်ပြန်ထားသော COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေး ဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဖူးမြော်ခွင့်ရရှိအောင် ဆောင်ရွက်ခဲ့ပါကြောင်း၊ ပရိယတ္တိ၊ ပဋိပတ္တိသာသနာ့ဝန်ဆောင် အရှင်သူမြတ်တို့က သင်ယူပို့ချ ဟောပြောကျင့်ကြံ ထမ်းဆောင်၍ တရားတော်ဖြင့် ချီးမြှောက်ခြင်း ဓမ္မာနုဂ္ဂဟဖြင့် စွမ်းစွမ်းတမံ အားသွန်ကြိုးပမ်းတော်မူကြပြီး နိုင်ငံတော်အစိုးရနှင့် အလှူရှင် ပြည်သူတို့ကလည်း ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး-ပစ္စည်း လေးပါးတို့ဖြင့် အားပေးထောက်ပံ့လှူဒါန်းခြင်း ပစ္စယာနုဂ္ဂဟဖြင့် တက်ညီလက်ညီ ပံ့ပိုးလှူဒါန်းကြခြင်းဖြင့် ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီးဆက်လက်တည်တံ့ ထွန်းလင်းဝေစည်နေဦးမည်ဟု ယုံကြည်ပါကြောင်း၊ ယနေ့ ဆည်းပူးအားထုတ်ရသည့် ကုသိုလ်ကောင်းမှုများကြောင့် ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး စည်ပင်ထွန်းလင်း အရှည်ခန့်၍ တည်တံ့ပါစေ၊ ကမ္ဘာသူ/ကမ္ဘာသားများ၊ မြန်မာနိုင်ငံတော်သူ နိုင်ငံတော်သားအားလုံး COVID-19 ရောဂါကပ်ဘေးမှ ကင်းဝေးနိုင်ကြပါစေ၊ ဆရာတော် သံဃာတော် အရှင်သူမြတ်များလည်း သက်ရှည်ကျန်းမာစွာဖြင့် သာသနာ့တာဝန်ကို ထမ်းဆောင်တော်မူနိုင်ကြပါစေ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးသည်လည်း ကပ်ရောဂါအန္တရာယ်များကင်းရှင်းပြီး ငြိမ်းချမ်းသာယာ နိုင်ကြပါစေကြောင်း လျှောက်ထားသည်။

**ရေစက်သွန်းလောင်း**

ထို့နောက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ နေပြည်တော်၊ တပ်ကုန်းမြို့၊ ရွှေအင်းရိပ်သာကျောင်းတိုက်၊ ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနေမိန္ဒ ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

**လှူဒါန်းခဲ့**

တပ်ကုန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင် ကျောင်းများအား ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းရာတွင် ဘုန်းတော်ကြီး ကျောင်း ၁၉ ကျောင်း၊ သီလရှင်ကျောင်း ၅ ကျောင်းတို့တွင် သီတင်းသုံးတော်မူကြသောရဟန်း၊ သာမဏေ ၇၀၉ ပါး၊ သီလရှင် ၁၆၉ ပါး၊ စုစုပေါင်း ရဟန်း၊ သာမဏေ၊ သီလရှင် ၈၇၈ ပါးတို့အား ဆွမ်းဆန် တော် ၁၄၄ အိတ် လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ဒုတိယရှေ့နေချုပ် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၁၀၁ /၂၀၂၂**
**၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်**
**(၂၀၂၂ ခုနှစ်၊ မတ်လ ၄ ရက်)**
**ဒုတိယရှေ့နေချုပ် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးစန်းလွင် အား ဒုတိယရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**
**(ပုံ)အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်များ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၁၀၂ /၂၀၂၂**
**၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်**
**(၂၀၂၂ ခုနှစ်၊ မတ်လ ၄ ရက်)**
**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်များ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဒေါ်နန်းလှလှအေး | ကချင်ပြည်နယ် |
| (၂) | ဦးကြည်မြိုင် | ကယားပြည်နယ် |
| (၃) | ဦးရဲလွင် | ကရင်ပြည်နယ် |
| (၄) | ဦးခွထီးယိုး | ချင်းပြည်နယ် |
| (၅) | ဒေါ်လှလှဝင်း | စစ်ကိုင်းတိုင်းဒေသကြီး |
| (၆) | ဦးအုန်းသန်း | တနင်္သာရီတိုင်းဒေသကြီး |
| (၇) | ဦးခင်မောင်တင့် | ပဲခူးတိုင်းဒေသကြီး |
| (၈) | ဒေါ်ခင်မြတ်သူ | မကွေးတိုင်းဒေသကြီး |
| (၉) | ဦးမြင့်အောင် | မန္တလေးတိုင်းဒေသကြီး |
| (၁၀) | ဦးမြင့်အောင် | မွန်ပြည်နယ် |
| (၁၁) | ဦးလှသိန်း | ရခိုင်ပြည်နယ် |
| (၁၂) | ဦးဌေးအောင် | ရန်ကုန်တိုင်းဒေသကြီး |
| (၁၃) | ဦးတင်ဦး | ရှမ်းပြည်နယ် |
| (၁၄) | ဒေါ်ခင်ခင်နွယ် | ဧရာဝတီတိုင်းဒေသကြီး |

**အမိန့်အရ**
**(ပုံ)အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

*✱ ရှေ့ဖုံးမှ*

ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးကိုကို၊ ဒေါက်တာ သက်သက်ခိုင်နှင့် ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်စိုးတင့်နိုင်၊ ဦးရဲတင့်၊ ဦးဇော်ဝင်း၊ ဦးမျိုးလှိုင်၊ ဦးမင်းထိန်နှင့် ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ချက် ၉ ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ ဦးတည်ချက်များအနက် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေးနှင့် တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးတို့သည် မိမိတို့ကော်မတီနှင့် တိုက်ရိုက်သက်ဆိုင်နေပါကြောင်း၊ နယ်စပ်ဒေသများတွင် နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများ နိုင်ငံသားစိစစ်ရေးကတ်များ အမြန်ရရှိရန် ဥပဒေနှင့်အညီ ဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်း၊ တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြေခံအလုပ်အကိုင်များရရှိရေးအတွက် ဝန်ကြီးဌာနများအလိုက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ကော်မတီက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းတာဝန်များဖြစ်သည့် ကျွမ်းကျင်သူများ ခန့်ထားခြင်း၊ ပြည်တွင်း၊ ပြည်ပမှ ပညာရှင်များ ခန့်ထားခြင်း၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ဒေသများအကြား အုပ်ချုပ်မှုအဆင်ပြေချောမွေ့စေရန် ပေါင်းစပ်ညှိနှိုင်းပေးခြင်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ဆောင်ရွက်ပေးခဲ့သည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက်အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြရာ တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မတ် ၄**

နေ့အပူချိန်များမှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၂ ဒီဂရီစင်တီဂရိတ် ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်နှင့် မကွေးမြို့၊ အောင်လံမြို့နှင့် ပြည်မြို့တို့တွင် ၃၉ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မိုး/ဇလ

## တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် စီးပွားရေးလုပ်ငန်းရှင်ဆိုင်ရာအသင်းများတွေ့ဆုံ




**ထားဝယ် မတ် ၄**

တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီး/ခရိုင်အဆင့် စီးပွားရေး လုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များ၊ ကုန်သည်စက်မှုအသင်းနှင့်ညီနောင်အသင်းများ၊ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းဆိုင်ရာ အသင်းများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)

အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်က နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက ဦးတည်ချက်(၉)ရပ် ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် အဆင်ပြေနိုင်ရေး အခက်အခဲများလည်းရှိနိုင်ကြောင်း၊ မိမိတို့အဖွဲ့အနေဖြင့် တိုက်ရိုက်ဆုံးဖြတ် ပံ့ပိုးကူညီရမည့် လုပ်ငန်းများကို ကြန့်ကြာနှောင့်နှေးခြင်း မရှိစေဘဲ သွက်သွက်လက်လက် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ တိုင်းဒေသကြီး အနေနှင့် လက်လှမ်းမမီသော လုပ်ငန်းများကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြပေးသွားမည်ဖြစ်ကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် တွေ့ကြုံရသော အခက်အခဲများကို တင်ပြပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသော စီးပွားရေးလုပ်ငန်းရှင် အသင်းအဖွဲ့များက လက်ရှိဆောင်ရွက်နေသော စီးပွားရေး လုပ်ငန်း အခြေအနေများနှင့် တွေ့ကြုံရသောအခက်အခဲများကိုရှင်းလင်းတင်ပြရာ တာဝန်ရှိသူများက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## နေပြည်တော်အတွင်း အုပ်ချုပ်ရေး၊ ဒေသဆိုင်ရာဖွံ့ဖြိုးရေးနှင့် လုံခြုံရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၄**

နေပြည်တော်အတွင်း အုပ်ချုပ်ရေး၊ ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးနှင့် လုံခြုံရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရေးအတွက် ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁ဂ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ပူးပေါင်းပါဝင်ဆောင်ရွက်**

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်များနှင့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်တို့ကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ နေပြည်တော်အတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံရေး လုပ်ငန်းများနှင့်ပတ်သက်ပြီး ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသဖွံ့ဖြိုးရေး၊ အုပ်ချုပ်ရေးနှင့် လုံခြုံရေးကိစ္စရပ်များကို အထူးအလေးထား ဆောင်ရွက်သွားကြရန် လိုကြောင်း ပြောကြားသည်။

**ကဏ္ဍအလိုက် ရှင်းလင်း**

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီးမင်းနောင်၊ ဦးဇေယျာလင်းနှင့် ဦးမြင့်စိုး တို့က သက်ဆိုင်ရာ ကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို လည်းကောင်း၊ တက်ရောက်လာကြသည့် ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက သက်ဆိုင်ရာဒေသများအလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို လည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များအပေါ် ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်သူသို့ မေတ္တာရပ်ခံချက်

၁။ ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းမှာ လွတ်လပ်စွာပြောဆိုခွင့်၊ လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်ရှိကြပါသည်။ ထိုလွတ်လပ်မှုသည် သူတစ်ပါးအား မထိပါးစေရပါ။ မိမိနှင့် သဘောထားအယူအဆမတူသူ ကိုလည်း ကွဲလွဲခွင့်ပေးရပါသည်။ မတားဆီးရ၊ မထိပါးရပါ။ သို့ရာတွင် ယခုအခါ ဒီမိုကရေစီ လူ့အခွင့်အရေးကို အကြောင်းအမျိုးမျိုးပြကာ အခြားသူများအား အုပ်စုဖွဲ့အတင်းအကျပ်ပြုခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများအထိ ဥပဒေကို ချိုးဖောက်မှုအချို့ ရှိလာခဲ့ပါသည်။ စည်းကမ်းမရှိလျှင် ဒီမိုကရေစီပျက်စီးနိုင်ပါသည်။

၂။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုဘေးကင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်၊ တားဆီး၊ ဖျက်ဆီးသော ကျူးလွန်မှုများကို ထိရောက်ဟန့်တားမည့် ဆောင်ရွက်ချက်များဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ကြရပါမည်။

၃။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ အေးချမ်းလုံခြုံခြင်းကို လိုလားကြသည့် ကျွန်ုပ်တို့ ပြည်သူတစ်ရပ်လုံးက ဥပဒေမဲ့ကျူးလွန်သူများကို လက်မခံကြရုံသာမက နိုင်ငံလူမျိုးအကျိုးအတွက် ပူးပေါင်းလက်တွဲကာ တားဆီးပယ်ရှားကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

## ရခိုင်ပြည်နယ် စစ်တွေမြို့၌ စပါးအပြီးသီးထပ်စိုက်ပျိုးနိုင်ရေး သီးနှံပုံစံသုတေသနများကို တောင်သူလယ်သမားများအား ရှင်းလင်းပြသ

**စစ်တွေ မတ် ၄**

ရခိုင်ပြည်နယ်၌ တောင်သူလယ်သမားများသည် ပုံမှန်အားဖြင့် တစ်နှစ်လျှင် စပါးတစ်သီးသာ စိုက်ပျိုးလေ့ ရှိပါသည်။ သီးနှံတစ်သီးသာ စိုက်ပျိုးမှုများမှ သီးထပ်သီးနှံ စိုက်ပျိုးပါက အောင်မြင်မှု ရရှိနိုင်ကြောင်း တောင်သူ လယ်သမားများ လက်တွေ့သိရှိစေရန် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ မြောင်းဘွေ စိုက်ပျိုးရေးသုတေသနစခန်းတာဝန်ခံ လက်ထောက်သုတေသနအရာရှိ ဦးနိုင်မျိုးအောင်က စစ်တွေမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများနှင့် ပူးပေါင်း၍ စပါးအပြီး သီးထပ်စိုက်ပျိုးစမ်းသပ်မှုများ ဆောင်ရွက်လျက်ရှိသည်။

ထိုသုတေသန စိုက်ခင်းသို့ ၂၈.၂.၂၀၂၁ ရက်နေ့၌ ရခိုင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးသိုက်စိုး၊ ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့ပူးပေါင်း၍ စစ်တွေမြို့နယ်၊ ကြို့တဲကျေးရွာမှ တောင်သူလယ်သမား ၂၀ အား စပါးအပြီး သီးထပ်သီးနှံ စိုက်ပျိုးစမ်းသပ်မှုများကို ရှင်းလင်းပြသခဲ့သည်။

ဤသုတေသန ပြုလုပ်ပြသရခြင်း၏ ရည်ရွယ်ချက်မှာ သီးထပ်စိုက်ပျိုးမှုဖြင့် တောင်သူလယ်သမားများဝင်ငွေပိုမိုတိုးတက်ရရှိလာစေရန်ဖြစ်ပြီး ရေချိုရှားပါးခြင်း၊ လုပ်ခဈေးနှုန်း မြင့်မားခြင်းတို့ကြောင့် မြေတွင်းရှိ အစိုဓာတ်နှင့် ဆီးနှင်းကျရောက်မှုဖြင့် စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် သီးနှံများ ရှာဖွေဖော်ထုတ်ခြင်း ဖြစ်သည်။

ယခင် ၂၀၁၉ - ၂၀၂၀ ခုနှစ် နှစ်နှစ်တာ ကာလအတွင်း စမ်းသပ်မှုများအရ ရခိုင်ပြည်နယ်၌ စပါးအပြီး သီးထပ်သီးနှံအဖြစ် မြေပဲ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပန်းနှမ်း၊ ဘိုကိတ်ပဲနှင့် ဆီမုန်ညင်းသီးနှံတို့ကို ရေမသွင်းရဘဲ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်ပြီး စီးပွားရေးတွက်ခြေကိုက်မှု ရှိကြောင်း တောင်သူ လယ်သမားများအား ရှင်းလင်းပြသခဲ့ခြင်း ဖြစ်သည်။



တောင်သူလယ်သမား များကလည်း စိတ်ပါဝင်စားစွာ သုတေသနစိုက်ခင်းများအား ကြည့်ရှုကြပြီး သိရှိလိုသည့် အကြောင်းအရာများကို အပြန်အလှန် မေးမြန်း ဆွေးနွေးခဲ့ကြောင်း သတင်းရရှိခဲ့သည်။

သတင်းစဉ်

# အမှန်နဲ့အမှား၊ ဓမ္မနဲ့အဓမ္မ ပြည်သူတွေကွဲပြားကြဖို့ လိုပါပြီ

ကနောင်

နိုင်ငံတော်မှာ လက်ရှိဖြစ်ပေါ်နေတဲ့အခြေအနေတွေအရ အမှန်နဲ့ အမှား၊ တရားနဲ့ မတရား ရောထွေးပြီး ပြည်သူတွေအသိတရားအပေါ် ခြိမ်းခြောက်လာနေတဲ့ အန္တရာယ်တွေကို စိတ်မသက်သာဖွယ် မြင်တွေ့နေရပါတယ်။ လက်ရှိနိုင်ငံရေးအခြေအနေ၊ တိုင်းပြည်ရဲ့ အနာဂတ်ကို နားလည်လက်ခံပြီး အကောင်းဆုံး၊ ထိခိုက်မှုအနည်းဆုံး အနေအထားကို ရွေးချယ်ပုံဖော်ရမယ့်အစား နိုင်ငံတည်ငြိမ်အေးချမ်းမှုကို အမျိုးမျိုးအဖုံဖုံ ဖျက်လိုဖျက်ဆီး ပြုနေကြတာကို မြင်တွေ့နေရပါတယ်။

## တပ်မတော်အနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ အဆင့်ဆင့်ဆောင်ရွက်ခဲ့

အားလုံးသိပြီးကြတဲ့အတိုင်း ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့မှာကျင်းပတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ မဲစာရင်းတွေမှာ ကြီးမားတဲ့ မဲကွာဟချက်တွေ ဖြစ်ပေါ်လာတဲ့အပေါ် ဖြေရှင်းဆောင်ရွက်ဖို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပျက်ကွက်ခဲ့ပါတယ်။ မဲစာရင်းပြဿနာတွေကို ဖြေရှင်းပေးဖို့ အရေးယူဆောင်ရွက်ပေးဖို့ ပြည်သူတွေကရော၊ ပါတီတွေကရော၊ နောက်ဆုံး တပ်မတော်ကရော တောင်းဆိုခဲ့ပေမယ့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ငြင်းပယ်ခဲ့ပါတယ်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ငြင်းပယ်တဲ့အခါ ပြည်ထောင်စုလွှတ်တော်မှတစ်ဆင့် ဖြေရှင်းပေးဖို့ ဆောင်ရွက်ခဲ့ပါတယ်။ ပြည်ထောင်စုလွှတ်တော်အနေနဲ့ ဥပဒေနဲ့အညီ တောင်းဆိုတဲ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ခေါ်ယူပေးဖို့ ငြင်းဆန်တဲ့အခါ လက်ရှိကြုံတွေ့နေရတဲ့ အခြေအနေတွေကို နိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် တစ်ခုခုက နည်းလမ်းရှာ ဖြေရှင်းပေးဖို့ တောင်းဆိုခဲ့ပြန်ပါတယ်။ အဲဒီအဆင့်တွေအားလုံး ငြင်းပယ်ခံရတဲ့အခါ အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီမှာ အဓိကတာဝန်ရှိတဲ့ သမ္မတဦးစီးတဲ့ အရပ်ဘက်၊ စစ်ဘက်အားလုံးကို ကိုယ်စားပြုတဲ့ အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီခေါ်ယူ၍ တွေ့ဆုံဆွေးနွေးကြရန် တင်ပြခဲ့ပါတယ်။ တပ်မတော်အနေနဲ့ လုပ်ထုံးလုပ်နည်းနဲ့အညီ အဆင့်ဆင့်ဆောင်ရွက်ခဲ့ပါတယ်။

အဲဒီနောက်မှာ လွှတ်တော်အသီးသီးအစည်းအဝေးတွေ ရွှေ့ဆိုင်းပေးဖို့ တောင်းဆိုတဲ့အခါမှာလည်း ရွှေ့ဆိုင်းမပေးခဲ့တဲ့အပြင် ပြည်သူ့လွှတ်တော်အစည်းအဝေး အစီအစဉ်တွေ ထုတ်ပြန်ပြီး ဆက်လက်လုပ်ဆောင်နေခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄၁၇ ပါ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို အဓမ္မနည်းနဲ့ ရယူဆောင်ရွက်တာဖြစ်လို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပျက်ပြားစေတဲ့အတွက် မှန်ကန်တဲ့ ဆုံးဖြတ်ချက်အရ အရေးပေါ်အခြေအနေကို ကြေညာခဲ့ရတာ ဖြစ်ပါတယ်။

## ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ပုဒ်မ ၄၁၈ အရ လွှဲအပ်တာဝန်ပေး

ဒီလိုသာ မဖြေရှင်းပေးနိုင်ခဲ့ရင် နိုင်ငံတော်ရဲ့ ဒီမိုကရေစီ လျှောက်လှမ်းမှုမှာ ယခုထက်ပိုမိုဆိုးရွားတဲ့ အခက်အခဲတွေဆက်တိုက်ကြုံတွေ့လာရမှာဖြစ်လို့ မဲစာရင်း စစ်ဆေးအတည်ပြုခြင်းအပါအဝင် လိုအပ်တဲ့ အရေးယူဆောင်ရွက်မှုတွေလုပ်ဖို့နဲ့ မှားနေတဲ့အရာတွေကို ပြန်လည်တည့်မတ်နိုင်အောင်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ပုဒ်မ ၄၁၈ အရ ယာယီသမ္မတ ဦးမြင့်ဆွေက နိုင်ငံတော်ရဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးအာဏာတို့ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ ၁-၂-၂၀၂၁ ရက်နေ့က လွှဲအပ်တာဝန်ပေးလိုက်တာ ဖြစ်ပါတယ်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးရဲ့ ကြေညာချက်အမှတ် ၁/၂၀၂၁ မှာလည်း ဖော်ပြထားတာရှိပါတယ်။ အဲဒီကြေညာချက်မှာ မဲစာရင်းများ ကြီးမားစွာ ကွာခြားမှုတွေရှိနေပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဖြေရှင်းရန် ပျက်ကွက်ခဲ့ကြောင်း၊ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေးအား ခေါ်ယူဖြေရှင်းပေးရန် တောင်းဆိုခဲ့တဲ့အခါမှာလည်း ဆက်လက်ပျက်ကွက်ခဲ့ကြောင်း အတိအလင်းဖော်ပြထားပါတယ်။ ဒါ့အပြင် နိုင်ငံတော်သမ္မတဆီကို အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီ အစည်းအဝေးခေါ်ယူဖြေရှင်းပေးဖို့ နှစ်ကြိမ်တင်ပြတဲ့အခါမှာလည်း ငြင်းပယ်ခံခဲ့ရတယ်လို့ ဖော်ပြထားပါတယ်။

အဲဒီအချိန်မတိုင်ခင်မှာ တပ်မတော်ရဲ့တောင်းဆိုမှုတွေ၊ ပြည်သူတွေရဲ့ သံသယတွေ၊ ပါတီအသီးသီးရဲ့ ဖော်ထုတ်ချက်တွေကို လျစ်လျူရှု၊ မီဒီယာအသီးသီးရဲ့ ထောက်ပြမှုတွေကို လက်သင့်မခံတဲ့၊ ဖြေရှင်းပေးဖို့ လုံးဝမကြိုးစားခဲ့တဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နဲ့ လွှတ်တော်တွေ၊ အစိုးရတွေရဲ့ တဇွတ်ထိုးနိုင်မှုဟာ လက်ရှိမြန်မာနိုင်ငံရေးနဲ့ နိုင်ငံရဲ့တည်ငြိမ်အေးချမ်းရေးကို အဓိကဖျက်ဆီးပစ်လိုက်တာလို့ ဆိုချင်ပါတယ်။ မတူကွဲပြားမှု၊ မညီညွတ်မှုတွေကို ငြိမ်းချမ်းအောင်၊ ညှိနှိုင်းဆောင်ရွက်ရမယ့်အစား အတင်းအဓမ္မ ဆောင်ရွက်ခဲ့ခြင်းရဲ့ရလဒ်အဖြစ် လက်ရှိမှာ ပြည်သူများ တည်ငြိမ်အေးချမ်းမှုကို စတင်ဆုံးရှုံးလာခဲ့ရခြင်း ဖြစ်ပါတယ်။

## လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို ပြန်လည်ကျင်းပပြီး အနိုင်ရပါတီအား နိုင်ငံတော်တာဝန်ကို လွှဲအပ်ပေးမည်

ဒါကြောင့် မတရားမှုအသီးသီးကို ပြန်လည်တည့်မတ်စေလိုတဲ့ စေတနာနဲ့ ဆောင်ရွက်ချက်တွေဖြစ်တဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းမယ်။ မဲစာရင်းတွေ ပြန်လည်စစ်ဆေးပြီး လုပ်ဆောင်သင့်တာတွေကို ဥပဒေနဲ့အညီ ဆက်လက်ဆောင်ရွက်မယ်၊ ကိုဗစ်ရောဂါကာကွယ်ရေးလုပ်ငန်းတွေ ဆက်လက်လုပ်ဆောင်မယ်။ ကိုဗစ်ကြောင့် ထိခိုက်သွားရတဲ့ စီးပွားရေးလုပ်ငန်းတွေကို နည်းလမ်းမျိုးစုံနဲ့ ပြန်လည်ကုစားမယ်။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ပါအချက်တွေကို အလေးထားဆောင်ရွက်မယ်။ နောက်ဆုံးအချက်ကတော့ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်တွေနဲ့အညီ ဆောင်ရွက်ပြီးစီးရင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နဲ့အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ပြန်လည်ကျင်းပပြီး အနိုင်ရတဲ့ပါတီကို ဒီမိုကရေစီ စံနှုန်းတွေနဲ့အညီ နိုင်ငံတော်တာဝန်ကို လွှဲအပ်ပေးမယ် ဆိုပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ကြေညာချက် ထုတ်ပြန်ခဲ့ပါတယ်။

အဲဒီအချိန်ကနေစတင်ပြီး ယနေ့အထိ ဆောင်ရွက်ချက်တွေကို လေ့လာကြည့်မယ်ဆိုရင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို အမြန်ဆုံးပြန်လည်ဖွဲ့စည်းနိုင်ခဲ့တယ်။ မဲစာရင်းတွေ စတင်စစ်ဆေးဆောင်ရွက်နေသလို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးလုပ်ငန်း အပါအဝင် ကုသရေးလုပ်ငန်းတွေကိုလည်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ တပ်မတော်ကုသရေးတပ်ဖွဲ့ဝင်များအားလုံး အင်တိုက်အားတိုက် ဆောင်ရွက်နေကြပါတယ်။ နယ်ပယ်အသီးသီးက တတ်သိပညာရှင်တွေနဲ့ပူးပေါင်းပြီး နိုင်ငံ့စီးပွားရေး အဘက်ဘက်က မြင့်တက်လာအောင် တွေ့ဆုံညှိနှိုင်းမှုတွေကိုလည်း လက်ရှိအရေးပေါ်ကာလကို တာဝန်ယူထားရတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဆောင်ရွက်ခဲ့ပါတယ်။

အထက်ပါကိစ္စရပ်တွေကို ရှေ့လုပ်ငန်းစဉ် ငါးရပ်အဖြစ်ချမှတ်ပြီး အလျင်မြန်ဆုံး အကောင်အထည်ဖော်နေတာကိုလည်း တွေ့ရှိရပါတယ်။ ယခုလိုတိုင်းပြည်အတွက် လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးဖို့ လုပ်ဆောင်တဲ့ဆောင်ရွက်ချက်တွေအပေါ် မြှောက်ပင့်သွေးထိုးမှုတွေ၊ တည်ငြိမ်မှုပျက်ပြားအောင် ကြံစည်အားထုတ်မှုတွေကို နေ့စဉ်နဲ့အမျှ ပြုလုပ်လာကြပါတယ်။ ပထမဆုံး နိုင်ငံတော်ကို လက်ရှိမှာ တာဝန်ယူနေတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအပေါ် လက်မခံဘူးဆိုတဲ့ အနီရောင်ဖဲကြိုးကမ်ပိန်း စတင်လာခဲ့ကြပါတယ်။ အဲဒီကနေတစ်ဆင့် ပြည်သူတွေအတွက် အခက်အခဲအကျပ်အတည်းမျိုးစုံကြုံစေဖို့ CDM ပြုလုပ်ကြဖို့ တိုက်တွန်းလာကြတာ ဖြစ်ပါတယ်။

## ည ၈ နာရီ မှာ ပုံမှန်တင်ဆက်နေတဲ့ နိုင်ငံတော်ရဲ့ သတင်းအချက်အလက်တွေကို သတိမထားမိစေဖို့ ရည်ရွယ်

အစိုးရရဲ့ ဥပဒေအရ ဆောင်ရွက်ချက်တွေအပေါ် ဆန့်ကျင်ရုံမျှမက နိုင်ငံ့ဝန်ထမ်းတွေ အလုပ်မဆင်းနိုင်အောင် အမျိုးမျိုးသွေးထိုးလှုံ့ဆော်ပြီး အစိုးရယန္တရားကြီးတစ်ခုလုံး ရပ်တန့်သွားအောင် ကြံစည်လာကြတာဖြစ်ပါတယ်။ ပြည်သူအပေါ်ကို သတင်းအချက်အလက်အမှန်တွေ မရရှိအောင် ည ၈ နာရီ သံပုံးတီးကြဖို့ တိုက်တွန်းမှုတွေ ဟိုကဒီက ပေါ်လာကြတယ်။ ရည်ရွယ်ချက်ကတော့ ည ၈ နာရီမှာ ပုံမှန်တင်ဆက်နေတဲ့ နိုင်ငံတော်ရဲ့ သတင်းအချက်အလက်တွေကို သတိမထားမိစေဖို့ ရည်ရွယ်ကြတယ်ဆိုတာကို ပြည်သူလူထုကတော့ သိဟန်မတူပါဘူး။

သံပုံးတီးခြင်း၊ အစိုးရဝန်ထမ်းတွေ ရုံးမတက်ခြင်းအပြင် တစ်ဆင့်တက်ပြီး ပြည်သူလူထုကို လမ်းပေါ်ရောက်အောင် တွန်းပို့ခဲ့ကြသူတွေက အခုအချိန်မှာ မမြင်ရတဲ့ အမှောင်ပလက်ဖောင်း တစ်ခုကနေ ဝမ်းသာနေလောက်ကြပါပြီ။ ပြည်သူတွေနဲ့ အနာဂတ်တိုင်းပြည်ရဲ့ လူငယ်လေးတွေဟာ နေ့စဉ်ရက်ဆက် မြို့နယ်အသီးသီး၊ လမ်းမအသီးသီးမှာ ဆန္ဒထုတ်ဖော်ကြတယ်။

**“ဒီလိုသာ မဖြေရှင်းပေးနိုင်ခဲ့ရင် နိုင်ငံတော်ရဲ့ ဒီမိုကရေစီ လျှောက်လှမ်းမှုမှာ ယခုထက်ပိုမိုဆိုးရွားတဲ့ အခက်အခဲတွေ ဆက်တိုက်ကြုံတွေ့လာရမှာဖြစ်လို့ မဲစာရင်းစစ်ဆေးအတည်ပြုခြင်းအပါအဝင် လိုအပ်တဲ့ အရေးယူဆောင်ရွက်မှုတွေလုပ်ဖို့နဲ့ မှားနေတဲ့အရာတွေကို ပြန်လည်တည့်မတ်နိုင်အောင်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ပုဒ်မ ၄၁၈ အရ ယာယီသမ္မတ ဦးမြင့်ဆွေက နိုင်ငံတော်ရဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးအာဏာတို့ကို တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ထံ ၁-၂-၂၀၂၁ ရက်နေ့က လွှဲအပ်တာဝန်ပေးလိုက်တာ ဖြစ်ပါတယ်”**

*စာမျက်နှာ ၇ သို့*

# နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ထိတွေ့ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာမှ နည်းပညာအကူအညီနှင့် အမှုအကျင့်ကောင်းများ ရရှိနိုင်မည်



**နေပြည်တော် မတ် ၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ကုလသမဂ္ဂနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဘာသာရပ်ဆိုင်ရာ တာဝန်ခံများ တက်ရောက်ကြသည်။

### အများဆုံး ထိတွေ့ဆက်ဆံရ

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ပြည်သူလူထုနှင့် အများဆုံး ထိတွေ့ဆက်ဆံရပြီး ပြည်သူ့အကျိုးကို တိုက်ရိုက်အကောင်အထည်ဖော် ဆောင်ရွက်ရသည့် ဝန်ကြီးဌာနဖြစ်ပါကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်း NGOs, INGOs များနှင့်လည်း ထိတွေ့ဆက်ဆံနေရသည့်အတွက် MoU, LoA ကိစ္စများသည် အရေးကြီးသော ကဏ္ဍဖြစ်ပါကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ထိတွေ့ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာမှ နည်းပညာအကူအညီ Technical Assistance နှင့် အမှုအကျင့်ကောင်း Best Practice များ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ၎င်းတို့စီမံကိန်းရန်ပုံငွေဖြင့် မိမိတို့နိုင်ငံအတွင်း သက်ဆိုင်ရာ စီမံချက်၊ စီမံကိန်းများ ဆောင်ရွက်ခြင်းဖြစ်သောကြောင့် နိုင်ငံအတွက် Financial Assistance ရရှိသည်ဟု ဆိုနိုင်ပါကြောင်း၊ တိုင်းပြည်အတွက် အမှန်တကယ် အကျိုးရှိနိုင်သော စီမံကိန်းများဖြစ်ရန် အရေးကြီးပါကြောင်း၊ မိမိတို့တိုင်းပြည်အတွက် ကူညီဆောင်ရွက်ပေးခြင်းများကို လေးစားရမည်ဖြစ်သော်လည်း တိုင်းပြည် အကျိုးစီးပွားထိခိုက်စေနိုင်သည့် သူများကိုလည်း သတိပြုစောင့်ကြည့်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

### ဆွေးနွေးတင်ပြ

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် MoU, LoA များကိုပြန်လည်စိစစ်ရန်လိုအပ်ပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ အဖွဲ့အစည်းအများစုမှာ မိမိတို့ဝန်ကြီးဌာနနှင့် ကာလတာရှည် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး လုပ်ငန်းများကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့် အဖွဲ့အစည်းများဖြစ်ပါကြောင်း၊ ရေရှည်တွင် မိမိတို့ကိုယ်တိုင် စီမံဆောင်ရွက်နိုင်ရန်အတွက်လည်း ကြိုးစားရမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ဝန်ကြီးရုံးလက်ထောက်အတွင်းဝန်က နိုင်ငံခြားအကူအညီဖြင့် ဆောင်ရွက်သည့် စီမံကိန်းများနှင့် စပ်လျဉ်း၍ နားလည်မှုစာချွန်လွှာ၊ သဘောတူညီမှုစာလွှာ၊ နည်းပညာ ပူးပေါင်းဆောင်ရွက်မှုစာလွှာ ရေးထိုးရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးက လူမှုဝန်ထမ်းဦးစီးဌာနနှင့် နားလည်မှုစာချွန်လွှာ (MoU) ရေးထိုးဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်း (၂၇) ဖွဲ့၊ သဘောတူညီမှုစာလွှာ (LoA) ရေးထိုးဆောင်ရွက်လျက်ရှိသည့် အဖွဲ့ (၃) ဖွဲ့ ၊ နည်းပညာ သဘောတူညီမှုစာလွှာ (LTA) ရေးထိုးဆောင်ရွက်လျက်ရှိသည့် အဖွဲ့ (၂) ဖွဲ့၊ စီမံကိန်းသဘောတူစာချုပ် (Project Agreement) ရေးထိုးဆောင်ရွက်လျက်ရှိသည့် အဖွဲ့ (၃) ဖွဲ့နှင့် လုပ်ငန်းအစီအစဉ် (Workplan) ရေးထိုးဆောင်ရွက်လျက်ရှိသည့် အဖွဲ့ (၁) ဖွဲ့၊ စုစုပေါင်း (၃၆) ဖွဲ့တို့နှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန EOC ဌာနကြီးမှူးက ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် (MoU) ၊ (LoA) ၊ (LoI) ရေးထိုးဆောင်ရွက် လျက်ရှိသည့် အဖွဲ့အစည်း (၁၉)ဖွဲ့ တို့နှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် စာချုပ်တွင်ပါဝင်သော စီမံကိန်းဒေသများအတွက် ရန်ပုံငွေများကို ထိရောက်စွာ အသုံးပြုနိုင်ရန် ဝန်ကြီးဌာနက စောင့်ကြည့်လေ့လာအကဲဖြတ်ရေးအဖွဲ့ (၂) ဖွဲ့ ဖွဲ့၍ ကွင်းဆင်းလေ့လာမှု အခြေအနေကိုလည်းကောင်း၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက ပြန်လည်ထူထောင်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၈ ခုနှစ်မှ စတင်ဖွဲ့စည်းခဲ့သဖြင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် MoU, LoA သက်တမ်းတိုး ဆောင်ရွက်နေသည့် အဖွဲ့အစည်းမရှိသည့်အခြေအနေ၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် MoU လက်မှတ်ရေးထိုးပြီးစီးသည့် အဖွဲ့အစည်း (၃) ခု၊ MoU လက်မှတ်ရေးထိုးရန်ဆောင်ရွက်ဆဲ အဖွဲ့အစည်း (၅) ခု၊ LoA လက်မှတ်ရေးထိုးပြီးစီးသည့် အဖွဲ့အစည်း (၂) ခု၊ LoA လက်မှတ်ရေးထိုးရန်ဆောင်ရွက်ဆဲ အဖွဲ့အစည်း (၂)ခု၊ MoU လက်မှတ်ရေးထိုး ပြီးစီးသည့် အဖွဲ့အစည်း (၃)ခု၊ LoA လက်မှတ်ရေးထိုးပြီးစီးသည့် အဖွဲ့အစည်း (၂) ခုတို့နှင့်စပ်လျဉ်းသည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက NGOs, INGOs အဖွဲ့အစည်းများမှ လုပ်ငန်းဆောင်ရွက်ချက်များသည် အမှန်တကယ်ဆောင်ရွက်ခြင်း ရှိ/မရှိ၊ အကျိုးသက်ရောက်မှု ရှိ/မရှိ၊ Beneficiaries များ အမှန်တကယ် အကျိုးခံစားရခြင်း ရှိ/မရှိတို့ကို လေ့လာဆန်းစစ်သွားရမည်ဖြစ်ကြောင်း၊ စောင့်ကြည့်အကဲဖြတ်ခြင်း (Monitoring and Evaluation)ကို မူဘောင်နှင့် စနစ်တကျ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဖြည့်စွက်ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

သတင်းစဉ်

---

*စာမျက်နှာ ၆ မှ*

ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်နေကြတဲ့ လူငယ်တွေ၊ ပြည်သူတွေကို တွေ့မြင်လာတဲ့အခါ သွေးထိုးမြှောက်ပင့်ပေးသူတွေက အဆင့်တက်ပြီး နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်၊ ပြည်သူတွေ ထိခိုက်ဒဏ်ရာရအောင်၊ အကြမ်းဖက်မှုအသွင်ဖြစ်အောင် ပြည်သူတွေကို အမျိုးမျိုးသွေးထိုး မြှောက်ပင့်ကြပါတော့တယ်။

**“အစိုးရရဲ့ ဥပဒေအရ ဆောင်ရွက်ချက်တွေအပေါ် ဆန့်ကျင်ရုံမျှမက နိုင်ငံ့ဝန်ထမ်းတွေ အလုပ်မဆင်းနိုင်အောင် အမျိုးမျိုးသွေးထိုးလှုံ့ဆော်ပြီး အစိုးရယန္တရားကြီးတစ်ခုလုံး ရပ်တန့်သွားအောင် ကြံစည်လာကြတာဖြစ်ပါတယ်။ ပြည်သူအပေါ်ကို သတင်းအချက်အလက်အမှန်တွေ မရရှိအောင် ည ၈ နာရီ သံပုံးတီးကြဖို့ တိုက်တွန်းမှုတွေ ဟိုကဒီကပေါ်လာကြတယ်။ ရည်ရွယ်ချက်ကတော့ ည ၈ နာရီမှာ ပုံမှန်တင်ဆက်နေတဲ့ နိုင်ငံတော်ရဲ့ သတင်းအချက်အလက်တွေကို သတိမထားမိစေဖို့ ရည်ရွယ်ကြတယ်ဆိုတာကို ပြည်သူလူထုကတော့ သိဟန်မတူပါဘူး”**

### နိုင်ငံ့ဝန်ထမ်းအသီးသီးကို လုပ်ငန်းခွင်ပြန်လည် ဝင်ရောက်ကြဖို့ အကြိမ်ကြိမ်အထပ်ထပ် အသိပေးပြောဆို

တစ်ဖက်မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဟာ ပုဒ်မ ၁၄၄ ထုတ်ပြန်ပြီး တည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းပေးနေခဲ့ပါတယ်။ ဒါ့အပြင် ပြည်သူသို့ အသိပေးချက်တွေ၊ ပန်ကြားချက်တွေကို ဆက်တိုက်ထုတ်ပြန်ပေးနေခဲ့ပါတယ်။ အဖျက်အမှောင့်ပြုလုပ်နေတဲ့ မသမာသူအချို့ သွေးထိုးတဲ့ နိုင်ငံ့ဝန်ထမ်းတွေကို လစာမပေးနိုင်တော့တာလိုမျိုး အခြေအမြစ်မရှိအမျိုးမျိုးကို စိုးရိမ်ကြောင့်ကြမှုမရှိစေဖို့ အသိပေးချက်တွေ ထုတ်ပြန်တာ၊ ကောလာဟလသတင်းတွေကို ရှင်းလင်းပေးတာအပြင် ဆရာဝန်၊ အင်ဂျင်နီယာနဲ့ ဆရာ၊ ဆရာမတွေအပါအဝင် နိုင်ငံ့ဝန်ထမ်းအသီးသီးကို လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်ကြဖို့ အကြိမ်ကြိမ်အထပ်ထပ် အသိပေးပြောဆိုခဲ့တာဖြစ်ပါတယ်။

ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းမှာ လွတ်လပ်စွာ ပြောဆိုခွင့်၊ လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်ရှိကြပေမယ့် ထိုလွတ်လပ်မှုဟာ သူတစ်ပါးကို ထိပါးစေတာမျိုး ပြုလုပ်လို့ မရပါဘူး။ မိမိနဲ့ သဘောထား အယူအဆမတူညီတဲ့အခါမှာလည်း ကွဲလွဲခွင့်ပေးရတာရှိပါတယ်။ မတားဆီးသင့်၊ မထိပါးသင့်ဘူးဆိုတာကို ပြည်သူကို အကြိမ်ကြိမ် မေတ္တာရပ်ခံခဲ့ပါတယ်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ ပြည်သူလူထု ဘေးကင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်တားဆီး ဖျက်ဆီးတဲ့ ကျူးလွန်မှုတွေကို ထိထိရောက်ရောက် ဟန့်တားပါတော့မယ်။ ဥပဒေတွေအရ အရေးယူဆောင်ရွက်သွားပါတော့ မယ်ဆိုပြီး ဖေဖော်ဝါရီ ၈ ရက်နေ့ကတည်းက ပြည်သူကို မေတ္တာရပ်ခံထားခဲ့ပြီးဖြစ်တာကိုလည်း မြင်တွေ့ရပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက မည်သို့ပင် အသိပေးတာ၊ ပန်ကြားတာနဲ့ မေတ္တာရပ်ခံတာတွေကို ပြုလုပ်ခဲ့ပေမယ့်လည်း၊ ရှေ့ဆက်ရမယ့် လုပ်ငန်းစဉ်တွေကို ဥပဒေနဲ့အညီ ဆောင်ရွက်ခဲ့ပေမယ့်လည်း အဖျက်အမှောင့်လုပ်ဆောင်သူတွေဟာ ရပ်တန့်မသွားဘဲ ရှေ့ဆက်တိုးဆောင်ရွက်ချက်တွေ ပြုလုပ်ခဲ့တာဟာ နိုင်ငံတော်ကို တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် ရည်ရွယ်ဆောင်ရွက်ခဲ့တာတွေဖြစ်ပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

◆ *ကျောဖုံးမှ*

ကျောက်တံတားမြို့နယ်တွင် ရပ်ကွက်အလိုက် ကြိုတင်မဲများကောက်ခံရာတွင် ကြိုတင်မဲလက်ခံဖြတ်ပိုင်းများ ထည့်သွင်းအပ်နှံရန် ပျက်ကွက်မှုများရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၆၆(ဈ)တွင် “မဲရုံပိတ်ချိန်တွင် မဲရုံမှူးသည် အောက်ပါတို့ကို အထုပ်တစ်ထုပ်စီ ထုပ်ပြီးလျှင် မိမိ၏ ချိပ်တံဆိပ်ကို ရိုက်နှိပ်ရမည်။ အထုပ်ပေါ်တွင် အထုပ်အတွင်းရှိ ပစ္စည်းအမျိုးအမည်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုအမည်နှင့် မဲရုံအမှတ်တို့ကို ရေးသားရမည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲရုံကိုယ်စားလှယ် သို့မဟုတ် အကူကိုယ်စားလှယ်များအားလည်း မိမိတို့၏ချိပ်တံဆိပ်ကို ရိုက်နှိပ်လိုက ရိုက်နှိပ်ခွင့်ပြုပြီး ယင်းအထုပ်များကို အထုပ်ကြီးတစ်ထုပ် ပြုလုပ်ရမည်–

( ၁ ) မသုံးဘဲကျန်နေသော ဆန္ဒမဲလက်မှတ်များ၊ လက်ခံဖြတ်ပိုင်းများနှင့် ပုံစံ(၁၆–၁)၊

( ၂ ) မဲရုံတွင် အသုံးပြုသော မဲစာရင်း၊

( ၃ ) ကြိုတင်ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများ၊

( ၄ ) ပယ်မဲ ပုံစံ(၁၇)များ။” ဟု ပြဋ္ဌာန်းထားသည်။

မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင် လုပ်ငန်းလမ်းညွှန်တွင်လည်း အထက်ပါ နည်းဥပဒေအတိုင်း ဆောင်ရွက်ရန် ညွှန်ကြားထားပြီးဖြစ်ပါသည်။

**ရပ်ကွက်မဲရုံ ၈ ရုံတို့တွင် ထုတ်ပေးထားသော မဲလက်မှတ်အရေအတွက်ထက် အသုံးပြု အရေအတွက်မှာ ပိုမိုနေသည်ကို တွေ့ရှိရပါသည်။ အဆိုပါမဲရုံများတွင် မဲလက်မှတ်အပို သုံးစွဲမှုမှာ အောက်ပါအတိုင်းဖြစ်ပြီး အပိုမဲလက်မှတ်များကို ပိုမိုရိုက်နှိပ်သုံးစွဲကြောင်း တွေ့ရှိရပါသည်–**

**ကျောက်တံတားမြို့နယ် ရပ်ကွက်မဲရုံအလိုက် ဆန္ဒမဲလက်မှတ်အသုံးပြုမှုအပိုစာရင်း**

| စဉ် | အုပ်စုအမည် | မဲရုံအမှတ် | ထုတ်ပေးရွက်ရေ | အသုံးပြု | အပိုရွက်ရေ |
|---|---|---|---|---|---|
| ၁ | အမှတ်(၁)ရပ်ကွက် | ၁ | ၉၀၀ | ၉၃၄ | ၃၄ |
| ၂ | အမှတ်(၂)ရပ်ကွက် | ၁ | ၉၀၀ | ၉၀၂ | ၂ |
| ၃ | အမှတ်(၆)ရပ်ကွက် | ၃ | ၇၀၀ | ၇၀၂ | ၂ |
| ၄ | အမှတ်(၇)ရပ်ကွက် | ၁ | ၁၃၅၀ | ၁၃၅၁ | ၁ |
| ၅ | အမှတ်(၇)ရပ်ကွက် | ၃ | ၉၀၀ | ၉၅၀ | ၅၀ |
| ၆ | အမှတ်(၉)ရပ်ကွက် | ၁ | ၉၅၀ | ၉၅၁ | ၁ |
| ၇ | အမှတ်(၉)ရပ်ကွက် | ၃ | ၁၁၅၀ | ၁၁၅၃ | ၃ |
| ၈ | အမှတ်(၉)ရပ်ကွက် | ၄ | ၁၂၀၀ | ၁၂၀၃ | ၃ |
| စုစုပေါင်း | | | ၈၀၅၀ | ၈၁၄၆ | ၉၆ |

ရပ်ကွက်မဲရုံ ၁၀ ရုံတို့တွင် ပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

**ကျောက်တံတားမြို့နယ် ရပ်ကွက်မဲရုံအလိုက် ဆန္ဒမဲလက်မှတ် ပျောက်ဆုံးစာရင်း**

| စဉ် | အုပ်စုအမည် | မဲရုံအမှတ် | ထုတ်ပေးရွက်ရေ | အသုံးပြု | ပျောက်ဆုံးရွက်ရေ |
|---|---|---|---|---|---|
| ၁ | အမှတ်(၁)ရပ်ကွက် | ၂ | ၅၀၀ | ၄၇၃ | ၂၇ |
| ၂ | အမှတ်(၁)ရပ်ကွက် | ၃ | ၈၀၀ | ၇၉၆ | ၄ |
| ၃ | အမှတ်(၂)ရပ်ကွက် | ၃ | ၉၀၀ | ၈၉၉ | ၁ |
| ၄ | အမှတ်(၃)ရပ်ကွက် | ၁ | ၈၅၀ | ၈၄၉ | ၁ |
| ၅ | အမှတ်(၃)ရပ်ကွက် | ၃ | ၁၁၅၀ | ၁၀၀၀ | ၁၅၀ |
| ၆ | အမှတ်(၅)ရပ်ကွက် | ၁ | ၈၀၀ | ၇၉၉ | ၁ |
| ၇ | အမှတ်(၆)ရပ်ကွက် | ၄ | ၈၀၀ | ၇၉၉ | ၁ |
| ၈ | အမှတ်(၇)ရပ်ကွက် | ၂ | ၁၃၀၀ | ၁၂၅၀ | ၅၀ |
| ၉ | အမှတ်(၈)ရပ်ကွက် | ၁ | ၁၂၀၀ | ၁၁၅၃ | ၄၇ |
| ၁၀ | အမှတ်(၈)ရပ်ကွက် | ၃ | ၁၀၀၀ | ၉၇၆ | ၂၄ |
| စုစုပေါင်း | | | ၉၃၀၀ | ၈၉၉၄ | ၃၀၆ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

❊ *ကျောဖုံးမှ*

အရွယ်ရောက်နေပြီဖြစ်ကာ ကျောခွံ အလျား ၄၇ ဒသမ ၅ စင်တီမီတာ၊ ကျောခွံအနံ ၃၂ ဒသမ ၅ စင်တီမီတာ၊ ရင်ခွံ အလျား ၃၉ ဒသမ ၇ စင်တီမီတာ၊ ရင်ခွံနံ ၂၆ ဒသမ ၅ စင်တီမီတာ၊ အလေးချိန် ၁၇ ဒသမ ၉၆ ကီလိုဂရမ် ၃၉ ဒသမ ၆ ပေါင်၊ ၁၀ ဒသမ ၉၉ ပိဿာ၊ အမြင့် ၂၅စင်တီမီတာရှိပြီး ခန့်မှန်းအသက် ၂၂ နှစ် ရှိမည်ဟု ခန့်မှန်းပြီး ထူးခြားချက်အနေဖြင့် အပျိုကြီးလိပ်မဖြစ်ကြောင်း လောကနန္ဒာဘေးမဲ့တောဥယျာဉ် အုပ်ချုပ်ရေးမှူးက ရှင်းပြသည်။

ကြယ်လိပ်များ၏ ပုံမှန်အနေအထားမှာ ကျောခွံအလျား ၃၀ စင်တီမီတာခန့်သာရှိကြရာ အရွယ်တူကြယ်လိပ်ထီးမရှိခြင်းကြောင့် မိတ်လိုက်သားပေါက်နိုင်ခြင်းမရှိသေးကြောင်း ဘေးမဲ့တောဥယျာဉ် အုပ်ချုပ်ရေးမှူးက ပြောကြားသည်။ ကြယ်လိပ်များသည် ပျမ်းမျှသက်တမ်းနှစ် ၈၀ ကျော်အထိ နေထိုင်နိုင်ကြပြီး ခြံလှောင်မွေးမြူရေးစနစ်တွင် ၅/၆ နှစ်တွင် အရွယ်ရောက်ကြကာ သဘာဝတောတွင် ၁၀/၁၁နှစ်တွင် အရွယ်ရောက်ကြကြောင်း သိရသည်။

ညောင်ဦးမြို့နယ် ပုဂံမြို့ လောကနန္ဒာဘေးမဲ့တောဥယျာဉ်မှ ပေါက်ပွားလာသည့် ကြယ်လိပ်များကို ကြယ်လိပ်များ၏ ဒေသနေထိုင်ရာဖြစ်သည့် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး၊ စကုမြို့နယ် ရွှေစက်တော်ဘေးမဲ့တောဥယျာဉ်နှင့် မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် မင်းစုံတောင်ဘေးမဲ့တောဥယျာဉ်သို့ သဘာဝအတိုင်း ပြန်လွှတ်ပေးလျက်ရှိကြောင်း၊ ကြယ်လိပ်များသည် မြန်မာနိုင်ငံ တစ်နိုင်ငံတည်းသာရှိသည့် ကမ္ဘာ့ရှားပါးမျိုးစိတ်ဖြစ်ကြောင်းလည်း သိရသည်။

**မောင်မောင်ထိန်**

**(ကျောက်ပန်းတောင်း)**



လောကနန္ဒာဘေးမဲ့တောဥယျာဉ်အတွင်းရှိ ကမ္ဘာ့အကြီးဆုံးကြယ်လိပ်ကို တိုင်းတာမှတ်တမ်းတင်စဉ်။



ခရီးစဉ်ဒေသအဖြစ် ဖော်ဆောင်မည့် လွယ်လမ်းကျေးရွာသို့ တာဝန်ရှိသူများ သွားရောက်လေ့လာစဉ်။

# မိုးနဲမြို့နယ်၌ ခရီးသွားကျေးရွာတစ်ရွာ ဖော်ဆောင်နိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**မိုးနဲ မတ် ၄**

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် မိုးနဲမြို့နယ်တွင် ခရီးသွားကျေးရွာတစ်ရွာ ရွေးချယ်အကောင်အထည် ဖော်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့က မြို့နယ်ကမ္ဘောဇခန်းမ၌ ကျင်းပခဲ့သည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွဋ်က တိုင်းဒေသကြီး၊ ပြည်နယ်များထဲတွင် ရှမ်းပြည်နယ်သည် ဧရိယာအားဖြင့် အကျယ်ဆုံးပြည်နယ်တစ်ခုဖြစ်ပြီး မတူကွဲပြားသော တိုင်းရင်းသားလူမျိုးစု ၃၃ စု မှီတင်းနေထိုင်လျက်ရှိပါကြောင်း၊ ရှမ်းပြည်နယ်၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ရန်အတွက် ခရီးသွားအရင်းအမြစ်များကို အသုံးချ၍ ခရီးသွားလုပ်ငန်းနှင့် ကျေးလက်ဒေသလူမှုစီးပွားရေးဘဝ မြှင့်တင်ရန်အတွက်လည်းကောင်း၊ မြို့နယ်အတွင်းရှိ ကျေးရွာတစ်ရွာကို ခရီးသွားကျေးရွာဖော်ဆောင်ရေးအတွက် ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ခွင့်ပြုရန်ပုံငွေများနှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကျေးရွာတစ်ရွာ ရွေးချယ်ပေးစေလိုကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာသူများက ယနေ့တိုင်အထင်အရှားရှိနေသော ရေးဟောင်းအနုပညာလက်ရာရှိသော လွယ်လင်းဘုန်းတော်ကြီးကျောင်းတည်ရှိရာ ကွန်နားကျေးရွာအုပ်စု လွယ်လင်းကျေးရွာကို ခရီးသွားကျေးရွာအဖြစ်ရွေးချယ်ကာ ခရီးသွားကျေးရွာနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ကြပြီး ဆောင်ရွက်မည့်နေရာများကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ကျန်းမာရေးဝန်ထမ်းတွေ CDM လုပ်ကြတဲ့အတွက် တချို့ဆေးရုံတွေမှာ ဆရာဝန်၊ သူနာပြုတွေ မရှိကြဘူး။ ဒါကြောင့် ငွေကြေးမတတ်နိုင်ကြတဲ့ ပြည်သူတွေ ဒုက္ခရောက်ရတယ်

## တွေ့ဆုံမေးမြန်း – လုလင်ငယ်

**CDM (Civil Disobedience Movement) ကို စတင်ပြုလုပ်လာသည်မှာ ယခုဆိုလျှင် လေးပတ်နီးပါး ကြာမြင့်လာပြီဖြစ်သည်။ ထိုကာလအတွင်း အခြေခံလူတန်းစားများ၏ အလုပ်အကိုင်၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေးကဏ္ဍများမှာ ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ခဲ့ကြရသည်။**

CDM ကို မည်သည့်အချိန်အထိလုပ်မည်၊ မည်သည့်အချိန်တွင် ရပ်နားမည်ဆိုပြီး တိတိကျကျ မရှိဘဲ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ဆန့်ကျင်ရေးကိုသာ အဓိကရည်ရွယ်ကာ လုပ်ဆောင်နေသည့်ကြားမှ သာမန်ပြည်သူများကိုသာ အခက်အခဲကြုံတွေ့နေစေကြောင်း တွေ့ရသည့်အတွက် CDM ကြောင့် အခက်အခဲကြုံတွေ့ခံစားနေရသည့် အလွှာအသီးသီးမှ ပြည်သူများအား တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်။

"ကျွန်မက မြို့နယ်ဦးစီးမှူး တာဝန်ထမ်းဆောင်နေတာဆိုတော့ ရုံးမှာက တာဝန်အရှိဆုံးသူလို ဖြစ်နေတယ်။ CDM ကြောင့် အငယ်ပိုင်းဝန်ထမ်းတွေကို အများကြီး ထိန်းသိမ်းစည်းရုံးနေရတယ်။ အချို့ဝန်ထမ်းတွေ ရုံးမလာရဲတာက ရုံးတက်နေကြတဲ့ ဝန်ထမ်းတွေကို တချို့သူတွေက လှောင်သလိုလို အကြည့်တွေနဲ့ကြည့်ကြတာကြောင့် မလာရတာ။ ဒါကြောင့် သူတို့ကို အားပေးဖေးမပြီး ရုံးတက်ကြဖို့ တိုက်တွန်းရတယ်။ ရုံးတက်ရင်လည်း သူတို့တွေ သတိမထားမိအောင် ယူနီဖောင်းမဝတ်ဘဲ သာမန်လူတွေလိုသွားလာပြီး တက်ကြရတယ်။

"ကျွန်မတို့လို မြို့နယ်ရုံးအများစုက လူနေရပ်ကွက်ထဲမှာရှိတော့ ဆန္ဒလာပြတဲ့သူတွေက ရုံးရှေ့မှာလာပြီး "ရုံးမတက်နဲ့ရုန်းထွက်" လို့ အော်ခံရတာတွေ၊ ဖုန်းနဲ့ဓာတ်ပုံလိုက်ရိုက်ပြီး ဆိုရှယ်မီဒီယာပေါ် တင်တာတွေရှိတယ်။ တွေ့ရတာက ဘဏ်ဝန်ထမ်းတွေကို CDM မလုပ်လို့ ဘဏ်ရှေ့လာပြီးဆန္ဒပြကြ၊ အရှက်ခွဲကြ၊ လိုင်းပေါ်တင်ပြီး အရှက်ခွဲကြတာတွေ လုပ်ကြတယ်။ ဒါတွေက မဖြစ်သင့်တာတွေပါ။ တစ်ဦးရဲ့ လွတ်လပ်ခွင့်ကို တစ်ဦးက လေးစားရမှာပေါ့" ဟု ဌာနတစ်ခုမှ မြို့နယ်ဦးစီးမှူးတာဝန်ထမ်းဆောင်နေသူ ဒေါ်စန်းကြည်(အမည်လွှဲ) က ပြောသည်။

CDM မှာပါဝင်ရန် နိုင်ငံ့ဝန်ထမ်းများကို ဖိအားပေးမှု၊ အကျပ်ကိုင်မှု၊ တိုက်တွန်းမှု၊ ခြိမ်းခြောက်မှု၊ စည်းရုံးလှုံ့ဆော်မှုများ ပြုလုပ်နေကြသည်။ မိမိတို့ပြည်သူများ သွားချင်သည့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး လမ်းကြောင်းမှန်ပေါ် ရောက်ရှိအောင် CDM က လုပ်ဆောင်ပေးနိုင်မလား။ မလုပ်ဆောင်ပေးနိုင်ဘူးလား၊ CDM က ဖက်ဒရယ် ဒီမိုကရေစီစနစ်တည်ဆောက်ရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်လုံခြုံရေးကိစ္စရပ်များအတွက် အဖြေမှန်

**"မြို့နယ်ရုံးအများစုက လူနေရပ်ကွက်ထဲမှာရှိတော့ ဆန္ဒလာပြတဲ့သူတွေက ရုံးရှေ့မှာလာပြီး "ရုံးမတက်နဲ့ ရုန်းထွက်"လို့ အော်ခံရတာတွေ၊ ဖုန်းနဲ့ဓာတ်ပုံလိုက်ရိုက်ပြီး ဆိုရှယ်မီဒီယာပေါ်တင်တာတွေရှိတယ်။ တွေ့ရတာက ဘဏ်ဝန်ထမ်းတွေကို CDM မလုပ်လို့ ဘဏ်ရှေ့လာပြီး ဆန္ဒပြကြ၊ အရှက်ခွဲကြ၊ လိုင်းပေါ်တင်ပြီး အရှက်ခွဲကြတာတွေ လုပ်ကြတယ်။ ဒါတွေက မဖြစ်သင့်တာတွေပါ။ တစ်ဦးရဲ့ လွတ်လပ်ခွင့်ကို တစ်ဦးက လေးစားရမှာပေါ့"**

တစ်ခု ဟုတ်၊မဟုတ်သည်တို့ကို စဉ်းစားရန်လိုသည်။

"ကျန်းမာရေးဝန်ထမ်းတွေ CDM လုပ်ကြတဲ့အတွက် တချို့ဆေးရုံတွေမှာ ဆရာဝန်၊ သူနာပြုတွေ မရှိကြဘူး။ ဒါကြောင့် ငွေကြေးမတတ်နိုင်ကြတဲ့ ပြည်သူတွေ ဒုက္ခရောက်ရတယ်။ ကလေးမီးဖွားမယ့်သူတွေ၊ အရေးပေါ်လူနာတွေဆိုရင် အရေးပေါ်အခြေအနေမှာ ဟိုပြေး၊ ဒီပြေးဖြစ်ကြရတယ်။ အပြင်မှာ အထူးကုဆေးခန်းတွေတော့ရှိတာပေါ့။ ဒါကလည်း ငွေကြေးလိုတယ်။ အစိုးရဆေးရုံတွေထက် ဈေးအများကြီး ပိုပေးရတော့ သာမန် ပြည်သူတွေက ဘယ်လိုလုပ်ပြီးတတ်နိုင်မလဲ။ အပြင်ဆေးခန်းတွေမှာ ကလေးမွေးမယ်ဆိုရင် ငွေကျပ် ၈ သိန်းလောက်ကိုပေးရတယ်။ ဒါကြောင့် ငွေကြေးမတတ်နိုင်တဲ့ ပြည်သူတွေက ဘယ်လိုတတ်နိုင်မလဲ။ ကျွန်မရဲ့ ညီမလေးဆို ကလေးမွေးခါနီး ဆေးရုံသွားတာ ဆရာဝန်တွေမရှိဘူး။ ဒါကြောင့် ပရဟိတတွေနဲ့ ချိတ်ဆက်ပြီး တပ်မတော်ဆေးရုံကို သွားခဲ့ရတယ်။" ဟု ကျန်းမာရေးနှင့်ပတ်သက်၍ အခက်အခဲကြုံတွေ့ခဲ့ရသည့် ဒေါ်ဇင် (အမည်လွှဲ) က ပြောသည်။

ဌာနဆိုင်ရာ ဝန်ထမ်းတစ်ဦးဖြစ်သူ ဒေါ်အိခိုင် (အမည်လွှဲ)က "ကျွန်မတို့ဌာနက CDM လှုပ်ရှားမှုမှာပါဝင်တဲ့ ဝန်ထမ်းတွေရဲ့ အမည်စာရင်းကို ရုံးချုပ်က တောင်းတယ်။ တစ်ယောက်ချင်းစီကို ဝန်ခံကတိနဲ့တောင်းတာ။ CDM လုပ်မယ်ဆိုလည်းလုပ်ပေါ့။ မလုပ်ဘူးဆိုလည်း မလုပ်တဲ့အကြောင်း ဝန်ခံကတိမှာ လက်မှတ်လာထိုးဖို့ခေါ်တဲ့အခါ ရုံးမတက်ဘဲနေကြသူတွေက လက်မှတ်လည်း လာမထိုးဘူး၊ ရုံးလည်းလာမတက်ဘူး။ အခု CDM လုပ်တဲ့ ဝန်ထမ်းတွေရဲ့ အလုပ်တွေကို ကျွန်မတို့လို ကျန်တဲ့ ဝန်ထမ်းတွေက လုပ်ပေးရတယ်။ ဒါကလည်း CDM လုပ်တဲ့ဝန်ထမ်းတွေကို အပြစ်မြင်လို့ ပြောတာတော့ မဟုတ်ဘူး။ နှစ်ယောက်လုပ်ရမယ့် အလုပ်ကို တစ်ယောက်တည်းလုပ်ရတော့ အလုပ်ကြန့်ကြာသလို မနိုင်ဝန်ထမ်းနေရသလို ဖြစ်တယ်။

"ကျွန်မသိတဲ့ ရုံးကညီမလေးတစ်ယောက်ဆိုရင် အဖေမရှိတော့ဘူး။ အမေကို ဒီဝန်ထမ်းအလုပ်နဲ့ လုပ်ကိုင်ကျွေးမွေးနေတာ။ ပညာအရည်အချင်းကလည်း ၁၀ တန်းမအောင်တော့ ရုံးအကူနဲ့ ရုံးမှာ လုပ်နေတာပါ။ အခု အွန်လိုင်းပေါ်က စာတွေဖတ်ပြီး CDM လုပ်သွားတယ်။ လူငယ်တွေသဘောသဘာဝ စိတ်လိုက်မာန်ပါ လုပ်လိုက်မှုကြောင့် သူ့ကို မှီခိုနေရတဲ့ မိသားစုက ဦးစွာဒုက္ခရောက်ရတယ်။ အခု အချိန်မှာ အလုပ်တစ်ခုရဖို့က မလွယ်ပါဘူး။ ဝန်ထမ်းဆိုတာက နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေတွေနဲ့အညီ လိုက်နာရမယ့် စည်းမျဉ်း၊ စည်းကမ်းတွေ၊ ညွှန်ကြားချက်တွေရှိတယ်။ ကျွန်မတို့က တိုင်းပြည်ကို အလုပ်အကျွေးပြုနေတဲ့ ဝန်ထမ်းတွေဖြစ်တာကြောင့် နိုင်ငံရေးထဲ ဝင်မပါစေချင်ဘူး။ နိုင်ငံ့ဝန်ထမ်းဆိုတာက ပါတီအဖွဲ့အစည်း၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက်မဟုတ်ဘဲ ဘယ်အစိုးရပဲ တက်တက် ကိုယ့်ဌာနရဲ့ အလုပ်တာဝန်ကိုတော့ ဆက်လုပ်ရမယ့် တာဝန်ရှိတယ်။ အခုလို မထီမဲ့မြင်မလုပ်သင့်ဘူး" ဟု ပြောသည်။

ဒီမိုကရေစီတွင် အများစု၏ဆန္ဒကို လက်ခံရမည်ဖြစ်သော်လည်း အနည်းစု၏ဆန္ဒကိုလည်း ပစ်ပယ်ထား၍မရပါ။ ပြည်သူများ လိုလားတောင့်တသည့် ဒီမိုကရေစီလမ်းကြောင်းမှန်ပေါ်သို့ ပြန်လည်ရောက်ရှိရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက မဲစာရင်းမှားယွင်းသည့်ကိစ္စရပ်များ အပြီးအပြတ်ဖြေရှင်းဆောင်ရွက်ပြီးပါက ရွေးကောက်ပွဲ ပြန်လည်ကျင်းပပေးမည်ဟု ဆိုထားပါသည်။

ယင်းရွေးကောက်ပွဲကျင်းပပြီးချိန်တွင် အနိုင်ရရှိသည့်ပါတီထံ နိုင်ငံတော်၏အာဏာကို ပြန်လည်အပ်နှင်းလွှဲပြောင်းပေးမည်ဟု ကတိပြုထားသောကြောင့် မိမိတို့အနေဖြင့် ယင်းအချိန်အခါကောင်းကို စောင့်ဆိုင်း၍ မိမိနှစ်သက်သဘောကျသည့် ပါတီကို မဲပေးနိုင်ရန် စောင့်ဆိုင်းရပေမည်။ သို့မဟုတ်ပါဘဲ ယခုကဲ့သို့ ဆူပူအကြမ်းဖက်ဆန္ဒပြမှုများ လုပ်ဆောင်နေလျှင် မိမိတို့လိုလားတောင့်တနေသည့် ဒီမိုကရေစီစနစ်လမ်းကြောင်းမှ လွဲချော်သွားနိုင်သဖြင့် ရွှေပြည်တော် မျှော်တိုင်းမဝေးရလေအောင် အချိန်အခါကောင်းကို စောင့်ဆိုင်းသင့်ပါကြောင်း အကြံပြုရေးသားတင်ပြလိုက်ရပါသည်။

## ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအား ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ စစ်ဆေးပေး

နေပြည်တော် မတ် ၄

ပြည်ပမှ ပြန်လည်ဝင်ရောက်လာသည့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ လိုအပ်သည့်စစ်ဆေးမှုများ ပြုလုပ်ရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသဖြင့် မော်လမြိုင်မြို့ရှိ တက္ကသိုလ် ၁၀မြို့နယ်အဆောင်၌ အသွားအလာကန့်သတ် ထားရှိခဲ့သည်။



ထိုသို့ အသွားအလာကန့်သတ်ထားရှိသည့် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူ ၁၅၆ ဦးကို ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံ တပ်မတော်ဆေးရုံမှ ဆရာဝန်များ၊ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများက မြို့နယ်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ်ရယူခြင်း၊ RDT နည်းဖြင့် စစ်ဆေးခြင်းများကို ဆက်လက် ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ စတင်ထိုးနှံပေးလျက်ရှိ

ရမည်းသင်း မတ် ၄

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းမှစ၍ ရမည်းသင်းခရိုင်နှင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများအား ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်မြင့်မော်နှင့် ဝန်ထမ်းများက ရမည်းသင်းခရိုင်အဆင့် ၃၆ ဌာန၊ မြို့နယ်အဆင့် ၃၇ ဌာနရှိ ဌာနဆိုင်ရာဝန်ထမ်းစုစုပေါင်း ၁၇၂၇ ဦးအား ထိုးနှံပေးမည်ဖြစ်ရာ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ လူစုလူဝေးမဖြစ်စေရန် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ချိတ်ဆက်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဆက်လက်ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# တိုင်းပြည်တစ်ခွင် တည်ငြိမ်အေးချမ်းဖို့ အားလုံးပါဝင်တည်ဆောက်စို့

မိုးမခ

တည်ငြိမ်အေးချမ်းမှုဆိုသည်မှာ ပြည်သူများ၏ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ရရှိခြင်းပင်ဖြစ်သည်။ တရားဥပဒေစိုးမိုးခြင်းဆိုသည်မှာ ဥပဒေများကို လက်တွေ့အကောင်အထည်ဖော်ပေးခြင်းပင်ဖြစ်သည်။ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် လူမှုအသိုင်းအဝိုင်းများအကြားတွင် လူမှုသဟဇာတဖြစ်ရေးသည် အလွန်အရေးကြီးပါသည်။ လူ့အဖွဲ့အစည်းအတွင်း အချင်းချင်း ယုံကြည်မှု၊ အပြန်အလှန်နားလည်မှု၊ စိတ်ရှည်သည်းခံမှုများဖြင့် လူမှုသဟဇာတဖြစ်ရေးကို အကောင်အထည်ဖော်ရမည် ဖြစ်ပေသည်။ လူမှုအသိုင်းအဝိုင်းများတွင်ရှိသည့် အကျပ်အတည်းများ၊ ကန့်သတ်ချုပ်ချယ်မှုများ၊ ခွဲခြားဆက်ဆံမှုများနှင့် တရားမျှတမှုမရှိခြင်းများသည် ပဋိပက္ခများကို ဖြစ်ပေါ်လာစေသည့်အပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ကြီးစွာသော အနှောင့်အယှက် ဖြစ်စေပါသည်။

မြန်မာနိုင်ငံသည် နယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့သည့် အချိန်မှစ၍ ယနေ့ကာလအထိ မတည်ငြိမ်မှုအမျိုးမျိုးနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည့် လမ်းကြောင်းပေါ် ရောက်လာသည်နှင့် အဖျက်အမှောင့်အမျိုးမျိုးကို ကြုံရဆုံရသည်။ ထို့ကြောင့် တိုင်းပြည်သည် ဒေသတွင်းရှိ အခြားသောတိုင်းပြည်များနှင့် နှိုင်းယှဉ်လျှင် အကြိမ်ကြိမ် နောက်ကျကျန်ခဲ့ပြီး ဘက်စုံကဏ္ဍစုံ၌ ဖွံ့ဖြိုးမှုနှေးကွေးခဲ့ရသည်မှာ အားလုံးအသိပင်ဖြစ်သည်။ အနီးစပ်ဆုံး ဥပမာပြရလျှင် ၁၉၈၈ အရေးအခင်းဖြစ်ပေါ်လာခဲ့ခြင်းကို ညွှန်းဆိုရမည်ဖြစ်သည်။ အမျိုးမျိုးသော ပဋိပက္ခများနှင့် အကျပ်အတည်းများကို ရင်ဆိုင်ကျော်ဖြတ်လာခဲ့ရပြီးနောက် မြန်မာနိုင်ငံသည် အသစ်တစ်ဖန်သော အပြောင်းအလဲဖြစ်ပေါ်ရန် နှစ်ပေါင်း ၂၀ ကျော် ကြိုးပမ်းဆောင်ရွက်ခဲ့ရသည်။ ၈၈ အရေးအခင်းကြောင့် လူပေါင်းများစွာ သေကျေရသည်။ ဘဝပေါင်းများစွာ အညွှန့်တုံးခဲ့သည်။ ထိုကာလကို သိခဲ့မီခဲ့သူများအဖို့ ပြန်ပြောင်းတွေးချင်စရာမရှိသည့် ကာလတစ်ခု ဖြစ်ခဲ့သည်။ မတည်ငြိမ်မှု ဆူပူအုံကြွမှုများနှင့်အတူ ကျီးလန့်စာစားနေရသည့် ပြည်သူများ၏ဘဝသည် အိပ်မက်ဆိုးတစ်ခုပမာပင်။

## အချိန်များစွာယူရ

အဖြစ်အပျက်တစ်ခုသည် ဖြစ်ပွားရန်နှင့် ပျက်စီးဆုံးရှုံးရန် လွယ်ကူသလောက် ပြန်လည်တည်ဆောက်ရန် အချိန်များစွာ ယူရသည်။ တိုင်းပြည် တစ်ပြည် ပြာကျရန် သေးငယ်သည့် ပဋိပက္ခတည်းဟူသော မီးစလေးသာလိုအပ်သော်လည်း ပြန်လည်တည်ဆောက်ရန်မှုကား များစွာသောအရင်းအနှီးများ လိုအပ်ပေသည်။ အချိန်၊ ငွေ၊ အရင်းအမြစ်များစွာ အသုံးပြု၍ တိုင်းပြည်၏ အခြေခံအကျဆုံး အုတ်မြစ်များကို ပြန်လည်တည်ဆောက်နိုင်သည် ဆိုစေဦးတော့ ပြည်သူများ၏ စိတ်နှလုံးတွင် စွဲထင်နေသည့် အနာတရများနှင့် ဒဏ်ရာများသည် ဖြေဖျောက်ရန် ခက်ခဲနေဦးမည်သာဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ အတိတ်သည် ဖြစ်ခဲ့ပျက်ခဲ့ပြီးလေပြီ။ အသက်သွေး၊ ချွေးတို့ဖြင့် စတေး၍ ရယူခဲ့ရသော သင်ခန်းစာများသည် ခါးသီးလွန်းလှသည်။

နှစ်ပေါင်း ၃၀ ကျော် ကြာမြင့်ခဲ့ပြီးနောက် ယခု ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင်လည်း အလားတူ ပဋိပက္ခများ ကြုံတွေ့လာခဲ့ရသည်။ မတူညီသော အမြင်ရှုထောင့်များဖြင့် တိုင်းပြည်၏ တည်ငြိမ်အေးချမ်းမှုကို နှောင့်ယှက်မှုများ ကြုံလာခဲ့ရသည်။ နိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုဟူသော အနေအထားကို ပျက်စီးယိမ်းယိုင်စေသော အခြေအနေများ ဖြစ်ပေါ်လာစေရန် သွေးထိုးမှုများ၊ သွေးဆောင်မှုများ ဖြစ်ပေါ်လာခဲ့သည်။ နိုင်ငံကို ပျက်စီးဆုတ်ယုတ်စေမည့် လမ်းစဆီသို့ တွန်းပို့မှုများ မြင်တွေ့လာရသည်။ ပြည်သူများကို အမျိုးမျိုးသော ဝါဒမှိုင်းများဖြင့် လမ်းမပေါ်သို့ရောက်အောင် ဆွဲခေါ်လာကြသည်။ ထိုသို့သော အခြေအနေတွင် ပြည်သူများ၏ နိုင်ငံရေးအသိ ရေချိန်မြင့်မားမှုသည် လွန်စွာအရေးကြီးပါသည်။ မြန်မာနိုင်ငံ၏ လွန်ခဲ့သောနှစ်ပေါင်း ၃၀ ကအတွေ့အကြုံကို နမူနာပြု သင်ခန်းစာယူကာ ထိုသို့သောအဖြစ်အပျက်များ ထပ်မံဖြစ်ပွားခြင်းမရှိစေရန် သမိုင်းရဟတ် တစ်ပတ်မလည်စေရန် ဆောင်ရွက်ရမည်ဖြစ်သည်။

"နှစ်ပေါင်း ၃၀ ကျော် ကြာမြင့်ခဲ့ပြီးနောက် ယခု ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင်လည်း အလားတူ ပဋိပက္ခများ ကြုံတွေ့လာခဲ့ရသည်။ မတူညီသော အမြင်ရှုထောင့်များဖြင့် တိုင်းပြည်၏ တည်ငြိမ်အေးချမ်းမှုကို နှောင့်ယှက်မှုများ ကြုံလာခဲ့ရသည်။ နိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုဟူသော အနေအထားကို ပျက်စီးယိမ်းယိုင်စေသော အခြေအနေများ ဖြစ်ပေါ်လာစေရန် သွေးထိုးမှုများ၊ သွေးဆောင်မှုများ ဖြစ်ပေါ်လာခဲ့သည်"

နိုင်ငံတစ်နိုင်ငံ၏ ဖြတ်သန်းမှုကို လေ့လာကြည့်လျှင် တော်လှန်ရေးသည် အလုံးစုံသော အောင်မြင်မှု၏ ပင်စည်မဟုတ်ပါ။ အခက်အလက်တစ်ခုသာပင်ဖြစ်သည်။ တော်လှန်ရေးကို လိုအပ်သော အချိန်ကာလရှိသလို ပြုပြင်ပြောင်းလဲမှုဆောင်ရွက်ရမည့် အချိန်ကာလလည်း ရှိပေသည်။ တိုင်းပြည် တစ်ပြည်၊ နိုင်ငံတစ်နိုင်ငံကို တော်လှန်ရေးဖြင့် အလုံးစုံပြုပြင်ပြောင်းလဲ၍ မရနိုင်ပေ။ နိုင်ငံတကာတွင် နိုင်ငံရေးအတွေးအခေါ်များ ပြောင်းလဲနေသလို ဆောင်ရွက်ချက်များလည်း ပြောင်းလဲနေသည်ကို သတိပြုရပေမည်။ ထို့အပြင် မိမိနိုင်ငံ၏ လက်ရှိရောက်နေသော အခြေအနေနှင့် အချိန်ကာလကိုလည်း တွက်ဆရမည်သာဖြစ်သည်။

## ဆယ်စုနှစ်တစ်စုစာ ဖြတ်သန်းလာခဲ့

ယခုကာလတွင် မြန်မာနိုင်ငံသည် အခက်အခဲများကြားမှ ရုန်းကန်လွန်မြောက်၍ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စည်းကမ်းပြည့်ဝသောဒီမိုကရေစီ နိုင်ငံတော်ကို တည်ဆောက်နေချိန်ဖြစ်ပါသည်။ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ဆယ်စုနှစ်တစ်စုစာ ဖြတ်သန်းလာခဲ့ပြီးချိန်လည်း ဖြစ်ပါသည်။ ယနေ့ဖြစ်ပေါ်နေသော အကျပ်အတည်းများ၊ အဖြစ်အပျက်များသည်လည်း ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဥပဒေလမ်းကြောင်းမှန်ပေါ်တွင် ရပ်တည်ရင်ဆိုင်ဖြေရှင်းသွားရမည့် အရာများသာ ဖြစ်ပါသည်။ ပဋိပက္ခများသည် ပြဿနာများအတွက် မှန်ကန်သည့်အဖြေကို ရရှိစေမည်မဟုတ်ပါ။ စိတ်ရှည်သည်းခံခြင်း၊ နှိုင်းချင့်တွေးဆခြင်းနှင့် မျှတရှုမြင်ခြင်းတည်းဟူသော ပညာဉာဏ်ဖြင့်သာ လိုအပ်သည့်အဖြေကို ရှာဖွေနိုင်မည်ဖြစ်ပါသည်။

"နိုင်ငံကို ပျက်စီးဆုတ်ယုတ်စေမည့် လမ်းစဆီသို့ တွန်းပို့မှုများ မြင်တွေ့လာရသည်။ ပြည်သူများကို အမျိုးမျိုးသော ဝါဒမှိုင်းများဖြင့် လမ်းမပေါ်သို့ ရောက်အောင် ဆွဲခေါ်လာကြသည်။ ထိုသို့သော အခြေအနေတွင် ပြည်သူများ၏ နိုင်ငံရေးအသိ ရေချိန်မြင့်မားမှုသည် လွန်စွာအရေးကြီးပါသည်။ မြန်မာနိုင်ငံ၏ လွန်ခဲ့သော နှစ်ပေါင်း ၃၀ က အတွေ့အကြုံကို နမူနာပြု သင်ခန်းစာယူကာ ထိုသို့သောအဖြစ်အပျက်များ ထပ်မံဖြစ်ပွားခြင်းမရှိစေရန် သမိုင်းရဟတ် တစ်ပတ်မလည်စေရန် ဆောင်ရွက်ရမည်ဖြစ်"

## ထုတ်ပြန်ကြေညာပြီးဖြစ်

မြန်မာနိုင်ငံသည် ခက်ခဲကြမ်းတမ်းသည့် ဒီမိုကရေစီခရီးလမ်းကို လျှောက်လှမ်းလာနိုင်ခဲ့သည်မှာ နိုင်ငံကို ဦးစီးဦးဆောင်ပြုသည့် ခေါင်းဆောင်များ၏ ရှေ့ဆောင်လမ်းပြမှုသာမက နိုင်ငံသူ နိုင်ငံသား ပြည်သူလူထု၏ နောက်လိုက်ကောင်းပီသစွာ ညီတူညာတူ ဆောင်ရွက်မှုလည်း အပါအဝင်ဖြစ်သည်။ နိုင်ငံတကာက စံထားရလောက်အောင်ပင် ကောင်းမွန်သည့် အကူးအပြောင်းကာလကို ဖြတ်သန်းနိုင်ခဲ့ပြီး ဒီမိုကရေစီနိုင်ငံတစ်ခုအဖြစ် ရပ်တည်နေသည့် အချိန်အခါကောင်း ဖြစ်ပါသည်။ ဒီမိုကရေစီ၏ စံနှုန်းများအတိုင်း မိမိတို့နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများအတိုင်း နိုင်ငံကို အရှိန်အဟုန်ဖြင့် ဆက်လက်ချီတက်ရမည့်ကာလလည်း ဖြစ်ပါသည်။

လတ်တလော အပြောင်းအလဲဖြစ်ပေါ်နေသည့် အခြေအနေတွင်လည်း နိုင်ငံ၏ အရေးပေါ်ကာလ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် ဦးတည်ချက် (၉) ရပ်ချမှတ်ကာ ဆောင်ရွက်သွားမည်ဖြစ်သလို နိုင်ငံ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်တွင်လည်း အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ထုတ်ပြန်ကြေညာပြီးဖြစ်သည်။ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပပြီး အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် အခြားသော သွေးထိုးမှုများ၊ သတင်းအချက်အလက်မှားများကို နားယောင်ခြင်းမရှိဘဲ မိမိတို့လျှောက်လှမ်းနေသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်မှ သွေဖည်သွားစေမည့် အပြုအမူများကို သတိကြီးစွာရှောင်ရှားရမည်ဖြစ်သည်။

## အရေးအကြီးဆုံးအချက်

ခေတ်တိုင်း၊ စနစ်တိုင်းတွင် ပြည်သူများအနေဖြင့် လိုလားတောင့်တသည့် အရေးအကြီးဆုံးအချက်မှာ တည်ငြိမ်အေးချမ်းရေးပင်ဖြစ်သည်။ တည်ငြိမ်အေးချမ်းမှုသာ ရပ်ရွာတစ်ခွင် သာယာချမ်းမြေ့ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝများ အဆင်ပြေပေလိမ့်မည်။ မည်သည့် ခံယူချက်၊ ယုံကြည်ချက်များ ရှိသည်ဖြစ်စေ နိုင်ငံ၏ တိုးတက်မှု၊ ဆုတ်ယုတ်မှု စသည့် ကောင်းမွေဆိုးမွေအားလုံးကို နိုင်ငံတော်မှီတင်းနေထိုင်သော နိုင်ငံသူ နိုင်ငံသားအားလုံး ရင်ဆိုင်ခံရမည်သာဖြစ်သည်။ ထို့ကြောင့် တိုင်းပြည်၏ ပကတိအနေအထားကို ကောင်းစွာ သဘောပေါက်ပြီး မှန်ကန်ကောင်းမွန်သော သဘောထားအမြင်များဖြင့် လုပ်ကိုင်ဆောင်ရွက်မှသာ မိမိတို့ လိုလားတောင့်တသည့် တည်ငြိမ်အေးချမ်းသော ဒီမိုကရေစီနိုင်ငံတော်ကို အခြေမယိုင်စေဘဲ ပိုမိုခိုင်မာအောင် တည်ဆောက်နိုင်မည် ဖြစ်ပါတော့သည်။ ။

# ရှမ်းပြည်နယ် COVID-19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**တောင်ကြီး မတ် ၄**

ရှမ်းပြည်နယ် Coronavirus Disease (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့ ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ဓာတ်ပုံ)**

**မတ်လအတွင်း ကာကွယ်ဆေးထိုးနှံရေး**

ရှမ်းပြည်နယ် Coronavirus Disease (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းက ရှမ်းပြည်နယ် Coronavirus Disease (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီကို ဖေဖော်ဝါရီ ၁၅ ရက်က ထပ်မံဖွဲ့စည်းခဲ့ကြောင်း၊ ရှမ်းပြည်နယ်တွင် COVID–19 ရောဂါနှင့် ပတ်သက်၍ ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ကာကွယ်ဆေးလိုအပ်ချက်အနေဖြင့် ရှမ်းပြည်နယ် တောင်ပိုင်းအတွက် ရှစ်သောင်း၊ ရှမ်းပြည်နယ် မြောက်ပိုင်း ရှစ်သောင်းနှင့် ရှမ်းပြည်နယ် အရှေ့ပိုင်းအတွက် လေးသောင်း စုစုပေါင်း လူဦးရေနှစ်သိန်း ဆေးထိုးနိုင်ရန် တင်ပြထားပါကြောင်း၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများသည် CDM တွင် ပါဝင်နေသောကြောင့် တပ်မတော်စစ်ဆေးရုံနှင့် ပူးပေါင်းဆောင်ရွက်ရန် ညွှန်ကြားချက်များ ရှိပြီးဖြစ်ကြောင်း၊ မတ်လအတွင်း ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရန်၊ ရှမ်းပြည်နယ်အတွက် ရောဂါပြန့်ပွားမှု ထိန်းချုပ်နိုင်ရန် ကိုယ်စွမ်းရှိသလောက် ဉာဏ်စွမ်းရှိသလောက် အားလုံးဝိုင်းဝန်းကြိုးစားပေးကြရန် မှာကြားလိုကြောင်း၊ COVID–19 ရောဂါ မပြန့်ပွားရေး ထိန်းချုပ်နိုင်ရန်အတွက် ရေရှည်မှာ စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပူးပေါင်းပါဝင်ပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

**လုပ်ငန်းဆောင်ရွက်ချက် ရှင်းလင်းဆွေးနွေး**

ဆက်လက်၍ ရှမ်းပြည်နယ် Coronavirus Disease (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အတွင်းရေးမှူး ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်(၁) ဗိုလ်မှူးကြီးလှဦးနှင့် တွဲဖက်အတွင်းရေးမှူး ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဦးနေလင်းတို့က လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာကြသည့် ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးမှူးများက အထွေထွေ ဆွေးနွေးကြပြီး ရှမ်းပြည်နယ် Coronavirus Disease (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း**
**(တောင်ကြီး)**

# တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများအလိုက် လက်ရှိဆောင်ရွက်ဆဲ၊ ဆောင်ရွက်ပြီး၊ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့်စပ်လျဉ်းပြီး လုပ်ငန်းညှိနှိုင်းစည်းဝေး



**မုံရွာ မတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်းသည် ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးခန်းမတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများအလိုက် လက်ရှိဆောင်ရွက်ဆဲ၊ ဆောင်ရွက်ပြီး၊ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့်စပ်လျဉ်းပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တက်ရောက်လာကြသော တိုင်းဒေသကြီးအဆင့် စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ (ရေအရင်းအမြစ်)၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး–၄၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနတို့တွင် လက်ရှိဆောင်ရွက်ဆဲ ဆောင်ရွက်ပြီး ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် စပ်လျဉ်းပြီး အသေးစိတ် ရှင်းလင်းတင်ပြကြရန်နှင့် လိုအပ်သော အခက်အခဲများကို အားလုံးပူးပေါင်းဖြည့်ဆည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် လုပ်ငန်းကဏ္ဍများအလိုက် အထူးအလေးထားကာ စနစ်တကျ အရှိန်အဟုန်မြှင့် လုပ်ဆောင်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက မိမိတို့လုပ်ငန်းကဏ္ဍများအလိုက် လက်ရှိဆောင်ရွက်ဆဲ၊ ဆောင်ရွက်ပြီး၊ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့်စပ်လျဉ်းပြီး ရှင်းလင်းတင်ပြဆွေးနွေးမှုများအပေါ် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လိုအပ်ချက်များအား ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရမည်းသင်းမြို့နယ်ရှိ အပူပိုင်းဒေသသစ်သီးဝလံသုတေသနဗဟိုဌာန (မယ်အောင်ကန်)၌ သုတေသနလုပ်ငန်းများ အရှိန်အဟုန်မပျက်ဆောင်ရွက်

**နေပြည်တော် မတ် ၄**

စိုက်ပျိုးရေးသုတေသနဦးစီးဌာနအောက်ရှိ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်၌ တည်ရှိသော အပူပိုင်းဒေသ သစ်သီးဝလံ သုတေသနဗဟိုဌာန(မယ်အောင်ကန်)သည် အပူပိုင်းဒေသ သစ်သီးဝလံများဖြစ်သည့် သရက်၊ စပျစ်၊ ရှောက်၊ သံပရာ၊ ဆီးသီး စသည့် သီးနှံ သုတေသနလုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ သုတေသနခြံတွင် သစ်သီးဝလံများကို ဒေသနှင့် ကိုက်ညီသော အထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်သည့် မျိုးသစ်များ ရှာဖွေဖော်ထုတ်ရန်၊ သီးနှံအလိုက် အကျိုးအမြတ် အများဆုံးရရှိနိုင်သည့် စိုက်ပျိုးနည်းစနစ်များ၊ သီးနှံပုံစံများ ဖော်ထုတ်ရန်၊ ဒေသအတွင်းရှိ သစ်သီးဝလံများဆိုင်ရာ ပြဿနာများ သုတေသနပြု ဆောင်ရွက်ရန်၊ တောင်သူများအတွက် အရည်အသွေးကောင်း မျိုးစေ့များ ထုတ်လုပ် ဖြန့်ဖြူးပေးရန်နှင့် သုတေသနပြုရရှိလာသည့် သီးနှံမျိုးသစ်များနှင့် နည်းပညာများအား လက်တွေ့ပညာပေး ဆောင်ရွက်ရန် ရည်ရွယ်ချက်များဖြင့် သုတေသန လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ သုတေသနဗဟိုဌာနသည် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၇ ရက်တွင် (မယ်အောင်ကန်) သုတေသနနှင့် မျိုးပွားခြံမှ အပူပိုင်းဒေသ သစ်သီးဝလံ သုတေသနဗဟိုဌာန (မယ်အောင်ကန်)အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပြီး အပူပိုင်းဒေသ သစ်သီးဝလံများဖြစ်သည့် သရက်၊ စပျစ်၊ ရှောက်၊ သံပရာ၊ ဆီးသီး စသည့် သစ်သီးပင်များ၏ အရည်အသွေးနှင့် အထွက်နှုန်း တိုးတက်ကောင်းမွန်စေမည့် စိုက်နည်းစနစ်များကို သုတေသနပြု ဖော်ဆောင်ခြင်း၊ ချိန်ခါမဲ့ ပွင့်သီးနိုင်မှု သုတေသနများ ဆောင်ရွက်ခြင်း၊ စားသုံးသူ အန္တရာယ်ကင်းစေပြီး ထုတ်လုပ်သူနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ဆိုးကျိုးအနည်းဆုံးဖြစ်စေမည့် စိုက်နည်းစနစ်၊ အပင်ပုံသွင်းနည်းစနစ်များ၊ အပင်ကိုင်းဖြတ်နည်းစနစ်များကို သုတေသနပြု ဆောင်ရွက်လျက်ရှိသည်။

၂၀၂၁ ခုနှစ် မိုးရာသီတွင် နဂါးမောက်နှင့် လောင်ဂန် သစ်သီးပင်များကို တိုးချဲ့ဆောင်ရွက်ရန် လျာထား ဆောင်ရွက်လျက်ရှိသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ နိုင်ကြည်ဝင်းသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် အဆိုပါခြံသို့ သွားရောက်၍ သုတေသန ဝန်ထမ်းများနှင့် တွေ့ဆုံအားပေးစကား ပြောကြားခဲ့သည်။

ထို့နောက် ယင်းသုတေသနဗဟိုဌာနတွင် သုတေသနပြုဆောင်ရွက်လျက်ရှိသော စီးပွားဖြစ် စိုက်ပျိုးလျက်ရှိသော စပျစ်သီးနှံမျိုး သုံးမျိုးဖြစ်သည့် Red–globe၊ Italy နှင့် ချွန်းသီး အစရှိသည့် မျိုးများ၏ အပင်ဖြစ်ထွန်းမှု၊ သီးထွက်၊ အရည်အသွေးနှင့် ဈေးကွက်အခြေအနေအား လေ့လာခြင်း သုတေသနကိုလည်းကောင်း၊ ယင်းမျိုးများ၏ အရွက်၊ အညွှန့်နှင့် အသီးခြွေခြင်းဖြင့် အထွက်နှုန်းနှင့် အရည်အသွေးအပေါ်အကျိုးသက်ရောက်မှုအား လေ့လာခြင်းနှင့် စိုက်နည်းစနစ်နှင့် Training စနစ်အလိုက် အထွက်နှုန်းနှင့် အရည်အသွေးကို လေ့လာခြင်းသုတေသန စမ်းသပ်ကွက်များအား ခြံတာဝန်ခံ ဒေါက်တာဝင်းနိုင်နှင့် စမ်းသပ်ကွက်တာဝန်ခံများက ရှင်းလင်းပြသခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆူပူအကြမ်းဖက် ဆန္ဒပြသူများကို တွေ့ရစဉ်။



မြစ်ကြီးနားမြို့နယ်တွင် လုံခြုံရေးရဲတပ်ဖွဲ့ပိုင်ယာဉ်အား ဖျက်ဆီးခဲ့သူ နှစ်ဦးနှင့် သက်သေခံပစ္စည်းများ၊ ပျက်စီးသွားသည့် ရဲတပ်ဖွဲ့ပိုင်ယာဉ်တို့ကို တွေ့ရစဉ်။

# အကြမ်းဖက်လုပ်ရပ်များ ဖြစ်ပေါ်စေရန် ဆောင်ရွက်နေမှုများအပေါ် မိဘပြည်သူလူထုအနေဖြင့် ထိန်းသိမ်းဆောင်ရွက်ကြရန် အသိပေးထုတ်ပြန်ထား

**နေပြည်တော် မတ် ၄**

နိုင်ငံတော်ဆန့်ကျင်ရေး အစုအဖွဲ့များအနေဖြင့် လူငယ်ထုများအား ရှေ့တန်းတင်ကာ ပိုစတာများ၊ ဆိုင်းဘုတ်များ၊ ဆန္ဒပြသူအဖွဲ့များအတွက် ပစ္စည်းမျိုးစုံတီထွင်ကာ နောက်ကွယ်မှ ထောက်ပံ့သော ငွေကြေးအမြောက်အမြားကို အကုန်အကျခံပြီး နိုင်ငံရေးသမားအများစုက လှုံ့ဆော်မှုပုံစံအမျိုးမျိုးဖြင့် ဆောင်ရွက်နေကြသည်ကို တွေ့မြင်ရကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

## ဆူပူဆန္ဒပြသူလူအုပ်စုများ

ယင်းသတင်းထုတ်ပြန်ချက်အရ ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ဆူပူဆန္ဒပြသူလူအုပ်စုများအနေဖြင့် လမ်းကြောင်းများကို နည်းမျိုးစုံဖြင့် ပိတ်ဆို့ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဖမ်းဆီး၍ လူမဆန်စွာ ရိုက်နှက်ညှဉ်းပန်းခြင်း၊ သံဃာတော်များအား သာသနာညှိုးနွမ်းစေပြီး အကြမ်းဖက်ဆန်စွာ ဆောင်ရွက်ခြင်း၊ ဘဏ်ကို ဖျက်ဆီး၍ ATM ငွေထုတ်စက်ကို ချိုးဖျက်ကာ ငွေများလုယူခြင်း၊ နိုင်ငံတော်ပိုင်အဆောက်အဦနှင့် ယာဉ်များကို ဖျက်ဆီးခြင်း၊ လုံခြုံရေးတပ်ဖွဲ့သုံးယာဉ်များကို ဖျက်ဆီးခြင်း စသည့်အကြမ်းဖက်လုပ်ငန်းများကို ဆောင်ရွက်နေကြသည်ကို တွေ့ရှိရကာ လုံခြုံရေးတပ်ဖွဲ့အနေဖြင့် လူစုလူဝေးပြိုကွဲရေးအတွက် အဓိကရုဏ်းဖြိုခွဲရေး လက်နက်များကို အသုံးပြုဆောင်ရွက်ရလျက်ရှိကြောင်း။

## ဖြိုခွဲထိန်းသိမ်းခဲ့ရ

မတ် ၄ ရက်တွင် ဆူပူအကြမ်းဖက် ဆောင်ရွက်ခဲ့သည့်ဖြစ်စဉ်များအနေဖြင့် နေပြည်တော် ပျဉ်းမနား၊ တပ်ကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး အလုံ၊ စမ်းချောင်း၊ ကျောက်တံတားမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်၊ မြင်းခြံမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်နှင့် ထားဝယ်မြို့နယ်၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်တို့တွင် လူစုလူဝေးများဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖြိုခွဲထိန်းသိမ်းခဲ့ရကြောင်း။

ဖြစ်စဉ်များတွင် နောက်ကွယ်မှ သွေးခွဲမြှောက်ပင့်စည်းရုံးလှုံ့ဆော် ဆောင်ရွက်နေမှုများကြောင့် လူငယ်ထုအနေဖြင့် စိတ်ခံစားမှုများကို ရှေ့တန်းတင်ကာ အကြမ်းဖက်ပုံစံကဲ့သို့ တိုးမြှင့်လုပ်ဆောင်လာနေသည်ကို တွေ့မြင်နေရကြောင်း။

နိုင်ငံရေးသမားအများစုအနေဖြင့် အန္တရာယ်ကင်းလွတ်သည့် နေရာများတွင် ပုန်းခိုကာ လူငယ်ထုကို လမ်းပေါ်ထွက်စေပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ထိပ်တိုက်တွေ့ဆုံစေကာ အကြမ်းဖက်လုပ်ရပ်များ ဖြစ်ပေါ်စေရန် ဆောင်ရွက်နေမှုများအပေါ် မိဘပြည်သူလူထုများအနေဖြင့် ထိန်းသိမ်းဆောင်ရွက်ကြရန် အသိပေးထားကြောင်း သိရသည်။ **သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီးအတွင်း လမ်းများပိတ်ဆို့၍ ဆူပူအကြမ်းဖက်ဆန္ဒပြသူများကို တွေ့ရစဉ်။



ဆီဆိုင်မြို့နယ်တွင် သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် မော်တော်ယာဉ်အား တွေ့ရစဉ်။

# တာချီလိတ်နှင့် ဆီဆိုင်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၄**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၃ ရက် မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် တာချီလိတ်မြို့နယ် လွယ်တော်ခမ်း ကျေးရွာအုပ်စု စန်းလုကျေးရွာအနီး တာချီလိတ်–မိုင်းဆတ်သွား ကားလမ်းတွင် အားအီး မောင်းနှင်လာသည့် ဆိုင်ကယ်နှင့် အားဟီ မောင်းနှင်လာသည့် ဆိုင်ကယ်တို့အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကို သိမ်းဆည်းရမိသည်။

ယင်းနေ့ ၅ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဆီဆိုင်မြို့နယ် လွယ်ပွတ်ကျေးရွာအုပ်စု ကျောင်းခုံကျေးရွာအနီး ဆီဆိုင်–မောက်မယ်သွားလမ်း၌ စစ်ဆေးရေးဆောင်ရွက်နေစဉ် MARK–II အမျိုးအစား မော်တော်ယာဉ် တစ်စီးသည် ကိုက် ၁၅၀ ခန့်အကွာမှ နောက်ပြန်လှည့်၍ မောင်းနှင်ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးရာ လွယ်ပွတ်ကျေးရွာအနီး အရောက်တွင် အဆိုပါ မော်တော်ယာဉ်ပေါ်မှ အမျိုးသားနှစ်ဦး(စိစစ်ဆဲ)သည် မော်တော်ယာဉ်ကို ရပ်တန့်၍ လမ်းဘေး တောအုပ်အတွင်းသို့ ထွက်ပြေးသွားသောကြောင့် ပူးပေါင်းအဖွဲ့က မော်တော်ယာဉ်အား စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ယင်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

# ကမ္ဘောဒီးယားဝန်ကြီးချုပ် ပထမအကြိမ် ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးနှံမှု ခံယူ

ဖနောင်ပင် မတ် ၄

**ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်နှင့် ဝန်ကြီးချုပ်ကတော် ဘန်ရာနီတို့သည် မတ် ၄ ရက်က ကယ်လ်မက်တီဆေးရုံတွင် အက်စ်ထရာဇနီကာ ကိုဗစ်- ၁၉ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံမှု ခံယူခဲ့ကြောင်း နိုင်ငံတကာ သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။**

ကာကွယ်ဆေးထိုးနှံမှုခံယူပြီးနောက် သတင်းစာရှင်းလင်းပွဲတွင် အသက် ၆၈ နှစ်ရှိ ဟွန်ဆန်က ကမ္ဘောဒီးယားနိုင်ငံတွင် ယခုအချိန်အထိ ကိုဗစ်-၁၉ ကာကွယ်ဆေးနှစ်မျိုးကို ပြည်သူများအား ထိုးနှံပေးလျက်ရှိကြောင်း၊ အဆိုပါကာကွယ်ဆေးနှစ်မျိုးမှာ တရုတ်နိုင်ငံက လှူဒါန်းသော ဆီနိုဖမ်း ကိုဗစ်-၁၉ ကာကွယ်ဆေးနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဦးဆောင်သည့် ကိုဗက်အစီအစဉ်က ပေးပို့သော အက်စ်ထရာဇနီကာ ကိုဗစ်-၁၉ ကာကွယ်ဆေးများ ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ဟွန်ဆန်က ယခုလို ကိုဗစ်-၁၉ ကာကွယ်ဆေး ထောက်ပံ့ပေးခဲ့သည့် တရုတ်နိုင်ငံနှင့် ကိုဗက်အစီအစဉ်တို့ကို ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

တရုတ်နိုင်ငံမှ ဆီနိုဖမ်းကိုဗစ်- ၁၉ ကာကွယ်ဆေး ပထမအသုတ် ရောက်ရှိပြီးနောက် ကမ္ဘောဒီးယားသည် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခြင်းကို ဖေဖော်ဝါရီ ၁၀ ရက်က စတင်ခဲ့သည်။

ဟွန်ဆန်က မတ်လ ၃ ရက်အထိ ပထမဦးစားပေးအုပ်စုတွင် ပါဝင်သူ ၁၂၅၆၆၈ ဦးအား ဆီနိုဖမ်းကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း ပြောကြားသည်။

ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးနှံမှုမှာ အခမဲ့ဖြစ်ပြီး ကမ္ဘောဒီးယားနိုင်ငံတွင် နေထိုင်လုပ်ကိုင်လျက်ရှိသော နိုင်ငံခြားသားများလည်း ပါဝင်ကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

အရှေ့တောင်အာရှ နိုင်ငံတစ်နိုင်ငံဖြစ်သော ကမ္ဘောဒီးယားနိုင်ငံ၌ ကိုဗစ်-၁၉ အတည်ပြုလူနာ ၉၀၉ ဦးရှိပြီး သေဆုံးသူမရှိခဲ့ကြောင်း သိရကာ ၄၈၄ ဦး ပြန်လည်ကောင်းမွန်လာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြခဲ့သည်။

ဆင်ဟွာ



ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန် ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးမှု ခံယူနေသည်ကို တွေ့ရစဉ်။

## ကိုဗစ်- ၁၉ ရောဂါကြောင့် လွန်ခဲ့သည့်နှစ် ဖေဖော်ဝါရီလမှစပြီး ဂျပန်နိုင်ငံတွင် ကုမ္ပဏီပေါင်း ၁၁၀၀ ဒေဝါလီခံခဲ့ရကြောင်း ငွေချေးယူမှုဆိုင်ရာ သုတေသနအဖွဲ့ပြောကြား

**တိုကျို မတ် ၄**

ကိုဗစ်- ၁၉ ရောဂါကြောင့် လွန်ခဲ့သည့်နှစ် ဖေဖော်ဝါရီလမှစပြီး ဂျပန်နိုင်ငံတွင် ကုမ္ပဏီပေါင်း ၁၁၀၀ ဒေဝါလီခံခဲ့ရကြောင်း ငွေချေးယူမှုဆိုင်ရာ သုတေသနကုမ္ပဏီတစ်ခုက ပြောကြားလိုက်သည်။

မတ်လ ၃ ရက် နံနက်ပိုင်းအထိ ကိုဗစ်-၁၉ ရောဂါကြောင့် ဒေဝါလီခံခဲ့ရသည့် ကုမ္ပဏီများနှင့် ဒေဝါလီခံရန် လျှောက်ထားဆဲကုမ္ပဏီ ၁၁၀၀ ရှိကြောင်း တေကိုကု အချက်အလက်ဘဏ်က ဖော်ပြထားသည်။



ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ လမ်းမတစ်ခုထက်တွင် လူများ သွားလာလှုပ်ရှားနေသည်ကို တွေ့ရစဉ်။

အဖျော်ယမကာဆိုင်များနှင့် စားသောက်ဆိုင် လုပ်ငန်းပေါင်း ၁၇၂ ခု ဒေဝါလီ ခံခဲ့ရကြောင်း သိရသည်။ ထို့အပြင် ဆောက်လုပ်ရေးလုပ်ငန်း ၉၂ ခု၊ ဟိုတယ်နှင့် တည်းခိုခန်း လုပ်ငန်းပေါင်း ၇၉ ခု ဒေဝါလီခံခဲ့ရသည်။

တိုကျိုတွင် ဒေဝါလီခံခဲ့ရသည့် စီးပွားရေးလုပ်ငန်းပေါင်း ၂၆၄ ခုရှိပြီး အိုဆာကာခရိုင်တွင် ၁၀၈ ခုနှင့် ကာနာဂါဝါခရိုင်တွင် ၆၄ ခုရှိကြောင်း သိရသည်။ အစိုးရ၏ အရေးပေါ်ကြေညာချက်အောက်တွင် မြို့ပြဧရိယာများမှ အဖျော်ယမကာဆိုင်များနှင့် စားသောက်ဆိုင်လုပ်ငန်းများကြား ဒေဝါလီခံမှုသိသိသာသာ များလာကြောင်း တေကိုကုအချက်အလက် ဘဏ်က ထောက်ပြခဲ့သည်။

အမေရိကန် အခြေစိုက် ဂျွန်ဟော့ကင်း တက္ကသိုလ်က ဂျပန်နိုင်ငံ၏ စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်းသည် ၄၃၄၁၂၄ ဦး ရှိလာခဲ့ပြီး ၈၀၁၄ ဦး သေဆုံးခဲ့ကြောင်း ဖော်ပြခဲ့သည်။

အင်န်အိတ်ချ်ကေ

## တရုတ်နိုင်ငံက ဆီနိုဖမ်းကိုဗစ်- ၁၉ ကာကွယ်ဆေး ယခုနှစ်အတွင်း တစ်ဘီလီယံကျော်ထုတ်ရန်မျှော်လင့်

**ပေကျင်း မတ် ၄**

တရုတ်နိုင်ငံက ဆီနိုဖမ်း ကိုဗစ်- ၁၉ကာကွယ်ဆေးကို ယခုနှစ်အတွင်း အလုံးရေတစ်ဘီလီယံကျော် ထုတ်လုပ်ရန် မျှော်လင့်ထားကြောင်း ဆီနိုဖမ်းကုမ္ပဏီအုပ်စု ဥက္ကဋ္ဌ ယုချင်မင်က မတ် ၃ ရက်က ပြောကြားလိုက်သည်။ အနာဂတ်တွင် တစ်နှစ်လျှင် ဆေးလုံးရေ သုံးဘီလီယံထုတ်လုပ်နိုင်ရန် ရည်မှန်းထားကြောင်း ထိပ်တန်းဥပဒေပြုရေး အမျိုးသားပြည်သူ့ကွန်ဂရက်အဖွဲ့ဝင်တစ်ဦးဖြစ်သူ ယုက ပြောကြားလိုက်သည်။

ဆီနိုဖမ်းသည် ပြန်လည်ပေါင်းစပ်သော ပရိုတင်းကာကွယ်ဆေးများ ထုတ်လုပ်ရာတွင် အရေးပါသော တိုးတက်မှုကို လုပ်ဆောင်ခဲ့ကြောင်းနှင့် မကြာမီ လူနှင့် စမ်းသပ်မှုအဆင့်သို့ တက်လှမ်းနိုင်တော့မည်ဖြစ်ကြောင်း ယုက ဖြည့်စွက်ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် လတ်တလောတွင် ဈေးကွက်အခြေအနေအရ ၎င်းတို့၏ ပြည်တွင်းထုတ် လေးခုမြောက် ကိုဗစ်-၁၉ ကာကွယ်ဆေးကို ခွင့်ပြုချက်ပေးထားကြောင်း သိရသည်။ ဖေဖော်ဝါရီလကုန်ပိုင်းအထိ တရုတ်နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးပေါင်း ၅၂ သန်းကျော် ထိုးနှံပေးထားပြီးဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံက နိုင်ငံပေါင်း ၆၉ နိုင်ငံနှင့် နိုင်ငံတကာအဖွဲ့အစည်းနှစ်ခုသို့ ကာကွယ်ဆေးများ ထောက်ပံ့ပေးကြောင်း တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံညီလာခံ၏ (၁၃) ကြိမ်မြောက် အမျိုးသားကော်မတီ စတုတ္ထအစည်းအဝေးမှ ပြောရေးဆိုခွင့်ရှိသူ ဂိုဝေမင်းက မတ်လ ၃ ရက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ဆင်ဟွာ

## ကာကွယ်ဆေးအတုများကို တောင်အာဖရိကနှင့် တရုတ်နိုင်ငံတို့တွင် တွေ့ရှိကြောင်း နိုင်ငံတကာရဲတပ်ဖွဲ့ဖော်ပြ

**ပါရီ မတ် ၄**

အပြည်ပြည်ဆိုင်ရာရဲတပ်ဖွဲ့က တောင်အာဖရိကနှင့် တရုတ်နိုင်ငံရှိ ဒေသတွင်းအာဏာပိုင်များသည် နိုင်ငံအတွင်း တရားမဝင် ကိုဗစ်-၁၉ ကာကွယ်ဆေးအတုများကို ရောင်းချနေသည့် ရာဇဝတ်ဂိုဏ်းအုပ်စုများကို နှိမ်နင်းဖြိုခွင်းလျက်ရှိကြောင်း ပြောကြားလိုက်သည်။ ပြင်သစ်အခြေစိုက် အဆိုပါအဖွဲ့က ကြေညာချက်ကို မတ် ၃ ရက်ကကြေညာခဲ့သည်။

တောင်ကိုရီးယားနိုင်ငံမြောက်ပိုင်း ဂူတန်ပြည်နယ်ရှိ ကုန်လှောင်ရုံတစ်ခုတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးရည်ပုလင်းအလုံးရေ ၂၄၀၀ ခန့်ကို တွေ့ရှိခဲ့ကြောင်းနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက တရုတ်နိုင်ငံသားသုံးဦးနှင့် ဇမ်ဘီယာနိုင်ငံသားတစ်ဦးကို ဖမ်းဆီးခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံတွင်လည်း ရဲတပ်ဖွဲ့က ကိုဗစ်-၁၉ ကာကွယ်ဆေးတုရောင်းချသည့် ကွန်ရက်လမ်းကြောင်းကို အောင်မြင်စွာ ဖော်ထုတ်နိုင်ခဲ့ပြီး ကာကွယ်ဆေးတု ထုတ်လုပ်ရာနေရာသို့ ဝင်ရောက်စီးနင်းခဲ့ရာ သံသယရှိသူ ၈၀ ကို ဖမ်းဆီးခဲ့သည်။

အပြည်ပြည်ဆိုင်ရာ ရဲတပ်ဖွဲ့အတွင်းရေးမှူးချုပ် ဂျာဂျန်စတော့ခ်က ထုတ်ပြန်လိုက်သော ကြေညာချက်တွင် ယခုတွေ့ရှိမှုသည် ကိုဗစ်-၁၉ ကာကွယ်ဆေးနှင့် ပတ်သက်သည့် ပြစ်မှုအနည်းငယ်မျှသာဖြစ်ကြောင်းနှင့် ပင်လယ်ထဲတွင် ပေါ်နေသော ရေခဲထိပ်ပိုင်းကလေးမျှသာ ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ရာဇဝတ်ကောင်များသည် ကိုဗစ်-၁၉ ကာကွယ်ဆေးဖြန့်ဝေခြင်းကို ပစ်မှတ်ထားနေကြောင်း စတော့ခ်က သတိပေးပြောကြားလိုက်သည်။

အင်န်အိတ်ချ်ကေ



တောင်အာဖရိကတွင် ဖမ်းဆီးရမိသော ကိုဗစ်-၁၉ ကာကွယ်ဆေးအတုများကို တွေ့ရစဉ်။

# ကိုဗက်အစီအစဉ်က ပထမဆုံး ကိုဗစ်- ၁၉ ကာကွယ်ဆေးကို အောင်မြင်စွာဖြန့်ဝေပေးနိုင်မှုနဲ့အတူ ကိုဗစ်- ၁၉ အခက်အခဲအကျပ်အတည်းကို ရင်ဆိုင်ကျော်ဖြတ်နေတဲ့ ဥရောပ

လင်းဟန်သစ်

**ကမ္ဘာ့ကာကွယ်ဆေးဖြန့်ဝေရေးအစီအစဉ်တစ်ခုဖြစ်တဲ့ ကိုဗက်အစီအစဉ်က ဖြန့်ဝေတဲ့ ကိုဗစ်– ၁၉ ကာကွယ်ဆေးကို ပထမဆုံးရရှိလိုက်တဲ့ နိုင်ငံတစ်ခုကတော့ ဂါနာနိုင်ငံဖြစ်ပါတယ်။ ကိုဗက်အစီအစဉ်က အဲဒီလိုဖြန့်ဝေပေးတဲ့အတွက် ပိုပြီးဆင်းရဲတဲ့နိုင်ငံတွေအနေနဲ့ ကိုဗစ်– ၁၉ ကာကွယ်၊ တားဆီးဖို့ ကာကွယ်ဆေးထိုးနှံတဲ့ လုပ်ငန်းတွေမှာ ကမ္ဘာ့ချမ်းသာတဲ့နိုင်ငံတွေလို လိုက်ပါလုပ်ဆောင်လာနိုင်ခဲ့တာကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရပါတယ်။**

### ဥရောပရဲ့ ကာကွယ်ဆေးဖြန့်ဝေမှု

သို့သော်လည်း အက်စ်ထရာဇနီကာက ဥရောပကို ကတိပေးထားတဲ့ ကာကွယ်ဆေး ပမာဏရဲ့ တစ်ဝက်ပဲ ပို့ပေးနိုင်တော့မယ်လို့ ပြောလိုက်တဲ့အခါမှာတော့ ဥရောပရဲ့ ကာကွယ်ဆေးဖြန့်ဝေမှုမှာ ဒုက္ခသုက္ခတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ဥရောပနိုင်ငံတွေဟာ ကာကွယ်ဆေး ဖြန့်ဝေမှု ပြတ်လပ်သွားတဲ့ကိစ္စနဲ့ ပတ်သက်ပြီး အတော်လေး မကျေမနပ်ဖြစ်ခဲ့ကြပါတယ်။

ကမ္ဘာတစ်ဝန်းလုံးမှာ ကာကွယ်ဆေးအလုံးရေ ၂၁၇ သန်း ထိုးနှံပေးပြီးပြီလို့ အေအက်ဖ်ပီရဲ့ စာရင်းများအရ သိရပါတယ်။ သို့သော်လည်း ကာကွယ်ဆေးထိုးနှံပေးနိုင်တဲ့ အများစုကတော့ ချမ်းသာတဲ့နိုင်ငံတွေပဲ ဖြစ်ကြပါတယ်။

### ကမ္ဘာကြီးတစ်ခုလုံး ကာကွယ်ဆေးထိုးနှံဖို့

ကိုဗစ်–၁၉ ကြောင့် လူပေါင်း ၂ ဒသမ ၄ သန်းကျော် သေဆုံးခဲ့ပြီး ၁၁၂ သန်းကျော် ကူးစက်ခံထားရကာ ကမ္ဘာ့စီးပွားရေးတစ်ခုလုံး ပြင်းထန်စွာ ဖြိုလှဲခံထားရတဲ့အချိန်မှာ ကမ္ဘာကြီးတစ်ခုလုံး ကာကွယ်ဆေးထိုးနှံပေးနိုင်ဖို့ မျှော်လင့်ချက်ဟာ မိုးလောက်မြင့်မားပါတယ်။

လွန်ခဲ့တဲ့တစ်နှစ်ကျော်က တရုတ်နိုင်ငံ ဝူဟန်မြို့က စတင်လာတဲ့ ကိုဗစ်– ၁၉ ဂယက်ဟာ ကမ္ဘာကြီးတစ်ခုလုံးကို ရိုက်ခတ်သွားပါတယ်။ အချိန်ကာလ တဖြည်းဖြည်းကြာညောင်းလာတာနဲ့ တစ်ပြိုင်နက် ကာကွယ်ဆေးတွေလည်း အလျှိုလျှို ပေါ်ထွက်လာကြပါတယ်။ အခုဆိုရင် ကမ္ဘာမှာ လက်ရှိအသုံးပြုထိုးနှံပေးနေတဲ့ ကာကွယ်ဆေး အမျိုးပေါင်းဟာ ခုနစ်မျိုးထက်မနည်း ရှိနေပြီး ကမ္ဘာ့လူဦးရေရဲ့ တစ်ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးနှံပြီးပြီလို့ သိရပါတယ်။

### အပြီးတိုင် ပျောက်ကွယ်သွားမှာမဟုတ်ဘူး

သို့သော်လည်း ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူတွေကတော့ ကမ္ဘာကြီးတစ်ခုလုံး ကာကွယ်ဆေး မရရှိဘူးဆိုရင် ကိုဗစ်– ၁၉ ဟာ အပြီးတိုင် ပျောက်ကွယ်သွားမှာ မဟုတ်ဘူးလို့ သတိပေး ပြောကြားထားပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲက ကိုဗက်အစီအစဉ်က ကိုဗစ်–၁၉ ကာကွယ်ဆေးကို ပထမဆုံးအကြိမ် ဖြန့်ဝေပေးနိုင်တဲ့အတွက် ဝမ်းသာဂုဏ်ယူခဲ့ပါတယ်။ နောက်ဆုံးမှာတော့ ငါတို့ လုပ်နိုင်ပြီဆိုတဲ့အတွေးနဲ့ တွစ်တာပေါ်မှာ ရေးထားတဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ တက်ဒရော့စ်ရဲ့ အရေးအသားကိုလည်း တွေ့မြင်ရမှာ ဖြစ်ပါတယ်။ အောင်ပွဲခံရမယ့် နေ့တစ်နေ့ပါပဲ။ သို့သော်လည်း ဒါက ပထမဆုံးခြေလှမ်းတစ်ခုပဲလို့ သူက ဆက်လက်ရေးသားဖော်ပြထားပါတယ်။

### ကာကွယ်ဆေး နှစ်ဘီလီယံနီးပါးဖြန့်ဝေနိုင်ဖို့

ကိုဗက်အစီအစဉ်ရဲ့ နောက်ကွယ်မှာရှိတဲ့ များပြားလှစွာသော အဖွဲ့အစည်းတွေအနက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဟာလည်း တစ်ခုအပါအဝင် ဖြစ်ပါတယ်။ ကိုဗက်အစီအစဉ်က ၂၀၂၁ ခုနှစ်ကုန်မှာ ကမ္ဘာတစ်ဝန်းလုံး ကိုဗစ် – ၁၉ ကာကွယ်ဆေးအလုံးရေ နှစ်ဘီလီယံနီးပါး ဖြန့်ဝေပေးနိုင်ဖို့ ရည်ရွယ်ထားပါတယ်။

ဂါနာနိုင်ငံကို ကိုဗစ်–၁၉ ကာကွယ်ဆေး အလုံးရေ ၆၀၀၀၀၀ ဖြန့်ဝေပေးတဲ့ အခမ်းအနားကို တိုက်ရိုက်ထုတ်လွှင့် တင်ဆက်ထားပါတယ်။ ဂါနာနိုင်ငံကို ဖြန့်ဝေပေးတဲ့ ကိုဗစ် – ၁၉ ကာကွယ်ဆေးကတော့ အောက်စ်ဖို့ဒ်၊ အက်စ်ထရာဇနီကာ ကာကွယ်ဆေးဖြစ်ပါတယ်။ အဲဒီ ကိုဗစ် – ၁၉ ကာကွယ်ဆေးကို ဂါနာရဲ့ မြို့အတော်များများမှာ ထိုးနှံပေးနေပြီဖြစ်ပါတယ်။




ကိုဗက်အစီအစဉ်ကပထမဆုံး ပေးပို့လိုက်သော ကိုဗစ်– ၁၉ ကာကွယ်ဆေးကို တွေ့ရစဉ်။

**"ကာကွယ်ဆေးတွေကို သိုလှောင်သိမ်းဆည်းထားတာကြောင့် ကျန်တဲ့ကမ္ဘာ့အစိတ်အပိုင်းတွေကို ကာကွယ်ဆေးထောက်ပံ့ပေးမှုအပိုင်းမှာ အဆင်ပြေမှုတွေမရှိတော့ဘဲ ခက်ခဲမှုတွေဖြစ်ပေါ်စေပါတယ်။ ဝင်ငွေနိမ့်နိုင်ငံတွေကလည်း သူတို့ရဲ့ များပြားလှတဲ့လူဦးရေကို ကာကွယ်ဆေးထိုးပေးနိုင်ဖို့ နှစ်ပေါင်းအတော်ကြာ စောင့်ဆိုင်းရမှာပဲဖြစ်"**

### ကနဦးခြေလှမ်းတစ်ရပ်၊ ကနဦးဝေမျှမှုတစ်ခု

ကိုဗက်က အခုလို ပေးပို့လိုက်တာဟာ ဝင်ငွေနည်းနိုင်ငံတွေနဲ့ ဝင်ငွေအလယ်အလတ်ရှိတဲ့ နိုင်ငံတွေကို ရည်ရွယ်ပို့ဆောင်ပေးမယ့် ကနဦးခြေလှမ်းတစ်ရပ်၊ ကနဦးဝေမျှမှုတစ်ခုပဲ ဖြစ်ပါတယ်။ အဲဒီလိုပေးပို့တဲ့နေရာမှာ အိုင်ဗရီကို့စ်ကိုလည်း ပေးပို့ပေးမှာ ဖြစ်ပါတယ်။

ဇန်နဝါရီလကစပြီး ကမ္ဘာတစ်ဝန်းလုံး ကိုဗစ်–၁၉ ကာကွယ်ဆေးအများဆုံး သန်း ၈၀ ကျော်ရရှိခဲ့တဲ့ အနည်းငယ်မျှသော ဝင်ငွေမြင့်နဲ့ ဝင်ငွေအလယ်အလတ်ရှိတဲ့ နိုင်ငံတွေကတော့ အမေရိကန်၊ တရုတ်၊ အစ္စရေး၊ အင်္ဂလန်နဲ့ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံတို့ပဲ ဖြစ်ကြပါတယ်။ ကာကွယ်ဆေးထိုးနှံရေး ဆောင်ရွက်ချက်တွေကို ဆက်တိုက်လုပ်ဆောင်နေတာနဲ့အညီ ချမ်းသာတဲ့နိုင်ငံတွေဟာ သူတို့နိုင်ငံရဲ့ လူဦးရေထက် ပိုလျှံပြီး ကာကွယ်ဆေးတွေကို ကြိုတင်မှာယူကြပါတယ်။ အကျိုးဆက်အားဖြင့်ကတော့ ကမ္ဘာ့လူဦးရေရဲ့ ၁၆ ရာခိုင်နှုန်းသော ဝင်ငွေမြင့်နိုင်ငံတွေဟာ ကာကွယ်ဆေး ၆၀ ရာခိုင်နှုန်း ရရှိပိုင်ဆိုင်ထားပြီ ဖြစ်ပါတယ်။

### နှစ်ပေါင်းအတော်ကြာ စောင့်ဆိုင်းရမယ်

အဲဒီလိုမျိုး ကာကွယ်ဆေးတွေကို သိုလှောင်သိမ်းဆည်းထားတာကြောင့် ကျန်တဲ့ကမ္ဘာ့အစိတ်အပိုင်းတွေကို ကာကွယ်ဆေးထောက်ပံ့ပေးမှုအပိုင်းမှာ အဆင်ပြေမှုတွေ မရှိတော့ဘဲ ခက်ခဲမှုတွေဖြစ်ပေါ်စေပါတယ်။ ဝင်ငွေနိမ့်နိုင်ငံတွေကလည်း သူတို့ရဲ့ များပြားလှတဲ့ လူဦးရေကို ကာကွယ်ဆေးထိုးပေးနိုင်ဖို့ နှစ်ပေါင်းအတော်ကြာ စောင့်ဆိုင်းရမှာပဲ ဖြစ်ပါတယ်။

ခန့်မှန်းချက်အရ ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံပေါင်း ၈၅ နိုင်ငံဟာ ကိုဗစ် – ၁၉ ကာကွယ်ဆေးကို ၂၀၂၃ ခုနှစ်အထိ ရရှိဦးမှာ မဟုတ်ပါဘူး။ ဒါကြောင့် ကမ္ဘာ့ပြည်သူတွေအနေနဲ့ ကာကွယ်ဆေး အများအပြား အုံနဲ့ကျင်းနဲ့ ထိုးနှံခံမှုကို ၂၀၂၄ ခုနှစ်အထိ လုပ်နိုင်မယ် မထင်ပါဘူး။ ဒီအချက်ဟာ အရှေ့တောင်အာရှက နိုင်ငံတွေအတွက် မှန်ကန်နေပါလိမ့်မယ်။ ဝင်ငွေမြင့်ပြီး လူဦးရေနည်းတဲ့ စင်ကာပူလိုမျိုး နိုင်ငံမျိုးကတော့ ၂၀၂၁ နှစ်ကုန်မှာ ကာကွယ်ဆေးတွေကို အများအပြားရရှိနိုင်ဖို့ များနေပါတယ်။

တစ်ချိန်တည်းမှာပဲ ဗီယက်နမ်၊ ဘရူနိုင်း၊ ထိုင်းနဲ့ မလေးရှားနိုင်ငံတို့ကတော့ ၂၀၂၂ ခုနှစ်လောက်ဆို ကာကွယ်ဆေး ရရှိနိုင်မှာဖြစ်ပြီးတော့ ၂၀၂၃ ခုနှစ်မှာတော့ ဖိလစ်ပိုင်နိုင်ငံမှာ ကာကွယ်ဆေးရရှိမှာ ဖြစ်ပါတယ်။

### ကာကွယ်ဆေး အညီအမျှ ဖြန့်ဝေပေးနိုင်ရေး

ဒီအရေးကို ဖြေရှင်းဖို့ ကာကွယ်ဆေးကို အညီအမျှ ဖြန့်ဝေပေးဖို့ရာ ကိုဗက်အစီအစဉ်က ဦးဆောင်နေပါတယ်။ ချမ်းသာတဲ့နိုင်ငံနဲ့ ဆင်းရဲတဲ့ နိုင်ငံပေါင်း ၁၉၀ ကျော်ဟာ သူတို့လူဦးရေရဲ့ ၂၀ ရာခိုင်နှုန်းကျော်ကို ကိုဗစ် – ၁၉ ကာကွယ်ဆေး ထိုးပေးနိုင်ဖို့ ဒီအစီအစဉ်ကို လက်မှတ်ရေးထိုးခဲ့ပါတယ်။ ကာကွယ်ဆေးမိတ်ဖက် ဂါဗီ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကူးစက်ရောဂါကြိုတင်ကာကွယ်ရေးဆိုင်ရာ ဆန်းသစ်တီထွင်အဖွဲ့တို့က ဦးဆောင်နေတဲ့ ကိုဗက်ဟာ ကမ္ဘာတစ်ဝန်းလုံးကို ကာကွယ်ဆေး အညီအမျှ ဖြန့်ဝေပေးနိုင်ဖို့အတွက် ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။

### ကာကွယ်ဆေးတစ်ကြိမ်တောင်ထိုးရဖို့အနိုင်နိုင်

အခုအချိန်အထိ အစ္စရေး၊ အမေရိကန်ပြည်ထောင်စု နဲ့ ဗြိတိန်နိုင်ငံတို့ဟာ ကာကွယ်ဆေးဖြန့်ဝေရရှိမှုမှာ ထိပ်ဆုံးက ဦးဆောင်နေချိန်မှာ ဆင်းရဲတဲ့နိုင်ငံအများစုဟာ ကာကွယ်ဆေးကို တစ်ကြိမ်တောင် အထိုးခံရဖို့ အနိုင်နိုင်ဖြစ်နေပါတယ်။ ဂါနာနိုင်ငံကို ကာကွယ်ဆေးဖြန့်ဝေပေးနိုင်လို့ ဝမ်းသာနေရသော်လည်း ဥရောပအတွက်ကတော့ ကိုဗစ် – ၁၉ ကာကွယ်ဆေး လုံလုံလောက်လောက်ရဖို့အတွက် အတော်လေးကြိုးစားအားထုတ်နေရပါတယ်။

အက်စ်ထရာဇနီကာက သူ့ရဲ့ ဥရောပ ကာကွယ်ဆေးဖြန့်ဝေပေးမှုနဲ့ ပတ်သက်ပြီး အမှာတင်ထားတဲ့ ကာကွယ်ဆေးအလုံးရေ သန်း ၁၈၀ ရဲ့ ထက်ဝက်လောက်ကိုပဲ ဖြန့်ဝေပေးနိုင်မယ်လို့ ပြောကြားလိုက်ပါတယ်။ သို့သော်လည်း သူ့ရဲ့ နိုင်ငံတကာချိတ်ဆက်မှုတွေကို အသုံးပြုပြီး လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့ အကောင်းဆုံး လုပ်ဆောင်သွားမယ်လို့ ပြောပါတယ်။

### အကောင်းမြင်ဝါဒကို ကျင့်သုံးလာခဲ့

ဥရောပသမဂ္ဂအကြီးအကဲ အာဆူလာ ဗွန်ဒါလီယန်က ဒီနှစ်အစောပိုင်းမှာ စာချုပ်ဖောက်ဖျက်ပြီး ကာကွယ်ဆေးဖြန့်ဝေရာမှာ နှောင့်နှေးခဲ့တဲ့ အက်စ်ထရာဇနီကာနဲ့ စကားအချေအတင် ပြောခဲ့ကြပါတယ်။ သို့သော်လည်း အခုတော့ သူ့ရဲ့ လေသံအနည်းငယ်ပြောင်းလဲလာခဲ့ပြီး ကာကွယ်ဆေးဖြန့်ဝေမှုအပိုင်းမှာ အကောင်းမြင်ဝါဒကို ကျင့်သုံးလာခဲ့ပါတယ်။

### ကာကွယ်ဆေးထိုးနှံမှုကို စတင်ခဲ့

ဥရောပတစ်လွှားမှာ ဟန်ဂေရီကတော့ စံထားရလောက်စရာပါပဲ။ သူ့ရဲ့ ကိုယ်ပိုင်အစီအစဉ်နဲ့ တရုတ်နိုင်ငံရဲ့ ကိုဗစ် – ၁၉ ကာကွယ်ဆေးဖြစ်တဲ့ ဆီနိုဖမ်းကာကွယ်ဆေးကို မှာယူပြီး ကာကွယ်ဆေးထိုးနှံမှုကို စတင်ခဲ့ပါတယ်။ ဟန်ဂေရီကတော့ ဥရောပကို ကာကွယ်ဆေး ဖြန့်ဝေမှုအပိုင်းမှာ ပြဿနာဖြစ်နေတဲ့အပေါ် ဝေဖန်ပြောကြားထားပြီး ကာကွယ်ဆေးရရှိဖို့ တရုတ် သို့မဟုတ် ရုရှားဘက်ကို မလှည့်ဘူးလို့လည်း ပြောနေပါတယ်။ ကိုဗစ် – ၁၉ ကူးစက်မှုနဲ့ သေဆုံးမှု ပြန်လည်တိုးလာတဲ့ အခြေအနေ ကို တားဆီးတဲ့အနေနဲ့ ရုရှားကိုဗစ် – ၁၉ ကာကွယ်ဆေးဖြစ်တဲ့ စပွတ်နစ်ဗွီကိုလည်း ဟန်ဂေရီမှာ ထိုးနှံပေးခဲ့ပါတယ်။ ဟန်ဂေရီနိုင်ငံဟာ တရုတ်နဲ့ ရုရှားကိုဗစ်– ၁၉ ကာကွယ်ဆေးကို အသုံးပြုတဲ့ ပထမဆုံးသော ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါတယ်။ ကိုဗစ် – ၁၉ တတိယလှိုင်းဟာ ဟန်ဂေရီနိုင်ငံကို ခြိမ်းခြောက်နေပြီလို့လည်း ဝန်ကြီးချုပ် ဗစ်တာအော်ဘန်က ပြောကြားလိုက်ပါတယ်။ ယူကရိန်းနိုင်ငံဟာလည်း ကိုဗစ် – ၁၉ ကာကွယ် ဆေး ပထမဆုံး ထိုးနှံပေးနိုင်ခဲ့ပြီဖြစ်ပါတယ်။ ပြင်သစ်နိုင်ငံမှာတော့ ကိုဗစ်–၁၉ ကူးစက်မှုတွေ ဆိုးရွားလာတဲ့အချိန်မှာ ဒေသတွင်းပိတ်ဆို့မှုတွေကို ပြန်လည်ကျင့်သုံးလာခဲ့ကြပါတယ်။ ပြင်သစ်နိုင်ငံတချို့ဒေသတွေမှာ ကိုဗစ်–၁၉ ကူးစက်မှုတွေတိုးလာတာကို တားဆီးဖို့ လျင်မြန်ထိရောက်တဲ့ ဆောင်ရွက်ချက်တွေကို ချမှတ်ဖို့ လိုနေပြီလို့ အစိုးရပြောရေးဆိုခွင့်ရှိသူ ဂယ်ဘရီရယ် အက်တယ်လ်က ပြောပါတယ်။

ကမ္ဘာကြီးရဲ့ နေရာအတော်များများမှာ ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားပြီး တစ်နှစ်ကျော်ကြာတဲ့နောက်မှာ ပုံမှန်အတိုင်းပြန်ဖြစ်မယ့် အရိပ်အယောင်တွေ တွေ့ရပြီဖြစ်သော်လည်း ကိုဗစ်–၁၉ ကပ်ရောဂါကြီး လုံးဝမပျောက်ဆုံးသရွေ့ လူတိုင်းအနေဖြင့် နှာခေါင်းစည်းများကို တပ်ဆင်ထားဖို့ လိုအပ်တယ်လို့ ခရစ်ကက်အကျော်အမော်တစ်ဦးက ပြောကြားခဲ့ပါတယ်။ ဒီပွဲမှာ တဖြည်းဖြည်းနဲ့ အနိုင်ရလာနေပါပြီ။ ။

**ကိုးကား– အေအက်ဖ်ပီ**

## ၄-၃ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၉၄၅၇၇၂၀ | ၂၀၀၀၃၃၃၉ | ၅၃၁၆၇၈ |
| ၂။ | အိန္ဒိယ | ၁၁၁၅၈၉၂၂ | ၁၀၈၂၆၀၇၅ | ၁၅၇၄၈၇ |
| ၃။ | ဘရာဇီး | ၁၀၇၂၂၂၁ | ၉၅၉၁၅၉၀ | ၂၅၉၄၀၂ |
| ၄။ | ရုရှား | ၄၂၉၀၁၃၅ | ၃၈၆၉၈၅၇ | ၈၇၈၂၃ |
| ၅။ | ဗြိတိန် | ၄၁၉၄၇၈၅ | ၃၀၀၅၇၂၀ | ၁၂၃၇၈၃ |
| ၆။ | ပြင်သစ် | ၃၈၁၀၁၃၆ | ၂၆၁၂၈၉ | ၈၇၅၄၂ |
| ၇။ | စပိန် | ၃၁၃၆၁၃၂၁ | ၂၇၂၂၃၀၄ | ၇၀၂၄၇ |
| ၈။ | အီတလီ | ၂၉၇၆၂၄၇ | ၂၄၄၀၂၁၈ | ၉၈၆၁၃၅ |
| ၉။ | တူရကီ | ၂၇၁၄၈၁၆ | ၂၅၉၁၂၆၄ | ၂၈၇၇၁ |
| ၁၀။ | ဂျာမနီ | ၂၄၇၄၄၀၄ | ၂၂၈၁၄၀၀ | ၇၁၇၄၈ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၄ - ၃ - ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၃၆၁၀၉၈ | ၁၁၇၆၃၅၆ | ၃၆၈၉၇ |
| ဖိလစ်ပိုင် | ၅၈၄၆၆၇ | ၅၃၅၀၁၇ | ၁၂၄၀၄ |
| မလေးရှား | ၃၀၇၉၄၃ | ၂၈၁၆၂၉ | ၁၁၅၃ |
| မြန်မာ | ၁၄၂၀၀၀ | ၁၃၁၅၇၁ | ၃၂၀၀ |
| စင်ကာပူ | ၅၉၉၉၈ | ၅၉၈၁၇ | ၂၉ |
| ထိုင်း | ၂၆၁၆၂ | ၂၅၅၆၂ | ၈၅ |
| ဗီယက်နမ် | ၂၄၈၈ | ၁၉၂၀ | ၃၅ |
| ကမ္ဘောဒီးယား | ၉၀၉ | ၄၈၄ | ၀ |
| ဘရူနိုင်း | ၁၈၇ | ၁၈၁ | ၃ |
| လာအို | ၄၅ | ၄၂ | ၀ |










## မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက်

တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ “နေအိမ်တွင်သာနေထိုင်ရေး အစီအစဉ် (Stay at home)”တွင် အကျုံးဝင်သော မြို့နယ်များနှင့် ရောဂါဖြစ်ပွားမှု များသော မြို့နယ်များတွင် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနများသည် လူမှုရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ **“COVID–19 ရောဂါ ကာကွယ်ခြင်းဆိုင်ရာ ကျန်းမာရေးအသိပညာ မြှင့်တင်ရေးနှင့် ပြုမူပြောင်းလဲရေး ဆက်သွယ်ပညာပေး မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (Mask and Face Shield Campaign)”** ကို ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ လူထုလှုပ်ရှားမှုစီမံချက်တွင်

- ပါးစပ်နှင့် နှာခေါင်းစည်း (Mask)၊ မျက်နှာအကာ (Face shield) မဖြစ်မနေတပ်ဆင်ရေးအတွက် အသိပေး စည်းရုံးလှုံ့ဆော်ခြင်း၊ ပေးဝေခြင်းနှင့် တပ်ဆင်စေခြင်း၊
- လက်ကိုင်အသံချဲ့စက်များဖြင့် လှည့်လည်အသိပေးပြောကြားခြင်းနှင့်
- ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များပေးဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ရောဂါကူးစက်ပြန့်ပွားမှုကွင်းဆက်ကို ဖြတ်တောက်ပြီး ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်မှသာ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးလုပ်ငန်းများကို ပုံမှန်အနေအထားအတိုင်း အမြန်ဆုံး ပြန်လည်လုပ်ကိုင်လာနိုင်မည်ဖြစ်သည့်အတွက် ပြည်သူလူထုအနေဖြင့် ပူးပေါင်းပါဝင်လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော် ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# မြင်းခြံမြို့၌ အကြမ်းဖက်သူလူတစ်စုက သံဃာတော်တစ်ပါးကို ဖမ်းဆီး၊ လူဝတ်လဲ၊ ရိုက်နှက်မှုဖြစ်စဉ်ဖြစ်ပွား



**နေပြည်တော် မတ် ၄**

မြင်းခြံမြို့၌ အကြမ်းဖက်သူလူတစ်စုက သံဃာတော်တစ်ပါးကို ဖမ်းဆီး၊ လူဝတ်လဲ၊ ရိုက်နှက်ခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်အရ မတ် ၃ ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့၌ ဆူပူဆန္ဒပြသူလူစုများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖြိုခွဲထိန်းသိမ်းခဲ့ရကြောင်း၊ ယင်းနေ့ညနေပိုင်းတွင် Online Media ၌ မြင်းခြံမြို့ ရပ်ကွက်(စိစစ်ဆဲ) အတွင်း သံဃာတော် တစ်ပါးအား ဆူပူသူလူတစ်စုက ဝိုင်းဝန်းရိုက်နှက်၍ သေဆုံးခဲ့ကြောင်း သတင်းအား တွေ့ရှိရသဖြင့် ဖြစ်စဉ်မှန်ကန်ပါက သံဃာတော်အား ကယ်တင်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးတာဝန်ရှိသူများ ပေါင်းစပ်ကာ သတင်းညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း။

သတင်းဆက် စုံစမ်းမှုအရ မတ် ၄ ရက် နံနက်စောပိုင်းတွင် ၎င်းသံဃာတော်မှာ ဒဏ်ရာအများအပြားရရှိထားကာ လူဝတ်လဲ၍ မြင်းခြံမြို့ပြင်ရှိ တောရကျောင်းရှေ့တွင် ယာဉ်တစ်စီးဖြင့် လာရောက် ချသွားခဲ့ကြောင်း၊ ဖြစ်စဉ်အား တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ စိစစ်ခဲ့ရာ မြင်းခြံမြို့တွင် မတ် ၃ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆူပူသူလူအုပ်စုအားဖြိုခွဲစဉ် ၎င်းသံဃာတော်သည် သီတင်းသုံးနေထိုင်ရာ မန္တလေးမြို့ တံခွန်တိုင်အဝိုင်းအနီးရှိ ဘုန်းကြီးကျောင်းမှ မြင်းခြံမြို့သို့ ဒါယကာနှစ်ဦးနှင့်အတူ မော်တော်ယာဉ်ဖြင့် လာရောက်စဉ် ဆူပူဆန္ဒပြသူလူအုပ်စုနောက်သို့ ရောက်ရှိခဲ့ကြောင်း၊ မော်တော်ယာဉ်ကို ဆက်လက်မောင်းနှင်လာစဉ် လူအုပ်စုက မော်တော်ယာဉ်နောက်မှ လိုက်ပါလာပြီး ယာဉ်ပေါ်မှ လူအုပ်စုအတွင်းသို့ သေနတ်ဖြင့် ပစ်ခတ်သွားကြောင်း ကောလာဟလထုတ်လွှင့်ကာ မော်တော်ယာဉ်ကို ပိတ်ဆို့ဖမ်းဆီးပြီး ယာဉ်အားထုခွဲဖျက်ဆီးခြင်း၊ ယာဉ်ပေါ်ပါသံဃာတော်အား ရိုက်နှက်ခြင်းတို့ ပြုလုပ်ခဲ့ပြီး အထက(၂)အနီးတွင် လူဝတ်လဲကာ ထိန်းသိမ်း၍ ယနေ့နံနက်တွင် တောရကျောင်းရှေ့သို့ ကားဖြင့် လာရောက်ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ယင်း သံဃာတော်အား နယ်မြေခံတပ်တွင် ခေတ္တထားရှိကာ လိုအပ်သော ကျန်းမာရေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဖြစ်စဉ်နှင့် ပတ်သက်၍ သံဃာတော် အစစ်အမှန်အား သာမန်လူကဲ့သို့ သဘောထား ရိုက်နှက်ခြင်း၊ အရပ်ဝတ်လဲခြင်းများဖြင့် သာသနာတော်အား ထိခိုက်ညှိုးနွမ်းအောင် ပြုမူလုပ်ဆောင်ခဲ့သဖြင့် ဗုဒ္ဓဘာသာဝင် လူထုအနေဖြင့် ၎င်းလုပ်ရပ်အပေါ် စက်ဆုပ်ရွံရှာ မုန်းတီးရှုတ်ချလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



# ဆူပူဆန္ဒပြသူ လူအုပ်စုအတွင်း ဖုံးပစ်လက်နက်ကိုင်ဆောင်ထားသူအုပ်စုများ ပါဝင်လာမှု တွေ့ရှိ

**နေပြည်တော် မတ် ၄**

ဆူပူဆန္ဒပြသူ လူအုပ်စုအတွင်း ဖုံးပစ်လက်နက် ကိုင်ဆောင်ထားသူအုပ်စုများ ပါဝင်လာမှု တွေ့ရှိရကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်အရ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ဗဟိုလမ်းနှင့် ဖျာပုံလမ်းထောင့်တွင် မတ် ၃ ရက် နံနက် ၁၀ နာရီခန့်၌ ဆူပူအကြမ်းဖက် ဆန္ဒပြသူအုပ်စုအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲခဲ့ရကြောင်း။

ယင်းဖြစ်စဉ်ဖြစ်ပွားခဲ့မှုအခြေအနေကို နီးစပ်ရာ CCTV ကင်မရာများမှတစ်ဆင့် ခြေရာခံ ပြန်လည်စိစစ်ကြည့်ရှုရာတွင် ဆူပူဆန္ဒပြသူလူအုပ်စုအတွင်းမှ မီးခိုးဖုံးပစ်လက်နက်ဟု ယူဆရသည့် လက်နက်(၂)ခု အသုံးပြုပစ်ခတ်နေသည်ကို တွေ့ရှိခဲ့ရကြောင်း၊ သေနတ်အမျိုးအစားအနေဖြင့် ပုံသဏ္ဍာန်နှစ်မျိုးကွဲပြားနေပြီး ပစ်ခတ်ရာတွင် လူ(၆)ယောက်မှ အုပ်စုဖွဲ့အသုံးပြုပစ်ခတ်နေသည်ကို CCTV ကင်မရာမှတ်တမ်းအရ ပီပြင်ထင်ရှားစွာ တွေ့မြင်ရကြောင်း။ **(အပေါ်ပုံ)**

ဖြစ်စဉ်အပေါ် သုံးသပ်ချက်အရ ဆူပူဆန္ဒပြသူ လူစုလူဝေးများအနေဖြင့် သာမန်ဆန္ဒပြသည့်အဆင့်တွင် မရှိတော့ဘဲ ပေါက်ကွဲစေတတ်သော လက်နက်များစွဲကိုင်ကာ အကြမ်းဖက်မှု ဆောင်ရွက်လာသည့် အခြေအနေသို့ ရောက်ရှိလာသည်ကို တွေ့ရှိရပြီး ထိခိုက်ဒဏ်ရာရရှိမှုဖြစ်စဉ်များအား လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပြုလုပ်မှုကြောင့်ဖြစ်ရသည်ဟူ၍ပုံဖော်ဆောင်ရွက်လာနေ သည်ကိုတွေ့မြင်သုံးသပ်ရရှိကြောင်း သိရသည်။ **သတင်းစဉ်**

# မတ် ၃ ရက် မန္တလေးမြို့ရှိ ဆူပူအုံကြွမှုအတွင်းသေဆုံးခဲ့သည့် အသက် ၁၉ နှစ်အရွယ် အမျိုးသမီး၏ ဒဏ်ရာနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်သွားမည်

**နေပြည်တော် မတ် ၄**

မတ် ၃ ရက်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ၈၄ လမ်း၊ လမ်း ၃၀ ထောင့်၌ ဆူပူအကြမ်းဖက်ဆန္ဒပြသူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ခဲ့မှု သတင်းအား ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အဆိုပါဖြစ်စဉ်တွင် သေဆုံးခဲ့သည့် ချမ်းအေးသာစံမြို့နယ်နေ မကြယ်စင် (၁၉)နှစ် သေဆုံးခဲ့မှုနှင့် ပတ်သက်၍ social media များ၌ အမျိုးမျိုးသော အမြင်များဖြင့် ဖော်ပြခြင်း၊ စွပ်စွဲခြင်းဖြင့် ဆူပူသူ အချင်းချင်း သံသယများနှင့် ဖော်ပြနေကြောင်း တွေ့ရှိရသည်။ မကြယ်စင်၏ ခေတ်ပုံပါဒဏ်ရာအရ အဓိကရဏ်းလက်နက်နှင့် ထိခိုက်သောဒဏ်ရာ မဟုတ်ကြောင်းနှင့် အဓိကရဏ်းနှင့် နှိမ်နင်းရေးလက်နက်သို့မဟုတ် ကျည်စစ်ကျည်မှန်ဖြင့် ထိခိုက်သော ဒဏ်ရာဖြစ်ပါက သေဆုံးသူ၏ ဦးခေါင်းအနေအထားမှာ အကောင်းပကတိရှိရန် မဖြစ်နိုင်ကြောင်း၊ အမှန်တရားလိုလားသည့် သက်ဆိုင်ရာ ဘာသာရပ်အလိုက် ကျွမ်းကျင်ပညာရှင်များ၏ သုံးသပ်ချက်များလည်း လက်ခံရရှိခဲ့ကြောင်း သိရသည်။

သို့ဖြစ်၍ မကြယ်စင် သေဆုံးမှုအတွက် ဖြစ်စဉ်အမှန်အမြန်ဆုံးပေါ်ပေါက်စေရေး သက်ဆိုင်ရာ တရားဥပဒေစိုးမိုးရေးအဖွဲ့များက စုံစမ်းစစ်ဆေးလျက်ရှိကြောင်းနှင့် ရရှိအချက်များအား တစ်ပြေးညီ ထပ်မံအသိပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပျဉ်းမနားမြို့၌ အကြမ်းဖက်သူလူအုပ်စုက ရဲတပ်ဖွဲ့ဝင်တစ်ဦးကို အကြောင်းမဲ့ဖမ်းဆီးရိုက်နှက်၍ ခေါင်းတုံးတုံးခြင်း၊ မျက်ခုံးမွေးရိတ်ခြင်းများပြုလုပ်

**နေပြည်တော် မတ် ၄**

**ပျဉ်းမနားမြို့၌ အကြမ်းဖက်သူ လူအုပ်စုက ရဲတပ်ဖွဲ့ဝင်တစ်ဦးကို အကြောင်းမဲ့ဖမ်းဆီး ရိုက်နှက်၍ ခေါင်းတုံးတုံးခြင်း၊ မျက်ခုံးမွေးရိတ်ခြင်းများ ပြုလုပ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။**



ယင်းသတင်းထုတ်ပြန်ချက်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ မန်ကျီးတောရပ်ကွက် ဗိုလ်တာရာလမ်းကြားတွင် ယနေ့နံနက် ၈ နာရီ မိနစ် ၂၀ က ဆူပူအော်ဟစ်ဆန္ဒပြသူခေါင်းဆောင် (စိစစ်ဆဲ) အင်အား ၁၀၀ ကျော်ခန့်သည် ဒေသန္တရ ပြုလုပ်ထားရှိသော (ဒိုင်း) များအား ကိုင်တွယ်၍ တာယာကွင်းများ၊ အုတ်ခဲများ အသုံးပြု၍လည်းကောင်း၊ ဝါးလုံးများဖြင့် ကန့်လန့်ဖြတ်တားဆီးခြင်း၊ ကျားလန်များထိုး၍ ကာရံခြင်းများ ပြုလုပ်ကာ လမ်းကို ပိတ်ဆို့၍ ဆူပူအော်ဟစ်ဆန္ဒပြခဲ့ကြကြောင်း။

ဆူပူဆန္ဒပြသူ လူစုလူဝေးကို လုံခြုံရေး တပ်ဖွဲ့ဝင်များက သွားရောက်၍ လူစုခွဲရန် ဥပဒေနှင့်အညီ အကြိမ်ကြိမ်မေတ္တာရပ်ခံ အသိပေးပြောကြားခဲ့သော်လည်း လိုက်နာမှုမရှိဘဲ ဆက်လက်ဆောင်ရွက်နေသဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက အကာအရံ အတားအဆီးများကို ဖယ်ရှားရှင်းလင်းကာ ဒသမ ၁၂ ဗို့ ပြောင်းချော သေနတ်ဖြင့် ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ရာမှ နံနက် ၉ နာရီ ကျော်ခန့်တွင် လူစုကွဲသွားခဲ့ကြောင်း။

ဖြစ်စဉ် ဖြစ်ပွားနေစဉ် ဆူပူအော်ဟစ်ဆန္ဒပြသူ လူအုပ်စုနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ စတင်ထိတွေ့ချိန် အနီး၌ သတင်းရယူနေသော နယ်မြေခံရဲတပ်ဖွဲ့ဝင်(၁) ဦးကို လူအုပ်စုအတွင်းမှ လူအချို့က အဓမ္မအင်အားသုံး ဖမ်းဆီးပြီး မျက်နှာကို အဝတ်ဖြင့်စည်း၍ ယာဉ်ပေါ်တွင် ထိန်းသိမ်းခေါ်ဆောင်သွားခဲ့ကြောင်း။

ဖမ်းဆီးခေါ်ဆောင်ခံရသည့် တပ်ဖွဲ့ဝင်ကို ပြန်လည်ခေါ်ဆောင်နိုင်ရေး ရှာဖွေနေစဉ် မွန်းလွဲ ၁၂ နာရီခွဲတွင် ကင်ပွန်းတန်းလမ်းဆုံ၊ ဆောက်လုပ်ရေး ဝင်းထိပ်တွင် ၎င်းတပ်ဖွဲ့ဝင်၏ ဆံပင်အား ကွက်ကျားတုံးခြင်း၊ မျက်ခုံးမွေးရိတ်ခြင်းများဖြင့် မျက်နှာကို အဝတ်စည်းလျက် ယာမျက်လုံးအောက် ဖူးယောင်ဒဏ်ရာတို့ဖြင့် ပြန်လည်ရှာဖွေတွေ့ရှိခဲ့ကြောင်း။

ဆန္ဒပြသူ လူအုပ်စုအနေဖြင့် တာဝန် ထမ်းဆောင်နေသော ပြည်သူ့ဝန်ထမ်းကို ဖမ်းဆီးချုပ်နှောင်ခြင်းအတွက် အမှုဖွင့် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားသည်။ **သတင်းစဉ်**

# မြို့နယ်ရပ်ကွက်များအတွင်း ကားလမ်းကြောင်း ပိတ်ဆို့မှုများနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း



**နေပြည်တော် မတ် ၄**

ရန်ကုန်တိုင်းဒေသကြီးအပါအဝင် အခြားသောဒေသ မြို့နယ်များအတွင်း (အေးချမ်းစွာ ဆန္ဒပြခြင်း) ခေါင်းစဉ်ဖြင့် နေ့စဉ်ရက်ဆက် ပြုလုပ်လျက်ရှိကြရာတွင် လမ်းမကြီးများ၊ ရပ်ကွက်အတွင်း လမ်းများတွင် အခိုင်အမာကွန်ကရစ်တုံးများချထားခြင်း၊ တာယာကွင်းများချထားခြင်း၊ သဲအိတ်များချထားခြင်း၊ PVC ပိုက်လုံးကြီးများချထားခြင်း၊ သံချောင်းအလေးအပင်ပစ္စည်းများ ချထားခြင်း၊ အချို့သောနေရာများတွင် အမျိုးသမီးဝတ်လုံချည်များအား ယာဉ်များအပေါ်တွင် ကြိုးတန်း၍လှန်းထားခြင်း စသည့်လုပ်ရပ်များကို လူစုလူဝေးများအနေဖြင့် ရည်ရွယ်ချက်အမျိုးမျိုးဖြင့် ပြုမူလုပ်ဆောင်နေကြပြီး မတ် ၃ ရက်တွင်လည်း မြို့နယ်တစ်မြို့နယ်တွင် တာယာကွင်းများအား ဓာတ်ဆီလောင်းမီးရှို့ခြင်းအား အမျိုးသမီးတစ်ဦးက ပြုလုပ်ခဲ့ပြီး မီးငြိမ်းသတ်ခြင်းအား ချက်ချင်းဆောင်ရွက်ခဲ့ရကြောင်း တွေ့ရှိရပါသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လူစုလူဝေးပြိုကွဲစေခြင်း ဆောင်ရွက်မှုများအပြင် ၎င်းကဲ့သို့ ပြုလုပ်ထားရှိသော အတားအဆီးများကို သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များဖြင့် ပေါင်းစပ်ကာ ပြည်သူများ (ညမထွက်ရ)အမိန့်ထုတ်ပြန်ထားချိန် ညပိုင်းတွင် ညလုံးပေါက်ရှင်းလင်းခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

အထက်ပါကဲ့သို့ အတားအဆီးများ ပြုလုပ်ခြင်းသည် ရည်ရွယ်ချက်အမျိုးမျိုးဖြင့် ပြုလုပ်နေသော်လည်း လက်ရှိရာသီဥတုအချိန်ကာလအရ မီးဘေးအန္တရာယ်ဖြစ်ပွားမှုကို အလွန် စိုးရိမ်ရခြင်းကြောင့် လုံခြုံရေးတပ်ဖွဲ့များ ဖယ်ရှားရှင်းလင်းမှု မရှိဘဲ လမ်းပိတ်ဆို့ထားချိန်တွင် မီးဘေးအန္တရာယ်ကြီးမားစွာ ဖြစ်ပွားလာပါက မီးသတ်ယာဉ်များ အချိန်မီရောက်ရှိနိုင်မှုမရှိဘဲ ရပ်ရွာလူထုအနေဖြင့် အိုးအိမ်ပစ္စည်းများ မြောက်မြားစွာ ဆုံးရှုံးနိုင်ခြင်းများကို ကြုံတွေ့လာနိုင်သည့်အတွက် အေးချမ်းသာယာစွာ နေထိုင်လိုသူများအနေဖြင့် စိုးရိမ်ပူပန်မှုများစွာဖြင့် နေထိုင်နေရကြောင်း သိရှိရပါသည်။

အတားအဆီးများ နေ့စဉ်ဆက်လက်ပြုလုပ်ပြီး အကြမ်းဖက်ဆန္ဒပြဖြစ်စဉ်များ ဖြစ်ပွားနေမှုသည် အချိန်ကာလ ကြာမြင့်လာသည်နှင့်အမျှ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လုံခြုံရေး၊ ထိခိုက်သေဆုံးမှုဘေးအန္တရာယ်ဖြစ်ပွားမှုများ၊ ဘက်ပေါင်းစုံမှ ပိုမိုယိုယွင်းပျက်စီးမှုများကိုသာ လူထုအနေဖြင့် ကြုံတွေ့ရမည်ဖြစ်ကြောင်း၊ မြို့ရွာများ လုံခြုံအေးချမ်းသာယာစွာနေထိုင်လိုသူ ပြည်သူလူထုအများစုအနေဖြင့် စိုးရိမ်ပူပန်မှုများစွာဖြင့် ဝေဖန်သုံးသပ်လျက်ရှိကြောင်း သတင်းရရှိပါသည်။

**သတင်းစဉ်**

# မရမ်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက်အတွင်း ညမထွက်ရအမိန့်ကို ဖောက်ဖျက်၍ တရားမဝင် လက်နက်ကိုင်ဆောင်၊ ပစ်ခတ်သူအား တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်

**နေပြည်တော် မတ် ၄**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၁) ရပ်ကွက်အတွင်း မတ် ၂ ရက် ည ၁၀ နာရီခန့်တွင် ရပ်ကွက်အတွင်း နေသူ အချင်းချင်း စကားများရာမှ သေနတ်ဖြင့် ပစ်ခတ်မှုဖြစ်စဉ် ဖြစ်ပွားခဲ့ပြီး သေနတ်ဖြင့် ပစ်ခတ်သူအား တာဝန်သိပြည်သူများက နယ်မြေခံရဲစခန်းသို့ လာရောက်အပ်နှံခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ မရမ်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက် (၈) လမ်းနေ စောအုန်းထွန်း (ဘ) ဦးမြဟန် အသက်( ၄၂) နှစ်သည် ယင်းနေ့ ည ၁၀ နာရီခန့်တွင် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၁၄၄ ညမထွက်ရအမိန့်ကို လိုက်နာမှုမရှိဘဲ Suzuki အမျိုးအစား မော်တော်ယာဉ်ဖြင့် ပြင်ပမှ နေအိမ်သို့ပြန်လာစဉ် လမ်းထိပ်တွင် ရောက်ရှိနေသော တစ်ရပ်ကွက်တည်း နေသူ ဦးသံချောင်း(ဘ)ဦးထွန်းတင်က မေးမြန်းရာမှ အချင်းများကြပြီး ပစ္စတိုသေနတ်ဖြင့် ပစ်ခတ်ခဲ့သဖြင့် ဦးသံချောင်း၏ ယာဘက်ပခုံးနှင့် ယာလက်ဖဝါးတို့တွင် ထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။

ထိုသို့ ဖြစ်ပွားခဲ့သဖြင့် ရပ်ကွက်နေ ပြည်သူများက စောအုန်းထွန်းအား ဝိုင်းဝန်းဖမ်းဆီးခဲ့ပြီး ဘုရင့်နောင်နယ်မြေရဲစခန်းသို့ လာရောက်အပ်နှံခဲ့ကြောင်း သိရှိရသည်။



ကနဦး စိစစ်ချက်များအရ အဆိုပါစောအုန်းထွန်းဆိုသူသည် KNU/ KNLA (PC) မှ စီးပွားရေးတာဝန်ခံတစ်ဦး ဖြစ်ကြောင်း အစစ်ဆေးခံခဲ့ပြီး သီရိမင်္ဂလာဈေးတွင် ဈေးရောင်းဝယ်ရေး လုပ်ကိုင်နေသူတစ်ဦးဖြစ်ကြောင်း သိရှိရသည်။

ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၁၄၄ ညမထွက်ရ အမိန့်ကို ဆန့်ကျင်ဖောက်ဖျက်ပြီး တရားမဝင် လက်နက်ကိုင်ဆောင်သူ စောအုန်းထွန်းအား တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မြင်းခြံမြို့ရှိ မြဝတီဘဏ် ATM ငွေထုတ်စက်ကို လူစုလူဝေးဖြင့် ဖျက်ဆီး

**နေပြည်တော် မတ် ၄**

မြင်းခြံမြို့ရှိ မြဝတီဘဏ် ATM ငွေထုတ်စက်ကို လူစုလူဝေးဖြင့် ဖျက်ဆီးခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်အရ မတ် ၄ ရက် နံနက် ၁၁ နာရီ ၃၅ မိနစ်ခန့်တွင် ဆူပူဆန္ဒပြရန် ရည်ရွယ်ချက်ဖြင့် လူစုလူဝေးအင်အား ၈၀ ခန့်သည် မြင်းခြံမြို့နယ်(၁၃)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနှင့် လမ်းသစ်လမ်းထောင့်ရှိ မြဝတီဘဏ်ရှေ့တွင် စုဝေးရောက်ရှိနေကြောင်း။

မြဝတီဘဏ်အနေဖြင့် ယနေ့တွင် ဘဏ်လုပ်ငန်းဆောင်ရွက်မှု မရှိဘဲ ဘဏ်ပိတ်ထားပြီး ဆူပူအကြမ်းဖက်လူအုပ်စုက ဘဏ်အဆောက်အဦကို ကျောက်ခဲ၊ အုတ်ခဲများဖြင့် ပစ်ပေါက်ခြင်း၊ ဘဏ်ရှေ့ရှိ ATM စက်အား ရိုက်ချိုးဖျက်ဆီးခြင်းများ ပြုလုပ်ကာ စက်အတွင်းရှိ ငွေတန်ဖိုး (စိစစ်ဆဲ)ကို ယူဆောင်ထွက်ပြေးသွားကြောင်း။

ဆန္ဒပြသူ လူစုလူဝေးများအနေဖြင့် ဆန္ဒပြခေါင်းစဉ်နှင့်အတူ အဖျက်အမှောင့်လုပ်ငန်းများကို ပူးတွဲပြုလုပ်ခြင်း၊ အကြမ်းဖက်မှုကျူးလွန်ခြင်းများကို နေရာအနှံ့အပြားတွင် အများအပြား လုပ်ဆောင်နေသည်ကို တွေ့ရှိရကြောင်း၊ ၎င်းကဲ့သို့ အကြမ်းဖက်ဖြစ်စဉ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖြိုခွဲရာတွင် မလိုလားအပ်သော ထိခိုက်ဒဏ်ရာရရှိမှုဖြစ်စဉ်များ မဖြစ်ပွားရေးအတွက် ပြည်သူလူထုအနေဖြင့် လိုက်ပါဆောင်ရွက်ခြင်း မပြုကြရန် အသိပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

# ရုံးအဝင်ခြံတံခါးကို သံကြိုးများဖြင့် သော့ခတ်တားဆီး၍ဝန်ထမ်းများ ဝင် ထွက်မှု မပြုနိုင်ရန် တားဆီးပိတ်ပင်ခံရ

**နေပြည်တော် မတ် ၄**

နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားအား စဉ်ဆက်မပြတ် သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်ကြသူများဖြစ်သကဲ့သို့ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် ဝန်ထမ်းကျင့်ဝတ်တို့အရ သတ်မှတ်ထားသည့် စည်းကမ်းများကို လိုက်နာကြရသူများဖြစ်ပါသည်။ အကယ်၍ ဝန်ထမ်းကျင့်ဝတ်ပျက်ယွင်းပါက နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူခံရနိုင်သဖြင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတို့၏ လုပ်ငန်းခွင်များသို့ ဝင်ရောက်၍ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေကြပါသည်။

ယခုအခါ နိုင်ငံတော်အစိုးရအား ဆန့်ကျင်သည့် အဖွဲ့အစည်းများသည် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူလူထုအတွင်း သွေးထိုးလှုံ့ဆော်ခြင်း၊ စည်းရုံးခြင်း၊ ခြိမ်းခြောက်ခြင်း၊ လူမှုမီဒီယာများအသုံးပြု၍ အရှက်ရစေရန် ဆောင်ရွက်ခြင်းစသည့် နည်းလမ်းမျိုးစုံ အသုံးပြု၍ အဖျက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ၄-၃-၂၀၂၁ ရက်နေ့ နံနက် ၁၁ နာရီ ၁၅ မိနစ် ခန့်တွင် နိုင်ငံတော်ဆန့်ကျင်ရေးကို ဦးတည်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများမှ လူအင်အား ၃၀ ခန့်က ပြည်မြို့ရှိ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးသို့ စုရုံးရောက်ရှိလာပြီး ရုံးအဝင်ခြံတံခါးကို သံကြိုးများဖြင့် သော့ခတ်၍ ဝန်ထမ်းများ ဝင်/ ထွက်မှု မပြုနိုင်ရန် တားဆီးပိတ်ပင် ဆောင်ရွက်ခဲ့ကြသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများမှာ ပြည်သူများအား အသိပညာ ဗဟုသုတရရှိစေရန် ရည်ရွယ်၍ ပြည်သူ့စာကြည့်တိုက်များ ဖွင့်လှစ်ဆောင်ရွက်ပေးနေသည့် ရုံးများဖြစ်သဖြင့် ယခုကဲ့သို့ ပိတ်ပင်တားမြစ်ခြင်းမှာ ဝန်ထမ်းများကိုသာမက စာပေဖတ်ရှုလေ့လာလိုသူ ပြည်သူများကိုပါ တားမြစ်ပိတ်ပင်ခြင်းဖြစ်သည့်အတွက် လွန်စွာအရုပ်ဆိုးအကျည်းတန်သည့် ကျူးလွန်မှုတစ်ခုဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းများအား တာဝန်ထမ်းဆောင်ခြင်း မပြုနိုင်ရန် ခြိမ်းခြောက်ဟန့်တားမှုမြောက်ပါသဖြင့် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သင့်သည်ဟု ဒေသခံပြည်သူများက လိုလားလျက်ရှိကြောင်း သိရသည်။

**နွေးနွေးမောင်**

# ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ပြည်နယ်ဖူဆယ်ဘောလုံးအားကစားရုံ တည်ဆောက်မည့် မြေနေရာ ကြည့်ရှုစစ်ဆေး





ဘားအံ မတ် ၄

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးနှင့် အဖွဲ့ဝင်များသည် မတ် ၄ ရက် နံနက်ပိုင်းက ဘားအံမြို့ အမှတ် (၅)ရပ်ကွက် တက္ကသိုလ်ဘွဲ့နှင်း သဘင်ခန်းမအနီး တိုးချဲ့ကွက်သစ်ရှိ ပြည်နယ်ဖူဆယ်ဘောလုံးအားကစားရုံ တည်ဆောက်မည့်မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့စစ်ဆေးရာတွင် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးနိုင်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမင်းမင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက အလျားပေ ၁၆၀၊ အနံပေ ၁၃၀ နှင့် အမြင့်ပေ ၃၀ ရှိ ဖူဆယ်ဘောလုံးအားကစားရုံ တည်ဆောက်မည့်မြေနေရာနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဖူဆယ်ဘောလုံးအားကစားရုံ တည်ဆောက်ရေးလုပ်ငန်းကို အမြန်ဆုံးစတင်ရန်နှင့် သတ်မှတ်စံချိန်စံနှုန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားကြောင်း သိရသည်။

**စောမျိုးမင်းသိန်း**

**(ပြန်/ဆက်)**

# စစ်မှုထမ်းဟောင်းများ၊ ရဲမှုထမ်းများနှင့် မိသားစုဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများအား ဆန်၊ဆီ၊ ဆား၊ ပဲ စားသောက်ဖွယ်ရာများ ပေးအပ်

နေပြည်တော် မတ် ၄

နိုင်ငံတော်နှင့် တပ်မတော်အတွက် အသက်ပေးလှူခဲ့ရသည့် အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ရဲမှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ စားရေးအခက်အခဲမရှိစေရန် ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများကို လည်းကောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် ဆေးဝါးများ၊ စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများကို လည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များ၊ စစ်မှုထမ်းဟောင်းရုံး၊ အိမ်ရာများ၊ တပ်နယ်ခန်းမများ၊ ရဲတပ်ဖွဲ့မှူးရုံးများနှင့် သက်ဆိုင်ရာ ရဲစခန်းများ၌ ပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်တောင်ပိုင်း မိုးနဲမြို့နှင့် မိုင်းရှူးမြို့တို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များအား အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် နိုင်နိုင်ဦးနှင့် တာဝန်ရှိသူများက လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက လည်းကောင်း အသီးသီးသွားရောက်တွေ့ဆုံ၍ ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။



ထို့ပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် အလှူရှင်များက စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် မတ် ၄

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မြိတ်မြို့နှင့် လောင်းလုံးမြို့တို့တွင် ၀ ဒသမ ၂၈ လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ဆေးကုသရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက် ဆောင်ရွက်

နေပြည်တော် မတ် ၄

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံနှင့် သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံနှင့် ရွှေကျင်မြို့နယ် ဒုံဇရစ်ကျေးရွာတိုက်နယ်ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက နယ်မြေခံတပ်ရှိ တပ်မတော်ဆေးရုံမှ ဆရာဝန်များနှင့် သူနာပြုများ လာရောက်ကုသပေးနိုင်ပါရန် အကူအညီတောင်းခံမှုကြောင့် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တပ်နယ်များအလိုက် တပ်မတော်ဆေးရုံမှ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့်သူနာပြုများပါဝင်သော ဆေးကုသရေးအဖွဲ့အား စေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



အဆိုပါဆေးရုံများ၌ တပ်မတော်ဆေးကုသရေးအဖွဲ့များက ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ယနေ့တွင် ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန်လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

အလားတူ ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ဆားမော်ကျေးရွာတိုက်နယ်ဆေးရုံရှိ ဆရာဝန်များနှင့် သူနာပြုများသည် ၎င်းတို့၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်းမရှိဘဲ တာဝန်များပျက်ကွက်လျက်ရှိသောကြောင့် တိုက်နယ်ဆေးရုံပိတ်ထားရပြီး ဒေသခံပြည်သူများအနေဖြင့် ဆေးကုသရန် အခက်အခဲများဖြစ်ပေါ်လျက်ရှိကြောင်း မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်သို့ အကူအညီတောင်းခံလာခဲ့သဖြင့် နယ်မြေခံတပ်မတော်ဆေးရုံများမှ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးအဖွဲ့အား စေလွှတ်၍ ရောဂါဝေဒနာများခံစားနေရသည့် ပြည်သူများအား အဆိုပါကျေးရွာရှိ အောင်မင်္ဂလာကျောင်းတိုက်၌ မတ် ၃ ရက်မှစတင်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးထားမှုအခြေအနေများ၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်ပေးမှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင် ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

**ဘားအံ မတ် ၄**

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများသည် မတ် ၂ ရက်က လှိုင်းဘွဲမြို့နယ် ထီလုံကျေးရွာ ဈေးရုံ တည်ဆောက်ခြင်း၊ ထီလုံ- တာပေါင်- ပတ - နဘူး- ကော့ကရိတ် (တံတားကျိုး) လမ်းပေါ်ရှိ လမ်းတံတား လုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်း ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ပြည်နယ်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများက ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ထီလုံဈေးရုံ တည်ဆောက်ခြင်း လုပ်ငန်းကို သွားရောက်စစ်ဆေးရာ ပြည်နယ်စည်ပင်သာယာရေးညွှန်ကြားရေးမှူး သူရမြင့်သူနှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နှစ်ထပ် ဈေးရုံသစ် တည်ဆောက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဈေးရုံသစ် တည်ဆောက်ပြီးစီးပါက ဈေးဆိုင်ခန်းများကို စနစ်တကျ နေရာချထားပေးနိုင်ရေး၊ ရေ၊ မီး အစရှိသည့် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး၊ သန့်ရှင်းသာယာလှပ၍ ဈေးအင်္ဂါရပ်နှင့်အညီ စီမံဆောင်ရွက်ပေးနိုင်ရေးတို့ကို မှာကြားပြီး ဈေးရုံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့သည် ထီလုံ-တာပေါင်-ပတ-နဘူး-ကော့ကရိတ် (တံတားကျိုး) လမ်းပိုင်း လမ်းတံတားလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ တံတားအထူးအဖွဲ့(၁၄)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မိုးလွင်နှင့် လမ်းဦးစီးဌာနညွှန်ကြားရေးမှူး ဦးနန်းမြင့်အောင်တို့က အဆိုပါ လမ်းပိုင်းတွင် လမ်းအထူးအဖွဲ့(၂၂)နှင့် တံတားအထူးအဖွဲ့(၁၄)တို့က ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် လမ်းတံတားလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက သတ်မှတ်စံချိန်စံနှုန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန်မှာကြားပြီး ပတတံတား ပေ ၃၀၀ သံကူ ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းနှင့် ထီလုံ-တာပေါင်-ပတ-နဘူးလမ်း ၁၂ ပေအကျယ်မှ ၁၈ ပေအကျယ် ကတ္တရာလမ်း ချဲ့ခြင်းလုပ်ငန်းခွင်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဝဲကင်းအံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ သုန္ဒရနှင့် ကော့ကရိတ်မြို့နယ် ကော့ပလံဘုန်းတော်ကြီးကျောင်း ဆရာတော် ဘဒ္ဒန္တခေမာစာရတို့အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ကော့ပလံဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ ကျောင်းဆောင်သစ် ဆောက်လုပ်ရန် အလှူငွေကျပ်သိန်း ၅၀၊ ပါးစပ်နှင့် နှာခေါင်းစည်း ၂၀၀၀၊ လက်သန့်ဆေးရည် ၁၄၄ ဘူးတို့ကို ဆက်ကပ်လှူဒါန်း၍ ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို လှည့်လည်ကြည့်ရှုကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**




အမြို့မြို့အနယ်နယ်
ပျံ့နှံ့သည့် သတင်းစာ
မြန်မာ့အလင်း
သတင်းစာတွင်
ကြော်ငြာပါ

မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ |
| ဘာသာပြန် စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်း သတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၄ - ၃ - ၂၀၂၁

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၆၆၀/၆၉၅ ကျပ် | ၆၇၀/၆၉၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၆၇၀/၇၁၀ ကျပ် | ၆၈၀/၇၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၂၅/၆၅၅ ကျပ် | ၆၂၅/၆၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၅၀/၇၇၀ ကျပ် | ၇၅၀/၇၈၀ ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

နိုင်ငံတကာ ငွေကြေးများ

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၄၁၅ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၈၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၆၀ |
| ဂျပန် | ၁ ယန်း | ကျပ် ၁၃ . ၃၀ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၂ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ . ၅၀ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၅၀၀ | ၉၅၀၀ | ၅၅ | ၅၂၂၅၀၀ |
| MTSH | ၃၆၀၀ | ၃၆၀၀ | ၄၄၀ | ၁၅၈၄၀၀၀ |
| MCB | ၈၂၀၀ | ၈၂၀၀ | - | - |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | - | - |
| TMH | ၂၈၀၀ | ၂၈၀၀ | ၁၀ | ၂၈၀၀၀ |
| EFR | ၃၃၅၀ | ၃၃၅၀ | ၅၉၄ | ၁၉၈၉၉၀၀ |

ညီညီ - စုစည်းသည်

# ကျွန်တော် မိုးခါးရေ မသောက်တော့ပါ

## မောင်မိုးသောက်

**ကျွန်တော်တို့ တစ်လမ်းလုံးနီးပါး လူထုဆန္ဒပြပွဲများကို အားပေးသည်။ အချို့လည်း လမ်းမပေါ်ထွက် ဆန္ဒပြသူများကို သွားရောက်အားပေးကြသည်။ အချို့လည်း ကိုယ်တိုင်ပါဝင် ဆန္ဒပြကြသည်။ ညစဉ်ညတိုင်း ည ၈ နာရီဝန်းကျင်ရောက်သည်နှင့် တစ်ရပ်ကွက်လုံး ဆူညံစွာထုရိုက်ကြတော့သည်။ ကျွန်တော်လည်း ပါဝင်ထုရိုက်ခဲ့ရပါသည်။**

အမှန်ကိုဆိုရလျှင် ကျွန်တော်တို့ မိသားစုသည် နိုင်ငံရေးကိုလည်း စိတ်မဝင်စား၊ တပ်မတော်နှင့်လည်း မပတ်သက်၊ မည်သည့်ပါတီဘက်မှလည်း မလိုက်သဖြင့် ဖေဖော်ဝါရီလ ၁ ရက်နေ့ကတည်းက ဘာသိဘာသာ ကိုယ်နှင့်မဆိုင်သလို အေးအေးလူလူ နေခဲ့ကြပါသည်။ တစ်ရက်၊ နှစ်ရက်မှ လေး၊ ငါးရက်ခန့်ကြာသော် ရပ်ကွက်အတွင်းမှ မိတ်ဆွေ အပေါင်းအသင်းများ၊ လမ်းသူလမ်းသားများက ကျွန်တော်တို့အပေါ်တွင် အမြင်စောင်းသလို ဖြစ်နေကြသည်ကို တွေ့ရပါသည်။

**"အကယ်၍များ တို့မိသားစုကို တပ်မတော်ကလား၊ ဟိုအဖွဲ့ကလား၊ ဒီအဖွဲ့ကလားဆိုပြီး ရပ်ကွက်ကလူတွေ ရန်ရှာလာရင်၊ သတင်းပေး သူ့ဘက်သားလို့ ဖေ့စ်ဘွတ်ပေါ် တင်လိုက်ရင် ခက်ရချည်သေး"** ဟု တွေးမိသည်။ ထို့ကြောင့် **"တို့များလည်းမဖြစ်ချေဘူး"**ဟု စဉ်းစားမိပြီး ညစဉ်ညတိုင်းသူများတန်းတူ သံပုံးထု၊ လူလူချင်းတွေ့လျှင် လက်သုံးချောင်းထောင်ပြ၊ ဆန္ဒပြသူများလာလျှင် လက်ခုပ်တီးအားပေး၊ ကိုယ်တိုင်လည်း ဆန္ဒပြသည့်သူများ နောက်ကလိုက်ပါစသည်ဖြင့် လုပ်ခဲ့ရပါသည်။ ကျွန်တော်တို့ကဲ့သို့ အများနည်းအတိုင်း လုပ်ကြသည့် ရပ်ကွက်နေပြည်သူများလည်း ရှိပါသည်။ လူတစ်ကိုယ် စိတ်တစ်မျိုး တစ်ဦးနှင့်တစ်ဦး ခံယူချက်မတူနိုင်ဟု ဆိုသော်လည်း ဤနေရာတွင် တူကြရပါသည်။ **"မတူရင် မသက်သာဘူးသာမှတ်တော့"**ဆိုခံရမလို ဖြစ်နေပါသည်။

### အများမိုးခါးရေသောက်ခဲ့ရ

**"အာဏာရှင်စနစ်အလိုမရှိ၊ ဒီမိုကရေစီရရှိရေး တို့အရေး"**ဟူသည့် ကြွေးကြော်သံများမှာ အများနှင့်ဆိုင်သဖြင့် ကျွန်တော်တို့လည်း သဘောတူ လက်ခံခဲ့ပါသည်။ **"တို့ခေါင်းဆောင်တွေ ပြန်လွှတ်ပေး၊ ရုံးမတက်နဲ့၊ ရုန်းထွက်"** ကြွေးကြော်သံများ၊ သံပုံးထုရိုက်သံများမှာမူ ပုဂ္ဂိုလ်ရေးဆန်မှု၊ သဘောထားမတူသည့် ပြည်သူများအား ကိုယ်စိတ်နှစ်ပါး အနှောင့်အယှက် ဖြစ်စေမှုတို့ကြောင့် ဤအချက်များကို ကျွန်တော်တို့ လက်မခံပါ။ လက်မခံသော်လည်း အဆိုပါအခြေအနေ အကြောင်းကြောင်းကြောင့် အများမိုးခါးရေသောက်ခဲ့ပါသည်။

နေ့စဉ်နှင့်အမျှ လမ်းမများပေါ်မှ ဆန္ဒပြမှုဖြစ်စဉ်များတွင် အများဆုံး ပါဝင်ကြသည်မှာ လူငယ်လူရွယ်များ ဖြစ်ပါသည်။ ပညာတတ်လူငယ်များ ပါဝင်သလို အခြေခံပညာအဆင့် မရှိသူများလည်း ပါဝင်ပါသည်။ လူငယ်ဆိုသည်မှာ ဘဝအတွေ့အကြုံ နည်းပါးသေးသဖြင့် ကြောက်ရွံ့ခြင်းကင်းပြီး ဆင်ခြင်နိုင်မှု အားနည်းပါသည်။ လွတ်လပ်မှု၊ တက်ကြွမှု၊ ပျော်ရွှင်မှု၊ စွန့်စားမှု အားများပါသည်။ လက်ရှိအခြေအနေတွင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါ တစ်နှစ်ကြာဖြစ်ပွားခဲ့သောကြောင့် ကျန်းမာရေးဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာနေခဲ့ရသဖြင့် စိတ်ထွက်ပေါက်ပိတ်နေသော ကာလများ၊ မွန်းကျပ်နေသော ကာလများကို ကျော်ဖြတ်ခဲ့ရပါသည်။

> **"နွေဦးတိုက်ပွဲ၊ နွေဦးတော်လှန်ရေးဆိုပြီး တိုက်ကွက်ပုံစံအကောင်အထည်ဖော်ကြပါသည်။ ငြိမ်းချမ်းစွာ ဆန္ဒပြနေစဉ်အချိန်က ဒီမိုကရေစီနည်းလမ်းဖြင့် စည်းကမ်းတကျ ဆောင်ရွက်ကြသော်လည်း နောက်ပိုင်းတွင် အကြမ်းဖက်ဆန္ဒပြမှု ဖြစ်စဉ်များအဖြစ် ပြောင်းလဲရာ မဖြစ်သင့်မဖြစ်ထိုက်သော အနိဋ္ဌာရုံဆိုးကျိုးများ ဖြစ်ပေါ်လာပါသည်။ ရှေ့တန်းမှ တိုက်ပွဲဝင်နေကြသူများမှာ ရပ်ကွက်နေ လူငယ်လူရွယ်များ၊ ပညာတတ်လူငယ်များ အဓိကပါဝင်ကြပါသည်။ လက်ရှိကာလမှာ ပုဒ်မ ၁၄၄ ထုတ်ပြန်ထားသော ကာလဖြစ်၍ ငြိမ်းချမ်းစွာ ဆန္ဒပြခြင်းသည်ပင် ဥပဒေနှင့် ငြိစွန်းပါသည်။ ငြိမ်းချမ်းစွာ ဆန္ဒပြကြစဉ်က ပြဿနာကြီးကြီးမားမား မရှိသော်လည်း ထိပ်တိုက်ရင်ဆိုင် အကြမ်းဖက်ဆန္ဒပြမှုများ ပြုလုပ်လာသောအခါ ဆိုးကျိုးများ ဖြစ်ပေါ်လာပါသည်"**

ထိုအချိန်တွင် နိုင်ငံရေးအပြောင်းအလဲတစ်ရပ် ဖြစ်ပေါ်လာသောအခါ တစ်ချက်တည်း လှုံ့ဆော်လိုက်သည်နှင့် လောင်စာနှင့် မီးတွေ့သကဲ့သို့ ချက်ချင်းတောက်လောင်ပါတော့သည်။ မီးလောင်နေသည်ကို မငြိမ်းသတ်ဘဲ လေအားပင့်ပေးကြသဖြင့် လောင်ကျွမ်းအားလည်း ကောင်းလာပါသည်။ ယနေ့ နိုင်ငံရေးတောင်းဆိုမှုများတွင် CDM ကို အကောင်းဆုံး နိုင်ငံရေးတိုက်ကွက်အဖြစ် အသုံးချကြပါသည်။ ထိရောက်မည့်တိုက်ကွက်ဟု ယူဆထားကြပါသည်။ လူမှုကွန်ရက်စာမျက်နှာပေါ်မှ တစ်စုံတစ်ယောက်က အချက်ပေးလိုက်သည်နှင့် ချက်ချင်း အကောင်အထည် ဖော်ကြပါသည်။

လူထုလှုပ်ရှားဆန္ဒပြမှုများ လုပ်နေကြသည်။ လူအများ လမ်းပေါ်ထွက်၍ ပျော်ပျော်ပါးပါး ဆင်နွှဲသလို လုပ်နေကြခြင်းဖြစ်သည်။ ထိုင်သပိတ်၊ ထသပိတ်၊ ဝတ်စားဆင်ယင်မှု သပိတ်၊ အစားအသောက် အချက်အပြုတ်သပိတ် စသည်ဖြင့် Performance အမျိုးမျိုးဖြင့် သရုပ်ဖော်ခဲ့ကြသည်မှာ ဆန္ဒပြသည်နှင့် မတူဘဲ ဒီမိုကရေစီပျော်ပွဲရွှင်ပွဲနှင့် တူနေပါသည်။ ခုန်ပေါက်ကနေ ဆော့ကစားနေကြသည်။ မည်သို့ပင်ဖြစ်စေ ငြိမ်းချမ်းစွာ ဆန္ဒပြကြခြင်းဖြစ်၍ အပြစ်ဆိုစရာမရှိ။ ထို့အပြင် CDM တိုက်ပွဲ၊ နှစ်ငါးလုံး အထွေထွေ သပိတ်တိုက်ပွဲများဆင်နွှဲကြပြီး မြန်မာ့ရိုးရာ ယဉ်ကျေးမှုသနပ်ခါးကိုပါ သပိတ်တိုက်ပွဲအတွင်း ထည့်သွင်းခဲ့သည်ကို တွေ့ရပါသည်။

နွေဦးတိုက်ပွဲ၊ နွေဦးတော်လှန်ရေးဆိုပြီး တိုက်ကွက်ပုံစံအကောင်အထည်ဖော်ကြပါသည်။ ငြိမ်းချမ်းစွာ ဆန္ဒပြနေစဉ်အချိန်က ဒီမိုကရေစီနည်းလမ်းဖြင့် စည်းကမ်းတကျ ဆောင်ရွက်ကြသော်လည်း နောက်ပိုင်းတွင် အကြမ်းဖက်ဆန္ဒပြမှု ဖြစ်စဉ်များအဖြစ် ပြောင်းလဲရာ မဖြစ်သင့်မဖြစ်ထိုက်သော အနိဋ္ဌာရုံ ဆိုးကျိုးများ ဖြစ်ပေါ်လာပါသည်။ ရှေ့တန်းမှ တိုက်ပွဲဝင်နေကြသူများမှာ ရပ်ကွက်နေ လူငယ်လူရွယ်များ၊ ပညာတတ်လူငယ်များ အဓိက ပါဝင်ကြပါသည်။ လက်ရှိကာလမှာ ပုဒ်မ ၁၄၄ ထုတ်ပြန်ထားသော ကာလဖြစ်၍ ငြိမ်းချမ်းစွာ ဆန္ဒပြခြင်းသည်ပင် ဥပဒေနှင့်ငြိစွန်းပါသည်။ ငြိမ်းချမ်းစွာ ဆန္ဒပြကြစဉ်က ပြဿနာကြီးကြီးမားမား မရှိသော်လည်း ထိပ်တိုက်ရင်ဆိုင် အကြမ်းဖက်ဆန္ဒပြမှုများ ပြုလုပ်လာသောအခါ ဆိုးကျိုးများ ဖြစ်ပေါ်လာပါသည်။

### စဉ်းစားချင့်ချိန်

မြတ်စွာဘုရားရှင်က ကာလာမသုတ်တရားကို ဟောကြားထားပါသည်။ အရာရာတွင် မိမိကိုယ်တိုင် စဉ်းစားဉာဏ်ဖြင့် စဉ်းစားချင့်ချိန် ယုံကြည်ပြီးမှ မှန်သည်ဟု ကောက်ချက်ချနိုင်မှ လုပ်ကိုင်ဆောင်ရွက်ရန် ရည်ညွှန်းထားပါသည်။ မည်သို့သောပုဂ္ဂိုလ်က မည်သို့ပြောသည်ဖြစ်စေ၊ မည်သည့်ကိစ္စများ မည်သို့ဖြစ်သည်ဖြစ်စေ အမှန်/အမှား၊ အကောင်း/ အဆိုး၊ အကြောင်း/အကျိုး၊ အကျိုး/အပြစ် ကိုယ်တိုင် ချင့်ချိန်ပြီးမှသာ လက်ခံယုံကြည်မှုသာ အကောင်းဆုံး ဘဝကို ရရှိနိုင်မည် ဖြစ်ပါသည်။

မည်သည့်ဆရာက ပြောသည်ဖြစ်စေ၊ မည်သည့်ခေါင်းဆောင်က ဆိုသည်ဖြစ်စေ ပုဂ္ဂိုလ်စွဲမပါဘဲ ကြည်ကြည်လင်လင် ရှုမြင်ရပါသည်။ မှန်ရာကို လက်ခံပြီး မမှန်သည့်အရာကို မကျင့်သုံးမိဖို့ လိုပါသည်။ ကျွန်တော့် ညီငယ်၊ ညီမငယ်များအား ဆန္ဒပြထုတ်ဖော်ကြသည်ကို မလုပ်ပါနှင့်၊ မလိုက်ပါနှင့်ဟု မတားမြစ်ပါ။ စဉ်းစားချင့်ချိန်ပြီးမှ ပါဝင်ပါဟု မှာကြားပါသည်။

သို့သော် ယခုအချိန်အခါတွင် မိမိကိုယ်တိုင် စဉ်းစားချင့်ချိန်ခြင်း မရှိဘဲ ကွယ်ရာမှ နိုင်ငံရေးသမားများ၏ တွန်းအားပေးမှု၊ ပြည်ပမှ လက်ရှိအစိုးရကို မကျေနပ်သူများ၊ ဖျက်လိုဖျက်ဆီးလုပ်လိုသူများ၏ အချိန်ပြည့်လှုံ့ဆော်ပေးမှု၊ ပုဂ္ဂိုလ်စွဲ၊ စိတ်ခံစားချက် အစွဲဖြင့် ပါဝင်လာသူများ များပြားလာသလို ကျွန်တော်တို့လို ပုဂ္ဂိုလ်ရေး၊ နိုင်ငံရေးနှင့် မပတ်သက်သော်လည်း အများမိုးခါးရေသောက်သဖြင့် သောက်ရသူများ ပါဝင်လာကြပါသည်။ "အများ မိုးခါးရေ သောက်ဆိုသောက်မှ" ဆိုသည်မှာ အများမိုးခါးရေသောက်လျှင် မိမိပါ သောက်မှ အဆင်ပြေမည်ဆိုသကဲ့သို့ မိမိကိုယ်တိုင် နှစ်ခြိုက်သည်ဖြစ်စေ၊ မနှစ်ခြိုက်သည်ဖြစ်စေ အများနှင့် မဆန့်ကျင်အောင် အများနည်းတူ ပြုလုပ်ခြင်းကို ဆိုလိုသည်။

အများညီသည့်အတွက် ကျွန်တော်တို့လည်း ခံယူချက်များကို ပြောင်းလဲလိုက်ပါခဲ့ကြပါသည်။ ရပ်ကွက်အတွင်း၊ လမ်းအတွင်း အများစုဆန္ဒနှင့် မတူညီလျှင် ရန်သူအဖြစ် သတ်မှတ်တော့မည့်သဘောရှိ၍ မလိုက်လို့လည်း မဖြစ်ပါချေ။ ဒီမိုကရေစီဆိုသည့် လူထုအင်အားကို နိုင်ငံရေးတွင် ပြောင်းလဲအသုံးချခြင်း ခံလိုက်ရသည်။ အမှန်တွင် ဒီမိုကရေစီစနစ်တွင် အင်အားသည် အမှန်တရားမဟုတ်ပေ။ တရားမျှတမှုသည်သာ အမှန်တရား ဖြစ်ပါသည်။ တရားမျှတမှုကို အရောင်ဆိုးခံလိုက်ရသည်။ ဖန်ခွက်အတွင်းမှ ကြည်လင်နေသော ရေသည် ချက်ချင်း အရောင်ပြောင်းသွားသည်။ လူတစ်စုအော်လျှင် လူအများ လိုက်အော်ရသည်။ လူတစ်စု ထုနှက်လျှင် လူအများ လိုက်၍ ထုနှက်ကြရသည်။ လူတစ်စု တားဆီးလျှင် လူအများကပါ တားဆီးကြသည်။ ရေများ ရေနိုင်၊ မီးများ မီးနိုင် ဆိုသလို ဖြစ်လာခဲ့သည်။ မိုးခါးရေကို သောက်ရမည့်အဖြစ်သို့ ရောက်ကြရသည်။

### မိုးခါးရေ မသောက်တော့ပါ

ပြည်သူလူထုဆန္ဒပြမှု တစ်လနီးပါး ကြာလာသောအခါ စည်းကမ်းတကျ ဆန္ဒထုတ်ဖော်မှုများမှ စည်းမဲ့ကမ်းမဲ့ ဆန္ဒပြမှုများဖြစ်လာသည်။ စည်းလွတ်ဝါးလွတ် ပြုလုပ်မှုများ၊ အနိဋ္ဌာရုံများအား မြင်တွေ့လာသဖြင့် ကျွန်တော့်အနေဖြင့် အတော် စိတ်ညစ် စိတ်မချမ်းသာ ဖြစ်ရသည်။ ကျွန်တော်ကဲ့သို့ မိုးခါးရေသောက်သော အခြားလူများလည်း ရှိပါလိမ့်မည်။ ယနေ့ဒီမိုကရေစီခေတ်တွင် အမှန်တရားကို ထုတ်ဖော်ရန် ခက်ခဲသွားပြီး အများမိုးခါးရေသောက်မှ အဆင်ပြေပါသည်။ သို့သော် ယနေ့မှစ၍ ကျွန်တော် အများသောက်သော မိုးခါးရေမသောက်တော့ပါ။ ။

> **"ပြည်သူလူထုဆန္ဒပြမှု တစ်လနီးပါး ကြာလာသောအခါ စည်းကမ်းတကျ ဆန္ဒထုတ်ဖော်မှုများမှ စည်းမဲ့ကမ်းမဲ့ ဆန္ဒပြမှုများ ဖြစ်လာသည်။ စည်းလွတ် ဝါးလွတ် ပြုလုပ်မှုများ၊ အနိဋ္ဌာရုံများအား မြင်တွေ့လာသဖြင့် ကျွန်တော့်အနေဖြင့် အတော် စိတ်ညစ် စိတ်မချမ်းသာ ဖြစ်ရသည်။ ကျွန်တော်ကဲ့သို့ မိုးခါးရေသောက်သော အခြားလူများလည်း ရှိပါလိမ့်မည်။ ယနေ့ဒီမိုကရေစီခေတ်တွင် အမှန်တရားကို ထုတ်ဖော်ရန် ခက်ခဲသွားပြီး အများမိုးခါးရေသောက်မှ အဆင်ပြေပါသည်။ သို့သော် ယနေ့မှစ၍ ကျွန်တော် အများသောက်သော မိုးခါးရေ မသောက်တော့ပါ"**

# တိုင်းဒေသကြီးလယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီနှင့် တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် မတ် ၄**

ရန်ကုန်တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီနှင့် တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၂ ရက်က တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။**(ယာပုံ)**

ရှေးဦးစွာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူး ဦးသိန်းဦးက လျှော်ကြေးပေးပြီးဖြစ်သည့် ကိစ္စရပ်များတွင် ယနေ့ခေတ်အခြေအနေအရ သိမ်းဆည်းစဉ်ကာလ လျော်ကြေးနည်းပါးနေ၍ ထပ်မံတောင်းဆိုလာသည့် ကိစ္စရပ်များ၊ မြေပြင်၌ ကျူးကျော်ဝင်ရောက်နေသူရှိ၍ ဖြေရှင်းရန် ခက်ခဲသည့် ကိစ္စရပ်များ၊ အမှုတွဲအလိုက် အဆင့်ဆင့်သော စိစစ်ရေးအဖွဲ့များက စိစစ်သုံးသပ်ပြီးသည့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှု အမှုတွဲများ၊ မြို့ပြတိုးချဲ့ခြင်းနှင့် စက်မှုဇုန်များရှိ မြေယာပြဿနာများ၊ တိုင်းဒေသကြီး လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့က ဦးဆောင်၍ လုပ်ကိုင်ခွင့်ရကုမ္ပဏီများနှင့် တောင်သူလယ်သမားများ သုံးပွင့်ဆိုင်ညှိနှိုင်းဆွေးနွေးပြီး နှစ်ဦးနှစ်ဖက် နစ်နာမှုမရှိစေရေးအတွက် ဖြေရှင်းပေးရမည့်ကိစ္စများ၊ ယခင်ကာလများတွင် ဆက်လက်စိစစ် ဖြေရှင်းပြီး အမှုတွဲများ၊ ယခုကာလတွင် စိစစ်ဖြေရှင်းရမည့် လက်ကျန်အမှုတွဲများ၊ ဗဟိုသို့ လမ်းညွှန်မှုခံယူ၍ သက်ဆိုင်ရာဝန်ကြီးဌာန၏ သဘောထား ပြန်ကြားပေးရန် တောင်းခံထားသည့် အမှုတွဲများ၊ မြေပြင်ကွင်းဆင်းစိစစ်ခြင်း ဆောင်ရွက်နေသည့်အမှုတွဲများ၊ ကျေနပ်မှုမရှိ၍ တိုင်ကြားလာမှုများအပေါ် ပြီးပြတ်အောင် စိစစ်ဆုံးဖြတ်ပေးရမည့် ကိစ္စရပ်များနှင့် တိုင်းဒေသကြီး လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်၏ ဖွဲ့စည်းပုံ မူလတာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ လယ်ယာမြေပေါ်တွင် စပါးအစား အခြားသီးနှံပြောင်းလဲ စိုက်ပျိုးခွင့်လျှောက်ထားသည့် အမှုတွဲများ၊ လယ်ယာမြေကို အခြားနည်းအသုံးပြုရန် လျှောက်ထားသည့် အမှုတွဲများ၊ လယ်ယာမြေ လုပ်ပိုင်ခွင့် အငြင်းပွားမှု ဖြေရှင်းပေးရန်တင်ပြထားသည့် အမှုတွဲများနှင့် အယူခံမှု အမှုတွဲများစသည့် လုပ်ငန်းဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြသည်။



ရန်ကုန်တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီနှင့် တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

ရှင်းလင်းတင်ပြချက်များအပေါ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးကြသည်။

ယင်းနောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက တိုင်းဒေသကြီးအတွင်းမြေယာနှင့် ပတ်သက်၍ဆောင်ရွက်နေဆဲနှင့် ဆောင်ရွက်ပေးရမည့်အမှုတွဲများစွာ ကျန်ရှိနေသဖြင့် မိမိတို့တာဝန်ယူထားသည့် ကာလတွင် အမြန်ဆုံးပြီးပြတ်အောင် ဆောင်ရွက်ပေးရန်၊ မြေယာအမှုအခင်းများ အမြန်ဆုံးပြီးပြတ်အောင် ဆောင်ရွက်ပေးမှသာ မြေယာကို အရင်းပြု၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများဖြင့် ဝမ်းစာစီးပွား ရှာဖွေစားသောက်နေရသည့် ကျေးလက်နေ တောင်သူလယ်သမားများက စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး တစ်ဦးချင်းဝင်ငွေ တိုးတက်လာမည်ဖြစ်ကြောင်း၊ မြေယာမှုခင်းအပေါ် အခြေခံ၍ ဖြစ်ပေါ်လာမည့် ရာဇဝတ်မှုများလည်း တားဆီးနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အဆင့်ဆင့်သော စိစစ်ရေးကော်မတီဝင်များသည် ပြဋ္ဌာန်းထားပြီးဖြစ်သော ဥပဒေလုပ်ထုံးလုပ်နည်းများအတိုင်း သမာသမတ်ကျကျ စိစစ်ဆောင်ရွက်ပေးရန် အရေးကြီးကြောင်း၊ ဝန်ကြီးဌာနအသီးသီးမှ ပြန်လည်စွန့်လွှတ်သည့်မြေများကိုလည်း မူဝါဒနှင့်အညီ သိမ်းဆည်းခံလယ်သမားများ၏ လက်ဝယ်သို့အမြန်ဆုံး ပြန်လည်ပေးအပ်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

## စီမံကိန်းများဆောင်ရွက်ရာတွင် ပြည်သူ့ဘဏ္ဍာငွေများ အလေအလွင့်မရှိစေရန်နှင့် အလွဲသုံးစားမှု မဖြစ်ပေါ်စေရေး အဆင့်ဆင့်ကြီးကြပ်ဆောင်ရွက်

**ပဲခူး မတ် ၄**

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ယမန်နေ့က တိုင်းဒေသကြီး/ မြို့နယ် စည်ပင်သာယာရေး အဖွဲ့များနှင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို အွန်လိုင်းအစည်းအဝေးစနစ်ဖြင့် ကျင်းပရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း တက်ရောက်သည်။

တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဖေဖော်ဝါရီ ၁၈ ရက်တွင် ဥပဒေအမှတ် (၈/၂၀၂၁)ဖြင့် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေး ဥပဒေ အခန်း (၃)နှင့် အခန်း(၅)တို့ကို ရုပ်သိမ်းခဲ့ပြီးဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေအရ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီမှ တိုင်းဒေသကြီး/ မြို့နယ် စည်ပင်သာယာရေးအဖွဲ့များကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းပေးထားပြီးဖြစ်၍ စည်ပင်သာယာရေး လုပ်ငန်းများကို ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရှိန်အဟုန်မပြတ် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အခက်အခဲများ ရှိပါကလည်း အချိန်နှင့်တစ်ပြေးညီ တင်ပြပေးရန်လိုအပ်ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် စီမံကိန်းများ ဆောင်ရွက်ရာတွင် ပြည်သူ့ဘဏ္ဍာငွေများ အလေအလွင့်မရှိစေရန် နှင့် အလွဲသုံးစားမှု မဖြစ်ပေါ်စေရေး အဆင့်ဆင့်ကြီးကြပ်ဆောင်ရွက်သွားရန်၊ မိုးရာသီ မရောက်မီ ပွင့်လင်းရာသီအတွင်း စည်ပင်သာယာရေးလုပ်ငန်းများ အချိန်မီ ပြီးစီးနိုင်ရေး ဆောင်ရွက်သွားရန် လိုအပ်ကြောင်းနှင့် ဝန်ထမ်းများ အနေဖြင့် ထုတ်ပြန်ထားသော နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေ နှင့်အညီ တာဝန်ကျေပွန်စွာ လိုက်နာဆောင်ရွက်ရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် (၂)နှင့် အတွင်းရေးမှူးတို့က ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များ သုံးသပ်ခြင်းနှင့် စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်အချိန်ကာလအတွင်း စည်ပင်သာယာရေးလုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေး အကြံပြုဆွေးနွေးကြပြီး၊ တက်ရောက်လာသည့် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် မြို့နယ် ၂၈ မြို့နယ်ရှိ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိများက မြို့နယ်အလိုက် ပစ္စည်းတင်ဒါနှင့် လုပ်ငန်းတင်ဒါ ခေါ်ယူပြီးစီးမှု၊ တင်ဒါအောင် ကုမ္ပဏီများနှင့် စည်ပင်သာယာရေးလုပ်ငန်းများ ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ဈေးများဖွင့်လှစ်ထားရှိမှု၊ အခွန်ရရှိမှု အခြေအနေများကို တင်ပြခဲ့ရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်မှာကြားကြောင်း သိရသည်။

အစည်းအဝေးသို့ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း၊ ကောင်စီဝင်(၂)၊ အတွင်းရေးမှူးနှင့် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝင်များ တက်ရောက်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## ကချင်ပြည်နယ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ အရှိန်အဟုန်မပြတ်ဆောင်ရွက်နိုင်ရေး ဆွေးနွေး

**မြစ်ကြီးနား မတ် ၄**

ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ကချင်ပြည်နယ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်ဆောက်လုပ်ရေး လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် ယမန်နေ့က ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ညှိနှိုင်းဆွေးနွေးကြသည်။ **(အောက်ပုံ)**

တွေ့ဆုံရာတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်က ပြည်နယ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများသည် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် လုပ်ငန်းများဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ကောင်စီအဖွဲ့အနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုမြန်ဆန်ပြီး ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးရမည့်ကိစ္စရပ်များ၊ အခက်အခဲများကို ဖြည့်ဆည်းနိုင်ရေး ပွင့်လင်းရင်းနှီးစွာ ဆွေးနွေးပေးစေလိုကြောင်း၊ သို့မှသာ လုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် ပြည်နယ်ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆောင်ရွက်ဆဲလုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းစာချုပ်ပါအတိုင်း ငွေကြေးထုတ်ယူမှု အခြေအနေအပေါ် သုံးသပ်ဖြေလျှော့ပေးရန် ကိစ္စရပ်များ၊ ဆောက်လုပ်ရေးသုံး အခြေခံကုန်ပစ္စည်းများ ဈေးနှုန်းအနည်းငယ် မြင့်တက်လာမှုအပေါ် ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးနိုင်ရေးနှင့် လုပ်ငန်းအရည်အသွေး စစ်ဆေးမှုလုပ်ငန်းများ စသည်တို့ကို တင်ပြကြရာ ပြည်နယ်ကောင်စီအဖွဲ့ဝင်များနှင့် ကောင်စီရုံး ညွှန်ကြားရေးမှူးတို့က လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ တင်ဒါစည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများနှင့် ဘဏ္ဍာရေးစည်းမျဉ်းများကို အကြံပြုဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

တင်ပြမှုများအပေါ် ပြည်နယ်ကောင်စီဥက္ကဋ္ဌက လုပ်ငန်းများ အရှိန်အဟုန်မပြတ်ဆောင်ရွက်နိုင်ရေးအတွက် ထုတ်ပြန်ထားသည့် တင်ဒါစည်းမျဉ်း၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရေး၊ ငွေကြေးထုတ်ယူမှုအပေါ် ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ဖြေလျှော့၍ လွယ်ကူမြန်ဆန်စွာ ဆောင်ရွက်ပေးနိုင်ရေးနှင့် လုပ်ငန်းအရည်အသွေးစစ်ဆေးမှုများနှင့် ပတ်သက်၍ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးနိုင်ရေးတို့ကို ညှိနှိုင်းဆောင်ရွက်ပေးသည်။ **ပြည်နယ် (ပြန်/ဆက်)**




**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# အချိန်တန်ပါပြီ ...

**မောင်သိဒ္ဓိ**

လူ့ဘဝရရှိလာပြီဆိုရင် လူတိုင်းလိုလို (အတိတ်ကံအားနည်းသူမှအပ)ဟာ အဆင့်မြင့်တဲ့ ဦးနှောက်ပါရှိကြပြီး ကျိုးကြောင်းဆီလျော်စွာ ဆင်ခြင်နိုင်စွမ်း၊ စကားပြောနိုင်စွမ်း၊ ပြန်လည်သုံးသပ်နိုင်စွမ်း၊ ပြဿနာဖြေရှင်းနိုင်စွမ်းနဲ့ စိတ်ခံစားနိုင်စွမ်းတွေ ရှိကြပါတယ်။ အဲဒီအပြင် လူသားတွေအားလုံးမှာ တစ်ပြေးညီ ရရှိထားတာကတော့ အချိန်ပါပဲ။ အချိန်ကို စုဆောင်းဖို့ မဖြစ်နိုင်သလို ကုန်လွန်အောင် လုပ်ဖို့ကျ သိပ်ကိုလွယ်ကူလွန်းလှပါတယ်။ အချိန်ဆိုတာ အသက်တမျှ အရေးကြီးပြီး လူ့အသက်သေဆုံးသွားရင် ပြန်မရနိုင်တော့သလို အချိန်တွေ ကုန်ဆုံးသွားရင်လည်း ပြန်လည်ရယူဖို့ မည်သို့မျှမဖြစ်နိုင်တော့ပေ။

### ကောင်းစွာမြှင့်တင် တည်ဆောက်နိုင်

ငယ်စဉ်အရွယ်ကစပြီး လူမှုနီတိတွေ၊ အခြေခံစာပေတွေကို လေ့လာသင်ယူခဲ့ကြရတဲ့ ရင်သွေးရတနာတွေဟာ နိုင်ငံရဲ့အနာဂတ်ကို ပခုံးပြောင်းထမ်းဆောင်ဖို့ တက္ကသိုလ်နယ်ပယ်အသီးသီးမှာ ဆိုင်ရာပညာရပ်တွေကို လေ့လာသင်ယူနေခြင်းဟာလည်း အချိန်ကို အကျိုးရှိရှိ သုံးစွဲနေတာ ဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကပ်ဘေးကြောင့် တက္ကသိုလ်တွေ ပိတ်ထားရချိန်မှာ ဘဝအတွက် အကျိုးရှိမယ့် စာအုပ်စာပေကောင်းတွေကို ဖတ်ရှုလေ့လာသင့်သလို ဘာသာစကားတွေ၊ ကွန်ပျူတာပညာရပ်တွေကို ကျွမ်းကျင်အောင် သင်ယူလေ့လာနေကြဖို့လည်း လိုပါတယ်။ ဒါမှသာ ကျောင်းပိတ်ထားတဲ့အချိန်တွေကို အချည်းအနှီးမဖြစ်စေဘဲ မိမိကိုယ်ကိုယ် ကောင်းစွာမြှင့်တင် တည်ဆောက်နိုင်ကြမှာ ဖြစ်ပါတယ်။

ပျော်စရာကောင်းပြီး ပညာနို့ရည်စို့ရချိန် ကျောင်းတက်တဲ့ကာလတွေဟာ အပူအပင်ကင်းတဲ့ လူငယ်ဘဝတွေပါပဲ။ လူငယ်ဘဝကို အထိန်းအကွပ်မဲ့ ဖြုန်းတီးခဲ့သူတချို့တွေကတော့ ပညာလည်းမစုံ၊ အရွယ်မတိုင်ခင် ဘဝကြမ်းကြမ်း ခရီးလမ်းကို ပင်ပန်းကြီးစွာ ခက်ခက်ခဲခဲ လျှောက်လှမ်းနေကြရတာကလည်း ဘယ်သူမပြု မိမိမှုပါပဲ။ မိမိပြုခဲ့တဲ့ ကောင်းမှု၊ မကောင်းမှုတွေကြောင့်ပဲ ကောင်းကျိုး၊ ဆိုးကျိုးကို ခံစားကြရတာ မဟုတ်ပေလော။

ပညာရပ်တွေကို ဆုံးခန်းတိုင် သင်ယူတတ်မြောက်ခဲ့တဲ့ ကျောင်းသား ကျောင်းသူတွေကို သက်ဆိုင်ရာ တက္ကသိုလ်တွေက အခမ်းအနားနဲ့ ဘာသာရပ်အလိုက် ဘွဲ့လက်မှတ်တွေ ဂုဏ်ယူဝမ်းမြောက်စွာ ချီးမြှင့်အပ်နှင်းပြီးချိန် ကျောင်းသား ကျောင်းသူတွေကလည်း ဘဝသစ်တစ်ခု စတင်လျှောက်လှမ်းဖို့ လုပ်ငန်းခွင်ဝင်ဖို့ ပြင်ဆင်ကြရပြန်တယ်။ လုပ်ငန်းခွင်ဆိုတာကလည်း ပင်လယ်ပြင်လို ကျယ်ပြောလှပြီး တတ်မြောက်ထားတဲ့ ပညာရပ်နဲ့ အံဝင်ခွင်ကျ ဖြစ်တာရှိသလို ထပ်မံလေ့လာသင်ယူကြရတဲ့ လုပ်ငန်းခွင်တွေကလည်း ရှိစမြဲမဟုတ်လား။ ဝင်ငွေရှိပြီး တည်မြဲတဲ့အလုပ်တစ်ခုရှိနေမှ ဘဝဆိုတာ ရပ်တည်နိုင်တယ်၊ သိက္ခာရှိရှိ ရှင်သန်နိုင်တယ်၊ အလုပ် (ဝင်ငွေ)ရှိမှ ဘဝတည်မြဲရှင်သန်နိုင်တယ်။ ဒါဟာ လောကနိယာမတရားပါပဲ။

### စစ်တမ်းကောက် ကြည့်လိုက်ရင်

ဂုဏ်သိက္ခာရှိပြီး သင့်တင့်လျောက်ပတ်တဲ့ လစာကို ရယူကာ နိုင်ငံ့တာဝန်ကို ကျရာကဏ္ဍအသီးသီးမှ ထမ်းဆောင်ဖို့ ရွေးချယ်လျှောက်လှမ်းခဲ့တဲ့ နိုင်ငံ့ဝန်ထမ်းတွေဟာ နိုင်ငံချစ်စိတ်၊ နိုင်ငံ့တာဝန်ထမ်းရွက်ချင်စိတ်ရှိသူတွေ ဖြစ်တယ်ဆိုတာ ငြင်းမရပါဘူး။ လစာရရှိရေးအတွက်၊ အလုပ်တစ်နေရာ ရရှိရေးအတွက် အကြောင်းအမျိုးမျိုးနဲ့ နိုင်ငံ့ဝန်ထမ်း ဖြစ်လာသူတွေလည်း ခြွင်းချက်အရရှိနေနိုင်ပါတယ်။ ဘယ်လိုအကြောင်းနဲ့ပဲ နိုင်ငံ့ဝန်ထမ်းဖြစ်လာကြပါစေ နိုင်ငံ့ဝန်ထမ်းဥပဒေကို လေးစားလိုက်နာရတာ အတူတူပါပဲ။ လက်ရှိကာလမှာ မြင်နေ၊ ကြားနေရတဲ့ ‘အလုပ်မတက်နဲ့ ရှန်းထွက်’ ဆိုတဲ့ Civil Disobedience Movement (CDM) မှာ ပါဝင်ဖို့ လှုံ့ဆော်သွေးထိုးနေသူတွေကို စစ်တမ်းကောက်ကြည့်လိုက်ရင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အလုပ်နားထားရသူတွေ၊ အလုပ်လက်မဲ့ဖြစ်သူတွေ၊ အကြောင်းအမျိုးမျိုးကြောင့် ဝန်ထမ်းအဖြစ်မှ အလုပ်ပြုတ်သွားသူတွေ၊ အလုပ်ဖြုတ်ခံရသူတွေ၊ ထောက်ပံ့ကြေးတွေနဲ့ စားသောက်နေသူတွေက အများစုပါပဲ။

ဒီလို ဒီလို လူတွေရဲ့ သွေးထိုးလှုံ့ဆော်တဲ့ စကားတွေကို နားယောင်ပြီး CDM ကို မလွှဲမရှောင်သာ နားယောင်ကာ အချိန်အတိုင်းအတာတစ်ခုပါဝင်ပြီးကြတဲ့ နိုင်ငံ့ဝန်ထမ်းတချို့ဟာ ကိုယ့်ရဲ့ နိုင်ငံ့တာဝန်၊ ဌာနတာဝန်တွေကို ပြန်လည်ထမ်းရွက်ဖို့ အချိန်တန်နေပြီပဲ ဖြစ်ပါတယ်။ CDM ကိစ္စနဲ့ပတ်သက်ပြီး ဖေဖော်ဝါရီလ ၂၆ ရက်နေ့က ပြုလုပ်တဲ့ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ(၁/၂၀၂၁) အစည်းအဝေးမှာ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က “အတိုင်းအတာတစ်ခုအထိ သည်းခံဆောင်ရွက်ပေးခဲ့ပြီး ယခုအခါ ဆက်လက်၍ စည်းကမ်းဖောက်ဖျက်သည့် နိုင်ငံ့ဝန်ထမ်းများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှုရှိရန်နှင့် တာဝန်ထမ်းဆောင်လိုစိတ်ရှိပြီး ယုံကြည်ချက်၊ ခံယူချက်များ ကောင်းမွန်ရန်လိုကြောင်း” မှာကြားခဲ့တာကို သတင်းတွေမှာ နားထောင်၊ ဖတ်ရှုလိုက်ရပါတယ်။

### စဉ်းစားချင့်ချိန်ကြဖို့လို

ဒီကနေ့ထိ CDM ဆိုတဲ့ အတွေးမှား၊ လုပ်ရပ်မှား၊ လမ်းစဉ်မှားတွေမှာ ပါဝင်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းတွေဟာ အမှားတွေကနေ ရှန်းထွက်ပြီး အမှားပြင်ကာ အမှန်မြင်နိုင်ဖို့ ဘဝမှာ ဒုတိယအကြိမ် အခွင့်အရေးက ရှိနေပါသေးတယ်။ အဲဒါကတော့ ‘မနက်ဖြန်’ ကစပြီး ‘အပြုံးမပျက် ရုံးတက်’ ကြဖို့ပဲ ဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေဟာ ပညာတတ် လူတော်လူကောင်းတွေဖြစ်တာကြောင့် ‘ဘယ်ဟာက ကောင်းတယ်၊ ဘယ်ဟာက မကောင်းဘူး၊ ဘယ်ဟာ အရေးကြီးတယ်၊ ဘယ်ဟာက လုပ်သင့်လုပ်ထိုက်တယ်’ ဆိုတာကို အသိဉာဏ်နဲ့ ယှဉ်ပြီး အချိန်မလွန်ခင်၊ အမှားမများခင်မှာ ဆုံးဖြတ်နိုင်ဖို့ လိုပါတယ်။ ဘဝမှာ အရေးကြီးဆုံးတွေကို စဉ်လိုက်ရင် မိသားစု၊ အလုပ်၊ ပညာရေး၊ မိတ်ဆွေ၊ လူမှုရေး၊ ဘာသာရေး၊ အပန်းဖြေမှု၊ ကျန်းမာရေး စတာတွေပဲ ဖြစ်လိမ့်မယ်။ အလုပ်(ဝင်ငွေ) မရှိတော့တာနဲ့ မိသားစု၊ ပညာရေး၊ မိတ်ဆွေ၊ လူမှုရေး၊ ဘာသာရေး၊ အပန်းဖြေမှု၊ ကျန်းမာရေး စတာတွေ အားလုံးကို ဆုံးရှုံးသွားရမှာ ဖြစ်ပါတယ်။ ဒါတွေကို CDM မှာ ပါဝင်ကြတဲ့ နိုင်ငံ့ဝန်ထမ်းတွေက အလေးအနက် ထားပြီး ရေရှည်အတွက်၊ ကိုယ့်ဘဝအတွက်၊ နိုင်ငံအတွက် အထူးအလေးအနက်ထား စဉ်းစားချင့်ချိန်ကြဖို့ လိုပါတယ်။

### လေ့လာမိသမျှ

CDM မှာ ပါဝင်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းတွေအနေနဲ့ တာဝန်တွေကို စွန့်ခွာပြီး အချိန်ကို ဖြုန်းနေကြမယ်ဆိုရင် ‘အချိန်ရဲ့ တန်ဖိုး’ကို တွက်ချက်ကြည့်နိုင်ဖို့ စာရေးဆရာ ကျော်ဝင်း ရေးသားထားတာထဲက လေ့လာမိသမျှ ဖော်ပြလိုပါတယ်။

“တစ်နှစ်ရဲ့ တန်ဖိုးကို သိချင်ရင် စာမေးပွဲကျတဲ့ ကျောင်းသားကို မေးကြည့်ပါ၊ တစ်လရဲ့ တန်ဖိုးကို သိချင်ရင် လမစေ့ဘဲ ကလေးမွေးတဲ့ မိခင်ကို မေးကြည့်ပါ၊ တစ်ပတ်ရဲ့ တန်ဖိုးကို သိချင်ရင် အပတ်စဉ်ထုတ် ဂျာနယ်အယ်ဒီတာကို မေးကြည့်ပါ၊ တစ်နေ့ရဲ့ တန်ဖိုးကို သိချင်ရင် ကလေးခြောက်ယောက်ကို ကျွေးမွေးရတဲ့ နေ့စားအလုပ်သမား တစ်ယောက်ကို မေးကြည့်ပါ၊ တစ်နာရီရဲ့ တန်ဖိုးကို သိချင်ရင် ဆုံစည်းခွင့်ကို စောင့်နေကြတဲ့ ချစ်သူများကို မေးကြည့်ပါ၊ တစ်မိနစ်ရဲ့ တန်ဖိုးကို သိချင်ရင် ရထားမမီလိုက်တဲ့ ခရီးသည်ကို မေးကြည့်ပါ၊ တစ်စက္ကန့်ရဲ့ တန်ဖိုးကို သိချင်ရင် ယာဉ်တိုက်မှုနဲ့ သီသီလေးလွဲသွားတဲ့ ဒရိုင်ဘာကို မေးကြည့်ပါ၊ တစ်မီလီစက္ကန့်ရဲ့ တန်ဖိုးကို သိချင်ရင် အိုလံပစ် ငွေတံဆိပ်ရှင်ကို မေးကြည့်ပါ” ဆိုတာပါပဲ။

ဤသို့ဆိုလျှင် CDM မှာ ပါဝင်နေရင်း အချိန်တွေဟာ နေ့ရက်နဲ့အမျှ အရေးကြီးနေပြီဆိုတာကို CDM ပြုလုပ်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းတိုင်းရဲ့ မသိစိတ်မှာ ရှိနေကြမှာ အမှန်ပါပဲ။ ‘ရုံးပြန်တက်ရမလား’၊ ‘အလုပ်ပြုတ်မှာလား’၊ ‘အလုပ်ထွက်ရမလား’ စတာတွေနဲ့ ပူပင်သောက ‘ဗျာပါဒ’ မီးတွေ လောင်ကျွမ်းနေမယ့်အစား အချိန်ဆွဲမနေတော့ဘဲ CDM ဝန်ထမ်းတွေအားလုံး ‘အချိန်တန်ပါပြီ’၊ ‘ရုံးပြန်တက်ကြပါ’၊ ‘အလုပ်မထွက်ပါနဲ့’ ဆိုတဲ့ စေတနာစကားတွေကို သတင်းစကားပါးပြီး တစ်နေ့တာအချိန်တွေကို ဖြုန်းမိနေသလား၊ အကျိုးရှိရှိ သုံးဖြစ်နေသလားဆိုတာ မိမိကိုယ်မိမိ ဆန်းစစ်သတိထားမိကြစေရေး အပြုသဘော ရေးသားလိုက်ရပါတယ်။ ။

> **“ဘဝမှာ အရေးကြီးဆုံးတွေကို စဉ်လိုက်ရင် မိသားစု၊ အလုပ်၊ ပညာရေး၊ မိတ်ဆွေ၊ လူမှုရေး၊ ဘာသာရေး၊ အပန်းဖြေမှု၊ ကျန်းမာရေး စတာတွေပဲ ဖြစ်လိမ့်မယ်။ အလုပ်(ဝင်ငွေ) မရှိတော့တာနဲ့ မိသားစု၊ ပညာရေး၊ မိတ်ဆွေ၊ လူမှုရေး၊ ဘာသာရေး၊ အပန်းဖြေမှု၊ ကျန်းမာရေး စတာတွေ အားလုံးကို ဆုံးရှုံးသွားရမှာ ဖြစ်ပါတယ်။ ဒါတွေကို CDM မှာ ပါဝင်ကြတဲ့ နိုင်ငံ့ဝန်ထမ်းတွေက အလေးအနက်ထားပြီး ရေရှည်အတွက်၊ ကိုယ့်ဘဝအတွက်၊ နိုင်ငံအတွက် အထူးအလေးအနက်ထား စဉ်းစားချင့်ချိန်ကြဖို့လို”**

## ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ဟားခါး မတ် ၄**

ချင်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၄/၂၀၂၁) ကို ယမန်နေ့က ဟားခါးမြို့ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။(ယာပုံ)

အစည်းအဝေးတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးငွန်ဆန်းအောင်က အမှာစကားပြောကြားပြီး ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီအတွင်းရေးမှူး ဦးတိုးဝင်းနှင့် ကောင်စီဝင်များက ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းကိစ္စရပ်များ ရှင်းလင်းဆွေးနွေးသည်။

### ညှိနှိုင်းဆောင်ရွက်ပေး

ထို့နောက် တက်ရောက်လာကြသည့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများက မိမိဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို တင်ပြကြရာ တင်ပြချက်များအပေါ် ပြည်နယ်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ခရိုင် (ပြန်/ဆက်)

# ပင်လောင်းမြို့နယ်အတွင်းရှိ အသက်တစ်နှစ်ခွဲအောက် ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံ

**ပင်လောင်း မတ် ၄**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် မြို့ပေါ်ရပ်ကွက်အတွင်းရှိ အသက်တစ်နှစ်ခွဲအောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင် မိခင်များအား ပုံမှန်ကာကွယ်ဆေးများ ထိုးနှံပေးခြင်းနှင့် ဆေးတိုက်ကျွေးခြင်း လုပ်ငန်းကို ယနေ့နံနက်ပိုင်းက မိခင်နှင့် ကလေးကျန်းမာရေး ဌာန၌ ဆောင်ရွက်ခဲ့သည်။(ယာပုံ)

အသက် တစ်နှစ်အောက် ကလေးငယ်များအား ပိုလီယို၊ ပြင်းထန် ဝမ်းပျက် ဝမ်းလျှော (ရိုတာ)၊ ပြင်းထန်အဆုတ်ရောင် (ပီစီဗီ)၊ ဆုံဆို့- ကြက်ညှာ- မေးခိုင်-အသည်းရောင် အသားဝါ (ဘီ)- ဦးနှောက်အမြှေးရောင် (ငါးမျိုးစပ်ကာကွယ်ဆေး)၊ ဂျပန် ဦးနှောက်ရောင်၊ ဝက်သက်- ဂျိုက်သိုးရောဂါ ပုံမှန်ကာကွယ်ဆေးများဖြစ်ပြီး ပင်လောင်းမြို့နယ်အတွင်းရှိ တိုက်နယ်ဆေးရုံများနှင့်ကျေးလက်ကျန်းမာရေးဌာနများမှ စုရပ်အသီးသီးတွင်လည်း ပုံမှန်ကာကွယ်ဆေးများ ထိုးနှံပေးခြင်းနှင့် ဆေးတိုက်ကျွေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





**ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်တွင် မတ် ၃ ရက်က အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးစဉ်။**

(အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား မတ် ၅ရက်အထိ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးသွားမည် ဖြစ်ကြောင်း သိရသည်။)

မောင်ယဉ်ဦး(ဒလ)



**စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးမြို့ မင်းရာဇာရပ်ကွက် ယုဇနလမ်းနှင့်သစ်ခွလမ်းတို့ကို မတ် ၃ ရက်က ကိုယ့်အားကိုယ်ကိုး ကွန်ကရစ် ခင်းခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။**

(မော်လူးမြို့ပေါ်ရပ်ကွက် စည်ပင်သာယာနယ်နိမိတ်လမ်းပိုင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် မော်လူးမြို့ စည်ပင်သာယာရေးအဖွဲ့မှ ဘိလပ်မြေအိတ် ၈၅၀ ပံ့ပိုးကူညီမှုဖြင့် သစ်ခွလမ်း အရှည်၃၂၄ ပေနှင့် ယုဇနလမ်း အရှည်၂၇၄ ပေတို့ကို ဖေဖော်ဝါရီ ၇ ရက်မှစတင်၍ ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်ခင်းခြင်း လုပ်ငန်းများ တစ်ပြိုင်တည်းဆောင်ရွက်ခဲ့ရာ မတ် ၃ ရက်တွင် လုပ်ငန်းများအားလုံး ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။)

နီတိုး

# တန့်ယန်းမြို့နယ်တွင် မီးဘေးအန္တရာယ် ကာကွယ်တားဆီးရေးအတွက် လက်တွေ့သရုပ်ပြလေ့ကျင့်

**တန့်ယန်း မတ် ၄**

ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမြို့နယ်တွင် မီးဘေးအန္တရာယ်



ကာကွယ်တားဆီးရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်အရန်မီးသတ်တပ်ရင်းတို့ ပူးပေါင်းကာ မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းကို ယမန်နေ့က အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်သည်။

အဆိုပါ အရေးပေါ်မီးသတ်ဆေးဘူး အသုံးပြုမီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းကို မြို့နယ်ပညာရေးဌာနမှ တာဝန်ရှိသူများနှင့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းခမ်းမန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှု၍ မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးထွန်းနိုင်ဦးနှင့် ဝန်ထမ်းများ၊ မြို့နယ်အရန်မီးသတ်တပ်ရင်းမှ တပ်ခွဲမှူး မြင့်မောင်နှင့် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များက အရေးပေါ်မီးသတ်ဆေးဘူး အသုံးပြု၍ မီးငြိမ်းသတ်နည်း နည်းစနစ်များအား လက်တွေ့သရုပ်ပြလေ့ကျင့်ကြကြောင်း သိရသည်။

မင်းလွင်ဦး(ပြန်/ဆက်)

# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည်-

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျစွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီစသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင်မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိ ထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူ နိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

# စစ်တွေမြို့နယ်၌ နယ်စပ်ဒေသဖွံ့ဖြိုးရေးပြည်ထောင်စုရန်ပုံငွေဖြင့် ကျေးရွာချင်းဆက် အရှည်ပေ ၁၅၀ ရှိ သံကူကွန်ကရစ်တံတားတစ်စင်းတည်ဆောက်

**စစ်တွေ မတ် ၄**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နယ်စပ်ဒေသဖွံ့ဖြိုးရေး (ပြည်ထောင်စု) ခွင့်ပြုရန်ပုံငွေကျပ် ၃၂၂ ဒသမ ၅၀၀ သန်းဖြင့် ဆောင်ရွက်လျက်ရှိသော စစ်တွေမြို့နယ် ကံ့ကော်ကျွန်း – ဇော်မတက် – ချောင်းနွယ်(ရွှေမင်းဂံ) လမ်းဆုံအထိ (၃/၁) မိုင်လမ်းပေါ်တွင် အရှည်ပေ ၁၅၀ ရှိသော သံကူကွန်ကရစ်တံတားတစ်စင်း တည်ဆောက်လျက်ရှိသည်။ **(ယာပုံ)**

တံတားတည်ဆောက်နေမှုကို ရခိုင်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူးဦးစိုးဦးနှင့် တာဝန်ရှိသူများက ယမန်နေ့က ကွင်းဆင်းစစ်ဆေးကြပြီး သတ်မှတ်ချိန်အတွင်း ပြီးစီးရေးနှင့်စံချိန်စံညွှန်းပြည့်မီစွာ ဆောင်ရွက်ရေးတို့ကို မှာကြားသည်။ အဆိုပါ တံတားတည်ဆောက် ပြီးစီးပါက ဒေသခံကျေးရွာငါးရွာ၊ အိမ်ခြေ ၉၆၄ အိမ်မှ လူဦးရေ ၃၇၅၈ ဦးတို့မှာ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည်ဖြစ်ကာ စစ်တွေမြို့တွင်းသို့လည်း ရာသီမရွေး သွားလာနိုင်တော့မည်ဖြစ်သည်။

နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရခိုင်ပြည်နယ်တွင်



၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၇၉၆ ဒသမ ၆၉၈ သန်းနှင့် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၁၁၅၁ ဒသမ ၇၈၅ သန်း စုစုပေါင်းခွင့်ပြုရန်ပုံငွေကျပ် ၄၉၄၈ ဒသမ ၄၈၃ သန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# လှည်းကူးမြို့နယ်ရှိ ငွေနှင်းမှိုစိုက်ပျိုးသူများ မှိုဈေးကွက်ကျဆင်းမှုကြောင့် ဝင်ငွေထိခိုက်မှုဖြစ်

**ရန်ကုန် မတ် ၄**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ငွေနှင်းမှိုစိုက်ပျိုးသူများ မှိုဈေးကွက်ကျဆင်းမှုကြောင့် ဝင်ငွေ ထိခိုက်မှုဖြစ်ကြောင်း ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်နေသူများထံမှ သိရသည်။

“ကျွန်တော်က ငွေနှင်းမှိုကို ၂၀၁၅ ခုနှစ်မှာ စတင်လေ့လာစိုက်ပျိုးခဲ့တာပါ။ ငွေနှင်းမှိုက ဆယ့်နှစ်လရာသီလုံး စိုက်ပျိုးလို့ရတယ်။ စိုက်ပျိုးပြီး တစ်လနီးပါးလောက်မှာ စတင်ဆွတ်ခူး ရောင်းတန်းဝင်တာကြောင့် စိုက်ဖြစ်ခဲ့တာပါ။ မှိုဈေးကွက်က ပြည်တွင်းပဲရှိပြီး ပြည်ပဈေးကွက်တော့ မရှိသေးဘူး။ လက်ရှိဈေးကွက်အနေအထားကတော့ ကိုဗစ်ကြောင့် ဈေးကွက်ပျက်နေပါတယ်။ လောလောဆယ်တော့ ဈေးကွက်ပျောက်နေတဲ့အတွက် ကျွန်တော်ကိုယ်တိုင် လော်စပီကာသုံးပြီး ရပ်ကွက်တကာ လှည့်ရောင်းနေရပါတယ်” ဟု ငွေနှင်းမှိုစိုက်ပျိုးသူကိုဆန်းရာ (ခ) အီကိုက ပြောသည်။

၂၀၁၉–၂၀၂၀ ခုနှစ်များက ငွေနှင်းမှိုတစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ ဝန်းကျင်အောက် ကျဆင်းမှု မရှိခဲ့သော်လည်း ယခုအခါ ဈေးကွက်တည်ငြိမ်မှု မရှိတော့ကြောင်း သိရသည်။

“ကျွန်တော်တို့ ပင်မစိုက်ပျိုးသူအတွက်က တစ်ပိဿာဈေးပုံမှန် ငွေကျပ် ၂၀၀၀ နဲ့ ၂၅၀၀ လောက်ရမှ အဆင်ပြေမှာပါ။ ဒါပေမယ့် ဒိုင်တွေက အခုလောလောဆယ် တစ်ပိဿာကို ငွေကျပ် ၁၀၀၀ ကနေ ၁၅၀၀ လောက်သာ ဈေးပေးနေပါတယ်။ ကျွန်တော်တို့အတွက် လုပ်အားခ မပြေပါနဲ့။ အရင်းတောင် ကျေရုံလောက်သာ ရှိပါတယ်”ဟု ၎င်းက ဆက်လက်ပြောသည်။

ငွေနှင်းမှို ဈေးနှုန်းများ တစ်စတစ်စ ကျဆင်းလာသည့်အတွက် မှိုစိုက်ပျိုးရေးကို စွန့်လွှတ်၍ အခြားသော သီးနှံပင်များ ပြောင်းလဲစိုက်ပျိုးသည့် တောင်သူများလည်း ရှိလာခဲ့ကြောင်း သိရသည်။

**နန်းထက်ထက်ချစ်**


COVID-19

ကပ်ရောဂါကူးစက်မှုလျှော့ချနိုင်ဖို့

လေဝင်လေထွက်ကောင်းမွန်မှုမရှိသော

အလုံပိတ်နေရာများကို ရှောင်ကြဉ်ပါ




COVID-19 ကပ်ရောဂါကူးစက်မှုကို လျှော့ချနိုင်ဖို့ ဆောင်ရန်၊ ရှောင်ရန်တွေက ဘာတွေလဲ?

ရှောင်ကြဉ်သင့်တဲ့အရာတစ်ခုကတော့ လူအများအပြားရှိပြီး လေဝင်လေထွက်ကောင်းမွန်မှုမရှိတဲ့ "အလုံပိတ်နေရာများ" ပဲ ဖြစ်ပါတယ်။ ဒီလိုနေရာတွေက COVID-19 ဗိုင်းရပ်စ်ပိုးတွေ အကြိုက်ပါပဲ။ လေအေးပေးစက်အသုံးပြုထားတဲ့ အလုံပိတ်နေရာတွေထဲမှာ ဗိုင်းရပ်စ်ပိုးတွေဟာ အချိန်ကြာမြင့်အောင် လွင့်မျောနေနိုင်ပါတယ်။ ကောင်းမွန်တဲ့ လေဝင်လေထွက်စနစ်မရှိတဲ့ အလုံပိတ်အခန်းတွေဟာ ဝေးဝေးရှောင်ရမယ့်အရာပါပဲ။ ဒါကြောင့် တတ်နိုင်သလောက် အိမ်မှာပဲနေပြီး အိမ်ထဲမှာလည်း လေဝင်လေထွက်ကောင်းအောင် ပြုလုပ်ထားသင့်ပါတယ်။ လူကြပ်တဲ့အချိန်တွေမှာလဲ ဘတ်စ်ကားအသုံးပြုမှုကို ရှောင်ကြဉ်ပါ။

အများသုံး

သယ်ယူပို့ဆောင်ရေးယာဉ်

အသုံးပြုတဲ့အခါ




လူထူထပ်တဲ့နေရာတွေကို ဂရုစိုက်ပါ။ ဥပမာ – ဘတ်စ်ကားစီးနင်းတဲ့အခါမျိုးပါ။ ပြည်တွင်းကူးစက်မှုတွေကလဲ တဖြည်းဖြည်း မြင့်မားနေပါတယ်။ လေအေးပေးစက်အသုံးပြုတဲ့ ဘတ်စ်ကားတွေ စီးမယ်ဆိုရင် နှာခေါင်းစည်း၊ Face shield၊ လက်အိတ်စတဲ့ တစ်ကိုယ်ရည်သုံး ကာကွယ်ရေး ပစ္စည်းတွေ ဝတ်ဆင်ဖို့ မမေ့ပါနဲ့။ မိမိရဲ့မျက်နှာကိုလဲ လက်တွေနဲ့ မထိပါနဲ့။ အိမ်ပြန်ရောက်တဲ့အခါမှာလည်း လက်ကို သေချာစွာဆေးကြောပေးပါ။

# နိုင်ငံ့စီးပွားတိုးပွားစေဖို့ တောင်သူတို့အစွမ်း မြှင့်တင်စို့

## သပြေစိုး

**မြန်မာလူမျိုးများသည် ဆန်စပါး၊ ပဲနှင့် ဟင်းသီးဟင်းရွက်အမျိုးမျိုးကို အဓိကထား စားသုံးသည့်လူမျိုးများဖြစ်သည့်အပြင် မြန်မာ့ရေမြေ ရာသီဥတုသည် ဆန်စပါး အထူးစိုက်ပျိုးဖြစ်ထွန်းသည့် ရာသီဥတုဖြစ်ရာ လယ်ယာကဏ္ဍသည် မြန်မာ့စီးပွားရေးအတွက် အရေးပါသော အခန်းကဏ္ဍတစ်ခု ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဆန်စပါးစိုက်ပျိုးရေးကို ရှေးမြန်မာဘုရင်များ လက်ထက်မှသည် ယနေ့ခေတ်အထိ ဦးစားပေး ဆောင်ရွက်ခဲ့သည်။**

### တာဝန်ကျေခဲ့သူများ

တောင်သူလယ်သမားများသည် မြန်မာနိုင်ငံ၏ ဝမ်းစာကဏ္ဍတွင်သာ ကျေးဇူးပြုနိုင်သည် မဟုတ်ပေ။ မြန်မာ့သမိုင်း၌ လွတ်လပ်ရေးကြိုးပမ်းမှုတွင်လည်း သမိုင်းတစ်လျှောက် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ခဲ့ကြသည်။ မြန်မာ့လယ်ယာမြေ၊ မြန်မာ့ရေကို ချစ်မြတ်နိုးစိတ်ဖြင့် ကာကွယ်စောင့်ရှောက်ခဲ့သူများဖြစ်သည်။ မြန်မာနိုင်ငံ နယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့ရစဉ်ကာလ ၁၉၃၀ ပြည့်နှစ်က သာယာဝတီခရိုင်မှ စတင်ခဲ့သော ဆရာစံခေါင်းဆောင်သည့် တောင်သူလယ်သမား အရေးတော်ပုံသည် နယ်ချဲ့တို့ကို တုန်လှုပ်ချောက်ချားစေရုံသာမက မြန်မာ့လွတ်လပ်ရေးအတွက် တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှု မျိုးချစ်စိတ်ကို နှိုးဆွစေခဲ့ပါသည်။ ထို့ကြောင့်တောင်သူလယ်သမားများသည် မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာကဏ္ဍတွင် သာမက နယ်ချဲ့တို့၏အန္တရာယ်ကို ကာကွယ်ရာတွင်လည်း အမိမြေအတွက် တစ်ဖက်တစ်လမ်းမှ တာဝန်ကျေခဲ့သူများဖြစ်သည်။

တောင်သူလယ်သမားဦးကြီးတို့၏ ကျေးဇူးတရားကို အလေးအမြတ်ပြုသောအားဖြင့် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ၁၉၆၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် တောင်သူလယ်သမားနေ့ကို စတင်ကျင်းပခဲ့သည်။ ထို့နောက် ၁၉၆၅ ခုနှစ်တွင် မတ်လ ၂ ရက်နေ့သို့ ပြောင်းလဲသတ်မှတ်ကာ နှစ်စဉ် ကျင်းပခဲ့သည်။ ခေတ်အဆက်ဆက်တွင်လည်း နိုင်ငံတော်အစိုးရက တောင်သူလယ်သမားတို့၏ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခဲ့သည်။

တိုင်းပြည်အတွက် တာဝန်ကျေခဲ့သူ တိုင်းပြည်စားနပ်ရိက္ခာကဏ္ဍ၏ ကျေးဇူးရှင်များဖြစ်သည့် တောင်သူလယ်သမားများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသည့်လူမှုအခွင့်အရေးများ ရရှိစေရန်အတွက် ခေတ်အဆက်ဆက် အစိုးရများက ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသည်။ မြန်မာ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသနေ ပြည်သူများဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် မြန်မာပြည်သူတို့အတွက် အဓိကကျသော ဆန်စပါးကို စိုက်ပျိုးထုတ်လုပ်ပေးနေသော ကျေးဇူးရှင်တောင်သူလယ်သမားကြီးများသည် ကျေးလက်ဒေသများတွင် နေထိုင်လျက်ရှိပါသည်။

သို့ဖြစ်ရာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဆက်သွယ်ရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးဟူသော လုပ်ငန်းနယ်ပယ်ကြီး (၆) ရပ်တွင် နိုင်ငံတော်က ကျေးလက်ဒေသ သောက်သုံးရေရရှိရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မဟာဓာတ်အားလိုင်းပြင်ပ ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လမ်းများနှင့် တံတားများ တည်ဆောက်ခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်း၊ ကျေးလက်ဒေသ အိမ်ရာတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ကျေးလက်ဒေသနေပြည်သူများ အလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေးလုပ်ငန်းများ ဖော်ထုတ်ဆောင်ရွက်နိုင်ရန် အရင်းမပျောက်မတည်ရန်ပုံငွေ ထူထောင်ပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ပြင် သာမက ကျေးလက်နေပြည်သူများ၏ လုပ်ငန်း

> **“မြန်မာနိုင်ငံသည် နှစ်စဉ်တိုးတက်လျက်ရှိသည့် လူဦးရေအတွက် နိုင်ငံ၏စားနပ်ရိက္ခာ လုံခြုံစိတ်ချမှုရှိစေရေးသာမက နိုင်ငံတကာဈေးကွက်လိုအပ်ချက်နှင့်အညီ နိုင်ငံတကာ ဈေးကွက်သို့ ပိုမိုတိုးတက် တင်ပို့ရောင်းချနိုင်ရေးအတွက် ဈေးကွက်လိုအပ်ချက်နှင့်ကိုက်ညီသော သီးနှံစိုက်ပျိုးထုတ်လုပ်မှုများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရမည်ဖြစ်”**

စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပို့ချခြင်းနှင့် ဒေသထုတ်ကုန်များ ဈေးကွက်ရရှိရေး ချိတ်ဆက်ကူညီဆောင်ရွက်ပေးရန်၊ ကျေးလက်ပြည်သူများကိုယ်တိုင် ပါဝင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အသေးစားအခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဝင်ငွေတိုးလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများ ဖော်ဆောင်ပေးခြင်း၊ ကျေးလက်ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပါသည်။

### စိုက်ပျိုးရေးနည်းပညာများလေ့လာနိုင်

အလားတူပင် ခေတ်မီစိုက်ပျိုးနည်းပညာများ၊ ရာသီဥတုဆိုင်ရာ သတင်းအချက်အလက်များနှင့် ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များကို တောင်သူလယ်သမားကြီးများ အချိန်နှင့်တစ်ပြေးညီ သိရှိအသုံးချနိုင်ရေးအပါအဝင် လယ်ယာကဏ္ဍဆိုင်ရာ သတင်းများ၊ ပညာပေးနှင့် ဖျော်ဖြေရေးအစီအစဉ်များ စသည့် ကဏ္ဍစုံပါဝင်သော “တောင်သူလယ်သမား ကဏ္ဍရုပ်သံလိုင်း (Farmer Channel)”အစီအစဉ်နှင့် တောင်သူလယ်သမားများ ဗဟုသုတရရှိရေးအတွက် ဂျာနယ်များ၊ ပညာပေးစာစောင်များ၊ လယ်ယာစီးပွား သတင်းများ ထုတ်ပြန်ပေးနေသည့်အပြင် စိုက်ပျိုးနည်းပညာများ လွယ်လင့်တကူရရှိနိုင်ရန် မိုဘိုင်းဖုန်းများမှ Mobile Application ဖြင့် မိုးလေဝသသတင်းများ၊ လယ်ယာကဏ္ဍနှင့် ဈေးကွက်ဆိုင်ရာ အချက်အလက်များ၊ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများကို ထုတ်ပြန်ဝန်ဆောင်မှုပေးနေသဖြင့် တောင်သူလယ်သမားများ အချိန်နှင့်တစ်ပြေးညီ လေ့လာသိရှိနိုင်နေပြီ ဖြစ်ပါသည်။

ထို့အပြင် ယနေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ဆောင်ရွက်လျက်ရှိသော ဦးတည်ချက် (၉) ရပ်တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဟူသည့် အချက်ကိုပါ ထည့်သွင်းချမှတ် ဆောင်ရွက်လျက်ရှိပါသည်။

ယနေ့အချိန်သည် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေဆဲကာလဖြစ်သည့်အတွက် နိုင်ငံတကာစားနပ်ရိက္ခာဈေးကွက်တွင်လည်း ဈေးကွက်လိုအပ်မှုများ မြင့်တက်လျက်ရှိသည်။ မြန်မာနိုင်ငံသည်လည်း ဈေးကွက်စီးပွားရေးစနစ်ကို ပီပီပြင်ပြင် ကျင့်သုံး လျက်ရှိသည့်အပြင် အာဆီယံဒေသတွင်း ကုန်စည် စီးဆင်းမှုများလည်း လျင်မြန်လာသည့်အလျောက် မြန်မာနိုင်ငံမှ ထွက်ရှိသည့် ဆန်စပါးအပါအဝင် အခြားသော သီးနှံအမယ်စုံများ ပြည်ပဈေးကွက်သို့ စနစ်တကျ ထိုးဖောက်နိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိသည်။ ဆန်စပါးတင်ပို့ရောင်းချမှုများတွင် အိမ်နီးချင်းနိုင်ငံများသို့ သာမက ဥရောပနှင့် အာဖရိကနိုင်ငံများသို့ပါ ဈေးကွက် ချဲ့ထွင်နိုင်ရေးအတွက် အိမ်နီးချင်းနိုင်ငံများနှင့် ယှဉ်ပြိုင်ရင်ပေါင်တန်းနိုင်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

### ခေတ်မီလယ်ယာစိုက်ပျိုးရေးစနစ်

မြန်မာနိုင်ငံသည် နှစ်စဉ်တိုးတက်လျက်ရှိသည့် လူဦးရေအတွက် နိုင်ငံ၏စားနပ်ရိက္ခာလုံခြုံစိတ်ချမှုရှိစေရေးသာမက နိုင်ငံတကာဈေးကွက်လိုအပ်ချက်နှင့်အညီ နိုင်ငံတကာဈေးကွက်သို့ ပိုမိုတိုးတက် တင်ပို့ရောင်းချနိုင်ရေးအတွက် ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသော သီးနှံစိုက်ပျိုးထုတ်လုပ်မှုများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ တစ်နည်းဆိုရလျှင် တောင်သူလယ်သမားကြီးများသည် လယ်ယာစိုက်ပျိုးရေးကဏ္ဍကို ဈေးကွက်စီးပွားရေးနှင့်အညီ ဖွံ့ဖြိုးတိုးတက်စေမည့် ခေတ်မီလယ်ယာစိုက်ပျိုးရေးစနစ်သို့ တက်လှမ်းနိုင်ရေး ကြိုးပမ်းအားထုတ်ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် လယ်သမားနိုးကြားလျှင် တိုင်းပြည်လည်း အကျိုးများမည်ဖြစ်ပေရာ ယနေ့ဖြစ်ထွန်းတည်ရှိနေသည့် စိုက်ပျိုးရေးအခြေခံကောင်းများနှင့်အတူ စိုက်ပျိုးထုတ်လုပ်မှုစွမ်းအား မြင့်မားရေးအတွက် ဘက်စုံကဏ္ဍစုံက ကြိုးပမ်းစွမ်းဆောင်ကြရာတွင် တောင်သူလယ်သမားထုတစ်ရပ်လုံးက တက်ညီလက်ညီ ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ သို့မှသာ တောင်သူလယ်သမားကြီးတို့၏ စွမ်းအားဖြင့် နိုင်ငံတော်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို အောင်မြင်စွာ ဖော်ဆောင်နိုင်ပြီး တိုင်းပြည်၏ စီးပွားရေးကို တိုးတက်စေနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်

နေပြည်တော် မတ် ၄

နိုင်ငံတော်က မြန်မာ့စီးပွားရေး ပြန်ထူထောင်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကို စီစဉ်ဆောင်ရွက်လျက်ရှိရာ အသေးစားကုန်ထုတ်လုပ်ငန်းများ နိုင်ငံတစ်ဝန်း ဖြစ်ထွန်း ပေါ်ပေါက်လာစေရေးအတွက် စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်း စတင်ဆောင်ရွက်လိုသူများကို လေ့ကျင့်သင်ကြားဖွင့်လှစ်ပို့ချပေးသွားမည့် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းအမှတ်စဉ် (၁/၂၀၂၁) ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ နောက်ဆုံးပတ်က နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူ ၁၀ ဦး တက်ရောက်ခဲ့ကြပြီး ညွှန်ကြားရေးမှူးချုပ်က သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

သင်တန်းတွင် ဆပ်ပြာရည်၏ အခြေခံ သဘောတရားများ၊ ဆပ်ပြာရည်ပြုလုပ်သည့် နည်းလမ်းများ၊ ကုန်ကြမ်းပစ္စည်းများ၏ ဂုဏ်သတ္တိများ၊ ဘက်စုံသုံးဆပ်ပြာရည်၊ ပန်းကန်ဆေး ဆပ်ပြာရည်၊ အဝတ်လျှော်ဆပ်ပြာရည်၊ ရေချိုးဆပ်ပြာရည်၊ ဆပ်ပြာခရင်(မ်)၊ ခေါင်းလျှော်ရည် ပြုလုပ်ခြင်းများနှင့် လက်သန့်ဆေးရည် ပြုလုပ်ခြင်းတို့ကို ဖေဖော်ဝါရီ ၂၆ ရက်မှ မတ် ၁၀ ရက်အထိ သင်တန်းကာလ ၁၀ ရက်အတွင်း အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန သုတေသနဌာနခွဲရှိ သင်တန်းနည်းပြများက ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ စာတွေ့/ လက်တွေ့ အခမဲ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် နားခိုက်ကျေးရွာအုပ်စုရှိ သွားလာရန် ခက်ခဲသော အမြင့်ပေ ၆၀၀၀ ကျော်ခန့်ရှိသည့် ပန်အွန်း-နောင်အယ်-လွယ်ဆောင်-ထီတလီး- ကောင်တိန်းတောင်ပေါ် ကျေးရွာချင်းဆက်မြေသားလမ်းကို မြို့နယ်အဆင့် အရည်အသွေးစစ်ဆေးရေး ကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်နှင့် တာဝန်ရှိသူများ ဖေဖော်ဝါရီ တတိယပတ်က ကွင်းဆင်းစစ်ဆေးစဉ်။

(အဆိုပါလမ်းကို ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စု ရန်ပုံငွေကျပ် ၅၅ ဒသမ ၂၈၃ သန်းဖြင့် ဖောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။)

ခွန်ရဲထွေး(ဆီဆိုင်)

# ထောပတ်ပင် စတင်စိုက်ပျိုးရာတွင် အမြစ်မခေါက်စေရန် သတိပြု စိုက်ပျိုးသင့်

နေပြည်တော် မတ် ၄

ထောပတ်ပင်စတင်စိုက်ပျိုးရာတွင် အမြစ်မခေါက်စေရန် သတိပြုစိုက်ပျိုးသင့်ကြောင်း စီးပွားဖြစ် စိုက်ပျိုးနေသူများထံမှ သိရသည်။

"သတိထားသင့်တဲ့ အချက်ကတော့ စစိုက်တဲ့အချိန်မှာ အမြစ်မခေါက်အောင် ပျိုးပင်ကို သေချာရွေးချယ်သင့်တယ်။ ပျိုးအိတ်ကရှိသင့်တဲ့အရွယ်အစားထက် ပိုသေးနေရင် အမြစ်ခေါက်တတ်ပါတယ်။ ပျိုးအိတ်အသေးနဲ့ထည့်ပျိုးထားတဲ့ နှစ်ချို့ပျိုးပင်တွေမှာ ပိုဖြစ်တတ်ပါတယ်။ ပျိုးအိတ်ထဲမှာ ခေါက်မနေပေမယ့်လည်း ကျင်းတူးပြီး စစိုက်တဲ့အခါမှာ အမြစ်အထားအသိုမမှန်ရင်လည်း အမြစ်ခေါက်တတ်ပါတယ်။ ဒါကြောင့် ပျိုးအိတ်ကနေ မြေချစိုက်တဲ့အချိန်မှာလည်း အမြစ်မခေါက်အောင် ဂရုစိုက်ဖို့လိုပါတယ်" ဟု ရှမ်းပြည်နယ်တောင်ပိုင်း ရပ်စောက်ရတနာပုံရွာမှ ထောပတ်ပင်စီးပွားဖြစ် စိုက်ပျိုးသူ ဦးစိုးကြည်က ပြောသည်။

ထောပတ်ပင်စိုက်ပျိုးရာတွင် ကိုင်းကူးကိုင်းဆက်ပင်ဖြစ်ပါက စိုက်ပျိုးပြီး သုံးနှစ်တွင် အသီးသီးရန် ပန်းပြပြီးနောက် စိုက်သက်တမ်း လေးနှစ်မှ ငါးနှစ်အကြာတွင် အသီးများခူးဆွတ်ကာ ဈေးကွက်သို့ တင်ပို့နိုင်ပြီဖြစ်သည်။

"အမြစ်ခေါက်ပြီး စိုက်ပျိုးလည်း အပင်ကတော့ရှင်တယ်။ ဒါပေမယ့် အပင်က ကြီးထွားမှုအားနည်းမယ်။ အသီးအထွက်နည်းလိမ့်မယ်။ ပုံမှန်ကိုင်းကူးကိုင်းဆက်ပင်ဆိုရင် သုံးနှစ်မှာ ပန်းပြပေမယ့် စိုက်နည်းစနစ်ကို သေချာနားမလည်လို့ အမြစ်ခေါက်နေမှန်းမသိဘဲ စိုက်ပျိုးမိတဲ့ အပင်ဆိုရင်တော့ အသီးသီးချိန် နောက်ကျသွားမယ်။ ထွက်နှုန်းထိခိုက်မယ်။ ဒါ့အပြင် စိုက်ပြီးလို့ မြေဩဇာကျွေးတဲ့အခါ သတ်မှတ်တဲ့နှုန်းထား၊ သတ်မှတ်တဲ့အချိန်မှာ ကျွေးသင့်တယ်။ မြေချဉ်ငန် ကိန်းစစ်ဆေးပြီးမှ နိုက်ထရိုဂျင်၊ ပိုတက်စီယမ်၊ တီစူပါလိုအပ်တဲ့ မြေဩဇာကိုသာ ကျွေးသင့်ပါတယ်။ စိုက်ပျိုးဖို့မြေ ရွေးချယ်ရာမှာ မြေက တအားစေးပြီး ရေဝပ်တဲ့မြေမဖြစ်ရဘူး။ ဒေသရဲ့ အပူချိန်နဲ့ ပင်လယ်ရေမျက်နှာပြင် အမြင့်တွေကိုလည်း ကြိုတင်လေ့လာပြီးမှ စိုက်ပျိုးသင့်ပါတယ်" ဟု ဦးစိုးကြည်က ဆက်လက်ပြောသည်။

ထောပတ်ပင်ကို ဇွန်၊ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလတို့တွင် စိုက်ပျိုးသင့်ပြီး တစ်ဧကစိုက်စရိတ် စုစုပေါင်း (မျိုးဖိုး၊ သွင်းအားစု၊ အလုပ်သမားခ အပါအဝင်) တစ်နှစ်စာကုန်ကျစရိတ် ငွေကျပ်သိန်း ၄၀ ဝန်းကျင် ကုန်ကျနိုင်ကြောင်း သိရသည်။

**နန်းထက်ထက်ချစ်**

# ၂၀၂၁ ခုနှစ်အတွက် အာဆီယံဆု (ASEAN Prize 2021) လျှောက်ထားနိုင်ကြောင်း ကြေညာ

၁။ အာဆီယံအသိုက်အဝန်းတည်ဆောက်မှု ပိုမိုအားကောင်းစေရေး၊ ဒေသတွင်းပေါင်းစည်းမှု မြှင့်တင်ရေး၊ အားလုံးပါဝင်မှုနှင့် ပြည်သူလူထုအကြား အာဆီယံနှင့်ပတ်သက်သည့် အသိအမြင်ဗဟုသုတ မြှင့်တင်ရေးတွင် စံနမူနာအဖြစ် စွမ်းစွမ်းတမံဆောင်ရွက်ပေးကြသော လူပုဂ္ဂိုလ်/အဖွဲ့အစည်းများ၏ အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ဂုဏ်သိက္ခာကြီးမားသည့် ဒေသဆိုင်ရာဆုတစ်ခု ဖြစ်သော ၂၀၂၁ ခုနှစ် အာဆီယံဆုကို ပေးအပ်ချီးမြှင့်ရန်အတွက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အဆိုပြုလွှာများ ခေါ်ယူလျက်ရှိပါသည်။

၂။ အဆိုပြုလျှောက်ထားသူများအနေဖြင့် သက်ဆိုင်ရာအာဆီယံဥက္ကဋ္ဌမှ သတ်မှတ်ထားသည့် ဆောင်ပုဒ်နှင့်အညီ အောက်ဖော်ပြပါနယ်ပယ်များတွင် တစ်ဖက်တစ်လမ်းမှ အားဖြည့်ဆောင်ရွက်နေသူများ ဖြစ်ရပါမည် -

(က) အာဆီယံ အဖွဲ့ဝင်နိုင်ငံများအကြား စွမ်းစွမ်းတမံပူးပေါင်းဆောင်ရွက်မှုများ

(ခ) အာဆီယံနှင့် ကမ္ဘာတစ်ဝန်းအကြား စွမ်းစွမ်းတမံပူးပေါင်းဆောင်ရွက်မှုများ

(ဂ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ

(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စံနှုန်းများမြှင့်တင်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ

(င) အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးအတွက် အထောက်အကူဖြစ်စေသည့် အခြား စွမ်းစွမ်းတမံဆောင်ရွက်ချက်များ

၃။ လက်ရှိ အာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများ အပါအဝင် ထင်ရှားသည့် အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားသည့် အကဲဖြတ်ဒိုင်အဖွဲ့က ဆုရရှိသူကိုရွေးချယ်၍ အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀,၀၀၀ ကို ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၊ ဘန်ဒါဆရီဘီဂါဝန်မြို့၌ ကျင်းပမည့် (၃၈) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွင် ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ပါသည်။

၄။ အဆိုပါဆုအား လျှောက်ထားသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား (သို့မဟုတ်) အာဆီယံအခြေစိုက်အဖွဲ့အစည်း ဖြစ်ရမည်ဖြစ်ပြီး ပြည်သူဗဟိုပြု အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူဖြစ်ကြောင်း အထောက်အထားတင်ပြနိုင်သူ ဖြစ်ရပါမည်။

၅။ ၂၀၂၁ ခုနှစ် အာဆီယံဆုအတွက် အဆိုပြုလျှောက်လွှာများကို ယခုကြေညာသည့်အချိန်မှစ၍ ဧပြီလ ၂၃ ရက်နေ့အထိ လက်ခံသွားမည်ဖြစ်ပြီး ပြည့်စုံစွာဖြည့်စွက်ထားသည့် လျှောက်လွှာများကို အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၉)၊ နေပြည်တော် (သို့မဟုတ်) dgasean@gmail.com သို့ သတ်မှတ်ရက်ထက်နောက်မကျစေဘဲ ပေးပို့လျှောက်ထားနိုင်ပါသည်။

၆။ လျှောက်ထားမည့် လူပုဂ္ဂိုလ်/ အဖွဲ့အစည်းများသည် အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးနှင့် အာဆီယံဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် အာဆီယံနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များကို စာမျက်နှာ (၃) မျက်နှာမှ (၅)မျက်နှာအကြား အင်္ဂလိပ်ဘာသာဖြင့် လျှောက်လွှာတွင် အကျဉ်းချုပ်ရေးသားဖော်ပြရမည်ဖြစ်ပါသည်။ လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ **https://asean.org/asean-prize-/** တွင် ရယူနိုင်ပါသည်။

၇။ ၂၀၁၈ ခုနှစ်တွင် အာဆီယံဆုစတင်ချီးမြှင့်ခဲ့သည့် အချိန်မှစ၍ ဖိလစ်ပိုင်၊ မလေးရှားနှင့် စင်ကာပူနိုင်ငံတို့မှ ဆုများကို အသီးသီးဆွတ်ခူးရရှိခဲ့ပါသည်။ မြန်မာနိုင်ငံသားများ (သို့မဟုတ်) မြန်မာနိုင်ငံအခြေစိုက်အဖွဲ့အစည်းများအနေဖြင့်လည်း အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးလုပ်ငန်းများတွင် မိမိတို့၏ စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ချက်များကို ဖော်ထုတ်ပြသနိုင်ရန်အတွက် အခွင့်အရေးကို အမိအရယူကြဖို့ တိုက်တွန်းအပ်ပါကြောင်းနှင့် အသေးစိတ်ကို ဖော်ပြပါ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများအား တပ်မတော်ဆေးရုံများ၌ ဆက်လက်လက်ခံကုသ

နေပြည်တော် မတ် ၄

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ အခက်အခဲများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန်အတွက် မြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၄၆၅၈၆ ဦး၊ အတွင်းလူနာ ၃၆၀၁ ဦးကို တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့် လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သောလူနာများကို ဆေးရုံတင်ကာ ကျန်းမာရေး စောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန် အတွက်ကိုပါ စီမံဆောင်ရွက်ပေးသည်။

ထိုသို့ လာရောက်ကုသမှု ခံယူလျက်ရှိသည့် လူနာများအနက် အကြီးစား ခွဲစိတ်ကုသရန် လိုအပ်သူ ၂၀၂၈ ဦး၊ အသေးစား ခွဲစိတ်ကုသရန် လိုအပ်သူ ၁၀၉၂ ဦး၊ စုစုပေါင်း ၃၁၂၀ တို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံ အသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၁၁၆၆ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၁၇၅၉ ဦးကို သာမန် မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၂၉၂၅ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

ယင်းသို့ ဒေသခံပြည်သူများအား ဆေးကုသပေးနေမှု အခြေအနေများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသမှု ခံယူနေသော လူနာများအတွက် စားသောက်ဖွယ်ရာများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မော်လမြိုင်မြို့နယ် နယ်မြေခံတပ်မတော်ဆေးရုံ၌ ဒေသခံပြည်သူများအား ကျန်းမာရေးဆေးကုသပေးစဉ်။

# ယခုအပတ်အတွင်း ခါတ်ဆီ၊ ဒီဇယ်ဈေးနှုန်း တည်ငြိမ်နေ

ရန်ကုန် မတ် ၄

ရန်ကုန်တိုင်းဒေသကြီးတွင် ကိုဗစ်-၁၉ ရောဂါ ပထမအကြိမ်၌ ခါတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနိမ့်ဆုံးဈေးသို့ ကျဆင်းခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၆ ရက် ဒုတိယအကြိမ် ဝင်ရောက်ပြီးနောက် တရိပ်ရိပ်တက်ခဲ့သော သဘာဝခါတ်ငွေ့ဈေးနှုန်းမှာ ဇန်နဝါရီလဆန်းပိုင်းမှစ၍ အမြင့်ဆုံးဈေးနှုန်းတွင်ရှိခဲ့ရာ မတ်လပထမပတ်မှစ၍ တည်ငြိမ်လျက်ရှိသည်။

အောက်တိန်း 92 တစ်လီတာလျှင် ၈၀၅ ကျပ်၊ အောက်တိန်း 95 တစ်လီတာလျှင် ၉၀၅ ကျပ်၊ ဒီဇယ်တစ်လီတာလျှင် ၈၃၅ ကျပ်နှင့် ပရီမီယံဒီဇယ် တစ်လီတာလျှင် ၈၅၅ ကျပ်ဖြင့် မတ် ၃ ရက်တွင် ဈေးပေါက်ခဲ့ပြီး ဖေဖော်ဝါရီနောက်ဆုံးပတ်၌ ဈေးအနည်းငယ် ကျခဲ့ခြင်းဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များနှင့် မြို့ပြင်ဈေးနှုန်း ကွာခြားမှုရှိပြီး ၂ ကျပ်မှ ၅ ကျပ်အထိ ဈေးကွာကာ တိုင်းဒေသကြီး အနားသတ်မြို့နယ်တို့တွင် ဈေးနှုန်းအကျထက် အတက်ပို၍ မြန်ဆန်တတ်ကြောင်း သိရသည်။

"ဇန်နဝါရီလမှာ စက်သုံးဆီဈေးနှုန်း တက်သွားတာက သွားရေးလာရေး ခက်ခဲမှုကြောင့် မြင့်သွားတာလည်းပါတယ်။ ပြည်တွင်းမှာ လောင်စာဆီမပြတ်အောင် ဆောင်ရွက်နေတာလည်း တွေ့ရတယ်။ ဒီဇင်ဘာလကုန်ပိုင်းမှာ 92 တစ်လီတာ ၇၀၀ ကျော်ရှိတယ်။ ၂၀၂၁ ခုနှစ် ဇန်နဝါရီလဆန်းကစပြီး ဖေဖော်ဝါရီလကုန်ပိုင်းအထိ တဖြည်းဖြည်း တက်ခဲ့တာ မတ်လဆန်းမှာ ဈေးနှုန်းငြိမ်သွားတယ်။ အားလုံးအဆင်ပြေသွားမှာပါ။ ဆီဈေးမြင့်သွားရတဲ့အကြောင်းရှိပေမယ့် စက်သုံးဆီပြတ်လပ်မှု မရှိနိုင်ဘူးထင်တယ်"ဟု လှိုင်မြို့နယ် ဘုရင့်နောင် လမ်းမကြီးပေါ်ရှိ စက်သုံးဆီအရောင်းဆိုင်မှ ဦးတင်ထွန်းနိုင်က ပြောသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် စက်သုံးဆီလုံလောက်မှု ရှိစေရန်နှင့် ဈေးနှုန်းတည်ငြိမ်မှုရှိစေရန် တာဝန်ရှိသူတို့ ဆောင်ရွက်လျက်ရှိပြီး နိုင်ငံခြားငွေဈေးပေါ်မူတည်၍ စက်သုံးဆီဈေးနှုန်း အနည်းငယ်မြင့်တက်ခဲ့ခြင်းဖြစ်ရာ စိုက်ပျိုးရေး၊ ခရီးသွားလာရေးနှင့် ကုန်စည်ပို့ဆောင်ရေးအတွက် စက်သုံးဆီပြတ်လပ်မှုမရှိစေရန် ဆောင်ရွက်လျက်ရှိသည်။ ကိုဗစ်-၁၉ ပထမအကြိမ်ဖြစ်သော ၂၀၂၀ ပြည့်နှစ် မတ် ၂၃ ရက်မှစ၍ ငါးလခန့်အထိ စက်သုံးဆီဈေးနှုန်းကျဆင်းခဲ့ပြီး အောက်တိန်း 92 တစ်လီတာလျှင် ၃၀၂ ကျပ်အထိ ဈေးကျခဲ့ရာ တရိပ်ရိပ်တက်ခဲ့သော စက်သုံးဆီဈေးနှုန်းမှာ ၂၀၂၁ ခုနှစ် မတ်လပထမပတ်တွင် အောက်တိန်း 92 တစ်လီတာလျှင် ၈၀၅ ကျပ်ရှိကြောင်း၊ ထို့အပြင် စက်သုံးဆီဈေးနှုန်းမှာ တစ်နေရာနှင့် တစ်နေရာ ဈေးနှုန်းအနည်းငယ် ကွာခြားချက်ရှိကြောင်း သိရသည်။

**အောင်သပြေ**

# ရွှေသွေးဂျာနယ်ထွက်ရှိ

နေပြည်တော် မတ် ၄

**ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။**

မတ်လ ၆ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် ကိုဗစ်ကပ်ရောဂါကာလအတွင်း အာတူးသည် အချိန်ကို အကျိုးရှိရှိ အသုံးချတတ်ပုံအကြောင်းကို ရေးဖွဲ့ထားသည့် "အဆိုးထဲကအမြတ်" မျက်နှာဖုံးကာတွန်း၊ အင်္ဂလိပ်လူမျိုးသရုပ်ဆောင်၊ ဟာသလူရွှင်တော်၊ စာရေးဆရာ ရိုဝမ်အက်ကင်ဆန် (မစ္စတာဘင်း) အကြောင်းကို တင်ဆက်ထားသည့်"ကလေးတို့ချစ်တဲ့ မစ္စတာဘင်း" သုတဆောင်းပါး၊ မြန်မာလူမျိုးများအတွက် အသက်သွေးကြောတမျှ အရေးပါသော ဧရာဝတီမြစ်ကြီးအကြောင်းကို တင်ဆက်ထားသည့် "မြစ်ကြီးဧရာဝတီ" သုတဆောင်းပါး၊ မိမိအန္တရာယ်ကင်းရန်အတွက် တစ်ပါးသူအပေါ် ညှဉ်းဆဲခြင်းကိုမပြုလုပ်မိစေရန် သတိပြုရှောင်ကြဉ်ရမည်ဖြစ်ကြောင်း ပညာပေးရေးဖွဲ့ထားသည့် "စိတ်ထားကောင်း" နှစ်မျက်နှာကာတွန်း၊ လူမှုဘဝနေထိုင်မှု တွင် လူ့ကျင့်ဝတ်ဆိုင်ရာ စည်းကမ်းများကို လိုက်နာနေထိုင်ရသကဲ့သို့ ယာဉ်မောင်းရာတွင် ယာဉ်စည်းကမ်းများကို လိုက်နာပြီး မောင်နှင်ရမည်ဖြစ်ကြောင်း ပညာပေးတင်ဆက်ထားသည့် "ဖြည်းဖြည်းမောင်းပါ ဖေဖေ" ဝတ္ထုကဏ္ဍ၊ ကလေးတို့အနေဖြင့် ပညာပြည့်ဝပြီး စိတ်ထားမွန်မြတ်သော လူကောင်းလူတော်များဖြစ်လာရန် ငယ်ရွယ်ချိန်မှစ၍ လူကြီးမိဘဆရာသမားတို့၏ ကောင်းမွန်သော အဆုံးအမ၊ လမ်းပြညွှန်ကြားချက်များကို လိုက်နာ ကျင့်သုံးပုံအကြောင်းကို ရေးဖွဲ့ထားသည့် "သားရွှေသွေးကဗျာ"၊ မိမိအမှန်တကယ်မကျွမ်းကျင် မတတ်မြောက်သောအရာတွင် မိုက်ရူးရဲဆန်သည့် အပြုအမူမျိုးကို မပြုလုပ်သင့်ကြောင်း တင်ဆက်ထားသည့် "မျောက်နှင့် ကုလားအုတ်" ပုံပြင်ကဏ္ဍအပါအဝင် ရွှေသွေးစကားဝိုင်းကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ၊ ကဗျာကဏ္ဍစုံလင်စွာဖြင့် ဖတ်စရာ မှတ်စရာများ ပါရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**




## အယ်ဒီတာ့ထံ ပေးစာ

# ဘုရင့်နောင်တံတား အတက်၊ အဆင်း လမ်းမီးများ ပျက်နေ၍ ယာဉ်အန္တရာယ်ကင်းရှင်းရန် ကူညီပေးစေလို

အယ်ဒီတာခင်ဗျာ...

ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး၏ တံခါးပေါက်ဖြစ်သော လှိုင်မြစ်ကို ဖြတ်သန်းဆက်သွယ်ထားသည့် အမှတ်(၂) ဘုရင့်နောင်တံတားမှာ တိုင်းဒေသကြီး နှစ်ခုအတွက် ခရီးသွားလာရေးနှင့် ကုန်စည်ပို့ဆောင်ရေးအတွက်အရေးပါသော တံတားကြီးတစ်စင်းအဖြစ် နေ့/ည အကျိုးပြုနေသော တံတားတစ်စင်းဖြစ်ပါတယ်။

ထိုတံတားပေါ်မှ ယာဉ်များနှင့် တံတားတစ်ဖက်တစ်ချက်မှ ပြည်သူများ ဖြတ်သန်းသွားလာလျက်ရှိရာ တံတားအတက်/အဆင်း ချဉ်းကပ်လမ်းတစ်လျှောက်တို့မှာ လမ်းမီးအများစု ပျက်စီးနေသောကြောင့် ညပိုင်းယာဉ်များ ဖြတ်သန်းသွားလာရာ၌ တံတားပေါ်စက်ချွတ်ယွင်း၍ ရပ်ထားသောယာဉ်ရှိပါက အန္တရာယ်ရှိစေပြီး တံတားအောက်ရှိ နေအိမ်များသို့ ဖြတ်သန်းသွားလာသော ပြည်သူများမှာလည်း တံတားပေါ်အမှောင်ထုကြောင့် ဖြတ်သန်းရာတွင် ယာဉ်အန္တရာယ်ကင်းဝေးစေရန်အတွက် တာဝန်ရှိသူများအနေဖြင့် တံတားမီးလုံးများ တပ်ဆင်ပေးနိုင်ပါရန် အယ်ဒီတာမှတစ်ဆင့် တင်ပြအပ်ပါတယ်ခင်ဗျာ။

**ညိမ်းသူ**

## အယ်ဒီတာ့ထံ ပေးစာကဏ္ဍသို့ ပေးစာများပေးပို့နိုင်

မြန်မာ့အလင်းသတင်းစာဖတ်ရှုသူ ပြည်သူများအနေဖြင့် မိမိတို့ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသော အကြောင်းအရာများကို သတင်းစာဖတ်ပြည်သူများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများသို့ သိရှိစေလိုသော အပြုသဘောဖြင့်ရေးသားသော ပေးစာများကို မြန်မာ့အလင်းသတင်းစာ အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ယင်းကဲ့သို့ ပေးစာများပေးပို့ရာတွင် အမည်၊ ဆက်သွယ်ရမည့် လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသားရမည်ဖြစ်ပြီး ပေးပို့သည့်ပေးစာအတွက် တာဝန်ယူသည်ဟု ပါရှိရမည်ဖြစ်ပါကြောင်း သတင်းစာဖတ်ပြည်သူများအား အသိပေးဖိတ်ခေါ်အပ်ပါသည်။

**စာတည်းအဖွဲ့**

# COVID-19 ကာကွယ်ဆေးနှင့် ပတ်သက်သော မေးခွန်းနှင့်အဖြေများ (အပိုင်း-၂)

**(၁) မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို မည်ကဲ့သို့စတင်ထိုးနှံပေးမှာလဲ**

- ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဦးစားပေးလူအုပ်စုအလိုက် ထိုးနှံပေးသွားပါမည်။ ရှေ့တန်းမှ တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဗဟို/တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ပထမအသုတ်အနေနဲ့ စတင်ထိုးနှံပေးမည်ဖြစ်ပြီး၊ ကျန်လူအုပ်စုများကိုလည်း ကာကွယ်ဆေးရရှိမှုအပေါ် မူတည်၍ ဆက်လက်ထိုးနှံပေးသွားမှာ ဖြစ်ပါသည်။

**(၂) ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကင်ဆာ၊ စသည့် နာတာရှည်ရောဂါ အခံရှိသောသူများနှင့် ယင်းရောဂါများအတွက် သက်ဆိုင်ရာဆေးဝါးများသောက်သုံးနေရသောသူများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးလို့ရပါသလား**

- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုး၍ရပါသည်။ ဤကဲ့သို့ရောဂါအခံရှိနေသောသူများသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရလျှင် အသက်အန္တရာယ်စိုးရိမ်ရသောကြောင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးသင့်သောသူများ ဖြစ်ပါသည်။

**(၃) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်သူတွေမထိုးနှံသင့်ဘူးလဲ**

- ကိုဗစ်-၁၉ ရောဂါ အတည်ပြုခြင်းခံထားရသူလူနာများ၊ သံသယလူနာများနှင့် ရောဂါလက္ခဏာသက်သာပျောက်ကင်းသွားပြီး (၁၄)ရက် မကျော်သေးသောသူများ၊
- ကိုဗစ်-၁၉ သံသယလက္ခဏာ (ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ အသက်ရှူရခက်ခဲခြင်း... စသည်တို့) ရှိသောသူများ၊
- နို့တိုက်မိခင်နှင့် ကိုယ်ဝန်ဆောင်များနှင့်
- အသက် (၁၈)နှစ် အောက် လူအုပ်စုများတို့ကို ကိုဗစ်-၁၉ ကာကွယ်ဆေး မထိုးနှံသင့်ပါ။ (ကိုယ်အင်္ဂါအစားထိုး (organ transplant) ခွဲစိတ်ကုသမှုခံယူထားသူများ၊ ခုခံအားကျရောဂါရှိနေသူများနှင့် ခုခံအားကျဆင်းစေသည့်ဆေးဝါးတစ်ခုခုသုံးစွဲနေရသူများ အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းခံယူရန် သင့်/ မသင့်ကို သက်ဆိုင်ရာ ဆရာဝန်ကြီးများနှင့် ကြိုတင်၍ တိုင်ပင်ပါ။)

**(၄) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်နှကြိမ် ထိုးနှံရမှာပါသလဲ**

ကိုဗစ်-၁၉ကာကွယ်ဆေးအမျိုးအစားအပေါ်တွင်မူတည်ပါသည်။
မြန်မာနိုင်ငံတွင် ထိုးနှံမည့် COVISHIELD ကာကွယ်ဆေးကို(၂)ကြိမ် ထိုးနှံရမှာဖြစ်ပါသည်။ ယေဘုယျအားဖြင့် ပထမအကြိမ် ထိုးနှံပြီးနောက် ရက်သတ္တပါတ်(၄)ပါတ်ခြားပြီး ဒုတိယအကြိမ် ထပ်မံ ထိုးနှံရမှာဖြစ်ပါသည်။

**(၅) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ပထမတစ်ကြိမ်မှာ ကာကွယ်ဆေးတစ်မျိုးထိုးထားပြီး ဒုတိယတစ်ကြိမ်မှာ အခြားဆေးအမျိုးအစားကို ထိုးနှံလို့ရနိုင်ပါသလား**

ယခုအချိန်အထိလေ့လာတွေ့ရှိချက်များအရ - အခြားဆေးအမျိုးအစားကိုထိုးနှံ၍ မရပါ။ ပထမအကြိမ်တွင် ထိုးနှံထားသော ကာကွယ်ဆေးအမျိုးအစားနှင့်တူညီသော ကာကွယ်ဆေးကို ဒုတိယအကြိမ်ထပ်မံထိုးနှံမှသာ ထိရောက်လုံလောက်သောကိုယ်ခံစွမ်းအား ရရှိမည်ဖြစ်ပါသည်။

**(၆) မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် လက်ရှိတရားဝင် ခွင့်ပြုထားသော ကိုဗစ်-၁၉ ကာကွယ်ဆေးတွေက ဘာတွေပါသလဲ**

မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး (၁)မျိုးဖြစ်သည့် COVISHIELD/ Astrazeneca ကာကွယ်ဆေးကို လတ်တလော တရားဝင်ခွင့်ပြုထားပါသည်။ ဤကာကွယ်ဆေးကို အသက် (၁၈)နှစ်နှင့်အထက် လူကြီးများအတွက်သာ အသုံးပြုခွင့်ပြုပေးထားပါသည်။

(နောက်ထပ်ခွင့်ပြုချက်ရရှိသော ကာကွယ်ဆေးများကိုလည်း ဆက်လက်ဖော်ပြပေးသွားပါမည်။)

**(၇) COVISHIELD ကာကွယ်ဆေးထိုးနှံပြီးလျှင် မည်ကဲ့သို့သော သာမန်လက္ခဏာများ ပြတတ်ပါသလဲ**

**(က) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦး တွင် (၁) ဦးထက်ပို၍ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- ဆေးထိုးသည့်နေရာတွင် နာခြင်း၊ နီခြင်း၊ ရောင်ခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊
- နုံးချိခြင်း၊ မအီမသာဖြစ်ခြင်း၊

**(ခ) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- ဆေးထိုးသည့်နေရာတွင် အကျိတ်ငယ်ဖြစ်ခြင်း၊
- ဖျားခြင်း၊
- အန်ခြင်း၊
- ရာသီတုပ်ကွေးရောဂါကဲ့သို့ သာမန်လက္ခဏာများ (ဖျားခြင်း၊ အာသီးရောင်ခြင်း၊ နှာချေ/ချောင်းဆိုးခြင်း၊ ချမ်းတုန်ခြင်း...စသည်) တို့ ပြတတ်ပါသည်။

**(ဂ) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**


- မူးဝေခြင်း၊
- ယားယံခြင်း၊
- ချွေးထွက်လွန်ခြင်း၊
- အစာစားချင်စိတ်လျော့နည်းခြင်း၊ ဗိုက်အောင့်ခြင်း၊
- ပြန့်ရည်ကျိတ်များကြီးခြင်း တို့ဖြစ်နိုင်ပါသည်။

**ကာကွယ်ဆေးနှင့် ဓာတ်တည့်မှု ရှိ/မရှိနှင့် ပြင်းထန်သည့်ဘေးထွက်ဆိုးကျိုးများ ရှိ/မရှိ သေချာစေရန် ဆေးထိုးပြီးပါက စောင့်ဆိုင်းသည့် နေရာတွင် "မိနစ်(၃၀)ခန့်" စောင့်ဆိုင်းရန် အရေးကြီးပါသည်။**
**ပထမအကြိမ်ကာကွယ်ဆေးထိုးပြီးနောက် ကာကွယ်ဆေးထိုးနှံခြင်းမှတ်တမ်း (ကာကွယ်ဆေးထိုးကဒ်)ကို မပျောက်မပျက်စေရန် စနစ်တကျသိမ်းဆည်းထား၍ နောက်တစ်ကြိမ်ကာကွယ်ဆေးထိုးနှံမှုခံယူရန် လာရောက်သည့်အခါတွင် မပျက်မကွက်ယူဆောင်လာရန်လိုအပ်ပါသည်။**

**မှတ်ချက်။** ကိုဗစ်-၁၉ ကာကွယ်ဆေးများသည် နည်းပညာအသစ်ဖြင့် အချိန်တိုအတွင်း ထုတ်လုပ်ထားသော ကာကွယ်ဆေးအသစ်များဖြစ်၍ ယခုအချိန်၌သိရှိထားသော သတင်းအချက်အလက်များသည် ပြောင်းလဲမှုများရှိလာနိုင်ပါသည်။ သတင်းအချက်အလက်အသစ်များ ထပ်မံ သိရှိရပါက ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

Reference: Serum Institute of India (SII). Fact sheet for vaccine recipient approved for restricted use in emergency situation of ChAdOx1 nCoV- 19 Coronavirus Vaccine (Recombinant), COVISHIELD, in prevention of (covid-19) disease in individuals 18 years of age and older. (Revised: 01 January 2021). Available at: https://www.seruminstitute.com/product_covishield.php

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန




အိမ်တွင်း အကြမ်းဖက်မှုကို တွေ့ကြုံခံစားရပါက မိမိ ယုံကြည်ရသူတွေကို ဖွင့်ဟပြောဆိုပြီး အကူအညီရယူပါ




အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့် ပတ်သက်ပြီး အကူအညီရယူလိုပါက လူမှုဝန်ထမ်းဦးစီးဌာနရဲ့ HELP LINE ဖုန်း ၀၆၇- ၄၀၄၂၂၂ အပြင် ၀၆၇-၄၀၄၉၉၉ တို့ကိုပါ ယုံကြည်စိတ်ချစွာ ဆက်သွယ် အကူအညီရယူနိုင်ပါတယ်




အိမ်တွင်းအကြမ်းဖက်မှုများ အပါအဝင် အမျိုးသမီးများ အပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့်ပတ်သက်၍ ဥပဒေအကြံဉာဏ်ရယူလိုပါက ဥပဒေရေးရာကူစားရေးအဖွဲ့(မြန်မာ) ၏ HOT LINE ဖုန်းနံပါတ်များဖြစ်သော ၀၉-၂၆၆၆၈၄၄၄၈ နှင့် ၀၉-၂၆၆၆၈၄၄၄၉ တို့သို့ ဆက်သွယ် အကူအညီရယူနိုင်ပါသည်




အကြမ်းဖက်မှုတိုင်းအတွက် အကြမ်းဖက်သူမှာသာ တာဝန်ရှိပါတယ်




အဲဒါကြောင့် မိမိပတ်ဝန်းကျင်မှာ အိမ်တွင်းအကြမ်းဖက်မှု ဖြစ်ပွားနေတာကို သိရှိတွေ့မြင်ပါက တိတ်ဆိတ်မနေဘဲ ပူးပေါင်းကူညီ ဆောင်ရွက်ပေးပါ

# နိုင်ငံ့ဝန်ထမ်းများအား Social Bullying ဖြင့် ခြိမ်းခြောက်အကျပ်ကိုင်မှုများ ဖြစ်ပေါ်ပါက သက်ဆိုင်ရာသို့ ဆက်သွယ်တိုင်ကြားနိုင်

နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးကို သယ်ပိုးဆောင်ရွက်ရန်အတွက် နိုင်ငံ့ဝန်ထမ်းတာဝန်များကို မပျက်မကွက် ဆက်လက်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား လုပ်ငန်းခွင်သို့ ဝင်ရောက်ခြင်းမပြုနိုင်စေရန်အတွက် Social Media များမှ လည်းကောင်း၊ လူမှုပတ်ဝန်းကျင်များတွင်လည်းကောင်း နိုင်ငံတော်ကို ဆန့်ကျင်နှောင့်ယှက်မှုပြုလုပ်နေသူတချို့က နည်းမျိုးစုံဖြင့် နှောင့်ယှက်၍ Social Bullying ပြုလုပ်လျက်ရှိကြောင်း သိရှိရသည်။

သို့ဖြစ်၍ အထက်ပါခြိမ်းခြောက်ဟန့်တားမှုများ၊ အကျပ်ကိုင်မှုများကြုံရပါက အောက်ပါဖုန်းနံပါတ်များနှင့် e-mail လိပ်စာများသို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်းနှင့် သက်ဆိုင်ရာမှလည်း စိစစ်ဖော်ထုတ်၍ ဥပဒေနှင့်အညီ ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များနှင့် e-mail လိပ်စာများ**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ |
|---|---|---|---|
| ၁ | နေပြည်တော် | ၀၆၇-၅၅၀၂၅၁<br>၀၆၇-၅၅၀၂၅၂<br>၀၆၇-၅၅၀၂၅၃<br>၀၆၇-၅၅၀၂၅၄<br>၀၆၇-၅၅၀၂၅၅ | mpf-naypyitaw@e-moha.gov.mm |
| ၂ | ကချင်ပြည်နယ် | ၀၇၄-၂၅၂၆၆၇၁<br>၀၇၄-၂၅၂၆၆၇၂ | mpf-kachin@e-moha.gov.mm |
| ၃ | ကယားပြည်နယ် | ၀၈၃-၂၂၄၃၁၅<br>၀၈၃-၂၂၄၃၁၆ | mpf-kayar@e-moha.gov.mm |
| ၄ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၀၉၆<br>၀၅၈-၂၀၂၁၀၀၉ | mpf-kayin@e-moha.gov.mm |
| ၅ | ချင်းပြည်နယ် | ၀၇၀-၂၀၂၂၁၁၁<br>၀၇၀-၂၀၂၂၃၃၃ | mpf-chin@e-moha.gov.mm |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၀၇၁-၂၀၂၆၂၅၃<br>၀၇၁-၂၀၂၆၂၅၄ | mpf-sagaing@e-moha.gov.mm |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၀၂၄၀၂၉<br>၀၅၉-၂၀၂၄၀၃၀ | mpf-tanintharyi@e-moha.gov.mm |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၀၅၂-၂၂၀၁၉၂၀<br>၀၅၂-၂၂၀၁၉၂၁ | mpf-bago@e-moha.gov.mm |
| ၉ | မကွေးတိုင်းဒေသကြီး | ၀၆၃-၂၀၂၈၈၅၅<br>၀၆၃-၂၀၂၈၈၅၆ | mpf-magway@e-moha.gov.mm |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၃၅၈၉၁<br>၀၂-၄၀၃၅၈၉၂<br>၀၂-၄၀၃၅၈၉၃<br>၀၂-၄၀၃၅၈၉၄<br>၀၂-၄၀၃၅၈၉၅ | mpf-mandalay@e-moha.gov.mm |
| ၁၁ | မွန်ပြည်နယ် | ၀၅၇-၂၀၂၇၈၈၀<br>၀၅၇-၂၀၂၇၈၈၄ | mpf-mon@e-moha.gov.mm |
| ၁၂ | ရခိုင်ပြည်နယ် | ၀၄၃-၂၀၂၄၅၅၇<br>၀၄၃-၂၀၂၄၅၅၈ | mpf-rakhine@e-moha.gov.mm |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၈၃၀၀၀၁၁<br>၀၁-၈၃၀၀၀၁၂<br>၀၁-၈၃၀၀၀၁၃<br>၀၁-၈၃၀၀၀၁၄<br>၀၁-၈၃၀၀၀၁၅ | mpf-yangon@e-moha.gov.mm |
| ၁၄ | ရှမ်းပြည်နယ် | ၀၈၁-၂၀၂၂၄၁<br>၀၈၁-၂၀၂၂၄၂ | mpf-shan@e-moha.gov.mm |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၀၂၃၁၀၃<br>၀၄၂-၂၀၂၃၁၀၆ | mpf-ayeyarwaddy@e-moha.gov.mm |

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
သတင်းထုတ်ပြန်ရေးအဖွဲ့

# မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအား လိုအပ်သည့် ဆေးဝါးကုသပေးမှုများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှာကြားချက်အရ မလေးရှားနိုင်ငံမှ ရေကြောင်းခရီးဖြင့် ဖေဖော်ဝါရီ ၂၇ ရက်တွင် ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသား ၁၀၈၆ ဦးကို ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ COVID-19 ရောဂါ သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိသည့် Quarantine Center တွင်ထားရှိပြီး လိုအပ်သည့် ဆေးဝါးကုသပေးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။ (ယာပုံ)



ယင်းသို့ ဆောင်ရွက်ပေးရာတွင် နေရပ်ပြန် မြန်မာနိုင်ငံသားများအား တပ်မတော်သားပါရဂူများ၊ ဆရာဝန်များက အထွေထွေရောဂါနှင့် ပတ်သက်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးပြီး ၎င်းတို့ ကောင်းမွန်စွာ နေထိုင်စားသောက်ရေးများကို တပ်မတော်က စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် Quarantine ထားရှိပြီးပါက ၎င်းတို့၏ နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်နိုင်ရေးလိုအပ်သည်များ ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# မိဘပြည်သူများ စိတ်အေးချမ်းသာယာစွာနေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးဆောင်ရွက်

**နေပြည်တော် မတ် ၄**

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ လုံခြုံရေးအား ပြည့်ဝစွာဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင်လည်း မိဘပြည်သူများ အနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိမြို့နယ်များ၌ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ပြည့်ဝစွာ ဆက်လက် ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ်လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ ၎င်းတို့၏နေရပ်ဒေသအသီးသီးသို့ ပြန်လည်နေထိုင်နိုင်ရေးအတွက် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၄**

ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ ၎င်းတို့၏ နေရပ်ဒေသ အသီးသီးသို့ ပြန်လည်နေထိုင်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများက မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

**မိုင်းရှင်းဆောင်ရွက်**

ထိုသို့ ဆောင်ရွက်ပေးရာတွင် အမ်း-စစ်တွေ ပြည်ထောင်စုကားလမ်းမကြီး တစ်လျှောက် မိုင်းရှင်းလင်းရေးလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများက ဆက်လက်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အန္တရာယ်တွင်းသို့ အတင်းတွန်းပို့နေမှုများကို ချင့်ချိန်သိရှိကာ ရှောင်ရှားသင့်

**နေပြည်တော် မတ် ၄**

ဆန္ဒပြမှု ဖြစ်စဉ်များတွင် နောက်ကွယ်မှ သွေးထိုးမြှောက်ပင့် စည်းရုံးလှုံ့ဆော်မှုများရှိနေကြောင်း သတင်းများ ထုတ်ပြန်သတိပေးနေသော်လည်း လူငယ်ထုအနေဖြင့် စိတ်ခံစားမှုများကို ရှေ့တန်းတင်ကာ အကြမ်းဖက်လုပ်ရပ်များ တိုးမြှင့်လုပ်ဆောင်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

**သတင်းထုတ်ပြန်ထား**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်တွင် မတ် ၃ ရက် နံနက်ပိုင်းက ဖြစ်ပွားခဲ့သည့် ဆူပူအကြမ်းဖက်ဆန္ဒပြမှု ဖြစ်စဉ်နှင့်ပတ်သက်၍ လူမှုကွန်ရက်တွင် တွေ့ရှိရသည့် CCTV မှတ်တမ်းအရ ဆူပူဆန္ဒပြသူလူအုပ်စုအတွင်းမှ လူ ၆ ယောက်က အုပ်စုဖွဲ့ပြီး မီးခိုးဗုံး ပစ်လက်နက်ဟု ယူဆရသည့် လက်နက်များကို အသုံးပြုပစ်ခတ်နေသည်ကို တွေ့ရှိရသဖြင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားပြီးလည်း ဖြစ်သည်။

ထို့ပြင် လက်နက်ငယ်ဖြင့် ထိခိုက်သေဆုံးသည့် ဖြစ်စဉ်အချို့တွင်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်ခြင်းမဟုတ်ဘဲ နောက်ကွယ်မှ လုပ်ကြံသူများရှိနေကြောင်း နားလည်သိရှိသူများ၏ ဖော်ထုတ်တွေ့ရှိချက်အရ သတိထားကြရန် လိုအပ်နေသည့်အချိန်အခါ ဖြစ်သည်။

**စေတနာဖြင့် သတိပေး**

တည်ဆဲအစိုးရအား ဖီဆန်ရန် နှစ်ဖက်ညှပ်ပြီး တိုက်ပွဲဝင်နေသည့် ဖြစ်စဉ်များအရ ပြည်သူလူထုအနေဖြင့် ဆန္ဒပြအုပ်စုများတွင် ပါဝင်ခြင်း မပြုသင့်ကြောင်း၊ လူငယ်ထုအား သွေးဆောင်ဖြားယောင်းနေသူများက အန္တရာယ်တွင်းသို့ အတင်းတွန်းပို့နေမှုများကို ပညာဉာဏ်ဖြင့် ချင့်ချိန်သိရှိကာ ရှောင်ရှားသင့်ကြောင်း အတွေ့အကြုံရင့်ကျက်ပြီး မြန်မာ့နိုင်ငံရေးနှင့် ပတ်သက်၍ ကျွမ်းကျင်သူများက စေတနာဖြင့် သတိပေးလျက်ရှိသည်။

**သတင်းစဉ်**

## ကော့သောင်းမြို့ ခရိုင်/မြို့နယ်တရားရုံးအား မသမာသူအကြမ်းဖက်လူတစ်စုက လာရောက် မီးရှို့

**နေပြည်တော် မတ် ၄**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ အောင်သုခရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ ခရိုင်/မြို့နယ်တရားရုံးအား မသမာသူအကြမ်းဖက်လူတစ်စုက မီးရှို့ခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၁ နာရီ မိနစ် ၂၀ ခန့်တွင် ခရိုင်/မြို့နယ်တရားရုံးဝင်းအတွင်း၌ ထိန်းသိမ်းထားရှိသော သိမ်းဆည်းရမိသက်သေခံပစ္စည်းများဖြစ်သည့် ဆိုင်ကယ်များအား မသမာသူအကြမ်းဖက်လူတစ်စုက လာရောက်မီးရှို့ခဲ့ရာမှ ဆိုင်ကယ်များ မီးလောင်ကျွမ်းခဲ့ပြီး ၎င်းမှတစ်ဆင့် တရားရုံးသို့ မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း သိရှိရသည်။ မီးလောင်ကျွမ်းမှုအား မီးသတ်တပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် လေးစီး၊ ရေသယ်ယာဉ် တစ်စီးတို့ဖြင့် သွားရောက်ပိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၁ နာရီ မိနစ် ၅၀ ခန့်တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်ကျွမ်းမှုဖြစ်စဉ်ကြောင့် သိမ်းဆည်းရမိသက်သေခံပစ္စည်းများဖြစ်သည့် ဆိုင်ကယ် အစီး ၇၀၊ မြို့နယ်တရားသူကြီးရုံးခန်း၊ ခရိုင်တရားသူကြီးရုံးခန်းတို့ မီးလောင်ပျက်စီးခဲ့ကြောင်းနှင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရှိရသည်။

ယခုကဲ့သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များအား တရားဥပဒေမဲ့လုပ်ရပ်များဆောင်ရွက်လာမှုအပေါ် တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်နိုင်ရန် ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများအား ဥပဒေအရ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၄**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန် အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်း ဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**


### ကန့်ကွက်နိုင်ပါကြောင်း

ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့၊ (၄)ရပ်ကွက်၊ ဗလမင်းထင်လမ်း၊ အကွက်အမှတ်(၃၇၄-သစ်ဆိမ့်ကုန်းကွင်း)၊ ဦးပိုင်အမှတ်(၄၈၀)၊ ဧရိယာ(၀ဒသမ ၀၈၀)ကေရှိမြေကို ပုသိမ်ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၏ (၂၅-၁၂-၂၀၂၀)ရက်စွဲပါ စာအမှတ် ၅/၂၄-၁၈(၃၂၇၇)/ဦး ၆ ဖြင့် ဒေါ်ခင်နေနွယ်စံအား မြေပေးမိန့် ချထားပေးသည့်စာကို တင်ပြ၍ မြေငှားဂရန်အသစ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာပါ သည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကျောင်းကုန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန်ထုတ်ပေးခြင်းလုပ်ငန်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျောင်းကုန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ကျောင်းကုန်းမြို့**

### အိတ်ဖွင့်တင်ဒါယှဉ်ပြိုင်မည့်ရက်အား ကြေညာခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနပိုင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပုဇွန်တောင်လမ်း၊ အမှတ်(၂၄၀)ရှိ သိုလှောင်ရုံအမှတ် (၁၊ ၂၊ ၃၊ ၄)အဆောက်အအုံ(မြေမပါ)တို့အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ထုခွဲရောင်းချနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်-

(က) တင်ဒါစည်းကမ်းချက် ရှင်းလင်းမည့် ရက်/အချိန် - ၁၈-၃-၂၀၂၂ရက် မွန်းတည့် ၁၂နာရီ

(ခ) တင်ဒါတင်သွင်းဖွင့်ဖောက်မည့် ရက်/အချိန်/နေရာ - ၁၈-၃-၂၀၂၂ ရက် မွန်းလွဲ ၁ နာရီ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃)၊ နေပြည်တော်

၂။ တင်ဒါဖွင့်ဖောက်မည့်ရက်တွင် တင်ဒါတင်သွင်းသူကိုယ်တိုင် ဝန်ကြီးဌာန၊ တင်ဒါကော်မတီ၏ ရှေ့မှောက်၌ အဆိုပြုလွှာတင်ဒါပုံးတွင် ထည့်သွင်းယှဉ်ပြိုင်ရမည် ဖြစ်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/ညောင်ပင်ကြီးစုရပ်၊ ညောင်ပင်ကြီးစုကွက်သစ်ရှိ ဦးဖြူဖွေး (ဘ) ဦးဝင်းရီအမည်ပေါက် ပါမစ်မြေကွက်အမှတ်(ပ-၁၇၀)၏ မြေပေးမိန့် ထုတ်ယူခွင့်ပြုပါရန် အမည်ပေါက်(ကွယ်လွန်)၏ တရားဝင် အမွေခံဇနီးဖြစ်သူ ဒေါ်ကေသွယ်ဝင်း ၉/ပမန(နိုင်) ၂၅၀၈၃၄(ဘ)ဦးဝင်းကိုမှ တရားဝင်အမွေခံဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆို ချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ သင်္ချိုင်းလက်မှတ် မိတ္တူ၊ မြေပေးစလစ် မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံဓာတ်ပုံများ တင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပေးမိန့် ထုတ်ယူခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင် ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### စာအုပ်စာပေ လူ့မိတ်ဆွေ

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနရှိ အောက်ဖော်ပြပါ အခန်း(၃)ခန်းအား အိတ်ဖွင့်တင်ဒါ ခေါ်ယူ၍ (၅)နှစ်သက်တမ်း၊ (၁)နှစ်တစ်ကြိမ်စာချုပ်စနစ်၊ ငှားရမ်းမှုတန်ဖိုး၏ (၁)လစာအား စပေါ်ငွေအဖြစ်ထားရှိ၍ ငှားရမ်းခနှင့်ကုန်သွယ်လုပ်ငန်းခွန်(၅%)တို့အား (၁၂)လစာ ကြိုတင်ပေးသွင်းခြင်းစနစ်ဖြင့် နှစ်စဉ်ငှားရမ်းခကို ၅% တိုးမြှင့်၍ ငှားရမ်းရန် အိတ်ဖွင့်တင်ဒါ ခေါ်ယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်-

(က) Lot(1) ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ကုန်သည်လမ်း၊ အမှတ်(၅၄၄) အခန်း(၁)ခန်း

Lot(2) ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ်(၂၇၄/၂၇၆)(၂)ခန်းတွဲအခန်း(၁)ခန်း

Lot(3) မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ (၈၃x၈၄)လမ်းကြား၊ (၂၇)လမ်း၊ အမှတ်(၂၆၇)၊ ဝဲဘက်အခန်း (၁)ခန်း)

(ခ) တင်ဒါပုံစံရောင်းချမည့်ရက် - ၅-၃-၂၀၂၂ရက်မှ ၇-၄-၂၀၂၂ရက်ထိ (ရုံးချိန်အတွင်း)

(ဂ) တင်ဒါပိတ်မည့်ရက်/အချိန် - ၇-၄-၂၀၂၂ရက် ညနေ ၃နာရီ

(ဃ) တင်ဒါပုံစံရောင်းချမည့်နေရာ - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ရုံးအမှတ်(၃)၊ နေပြည်တော်

(င) တင်ဒါစည်းကမ်းချက် ရှင်းလင်းမည့်ရက်/အချိန် - ၇-၄-၂၀၂၂ရက် ညနေ ၃နာရီ

(စ) တင်ဒါတင်သွင်းဖွင့်ဖောက်မည့် ရက်/အချိန်/နေရာ - ၈-၄-၂၀၂၂ရက် မွန်းလွဲ ၁ နာရီ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ရုံးအမှတ်(၃)၊ နေပြည်တော်

၂။ တင်ဒါဖွင့်ဖောက်မည့်ရက်တွင် တင်ဒါတင်သွင်းသူကိုယ်တိုင် ဝန်ကြီးဌာန၊ တင်ဒါကော်မတီ၏ ရှေ့မှောက်တွင် အဆိုပြုလွှာအား တင်ဒါပုံးတွင် ထည့်သွင်းယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။

၃။ ကုန်သွယ်ရေးဦးစီးဌာနမှ ငှားရမ်းမည့်အခန်းများ၏မျက်မြင်အခြေအနေအား သက်ဆိုင်ရာ မြို့နယ်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံရောင်းချမည့်နေရာတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၇-၃၄၀၈၄၁၀ သို့ ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**

## (၁)လပြည့် ကုသိုလ်ဒါနပြု အမျှပေးဝေခြင်း

**ဘုရား၊ ရဟန်း၊ ရေကန်၊ လမ်း၊ တံတား၊**

**ဇေယျခေမီ-သိမ်ဓမ္မာရုံ ကျောင်းတော်ကြီး ဒါယကာကြီး**

### ဗိုလ်မှူးကြီးစိုးဝင်းမြင့်(ငြိမ်း)

**ရဲမှူးချုပ်(ငြိမ်း)**

**အသက်(၇၂)နှစ်**

ကျေးဇူးရှင်ဖခင်ကြီး မိသားစုနဲ့ ခွဲခွာသွားတာ ၃-၃-၂၀၂၂ရက်မှာ (၁)လပြည့်ခဲ့ပါပြီ။ ကွယ်လွန်သည့်ရက်မှစ၍ ဒါနပြုလှူဒါန်းခဲ့သော ကောင်းမှုကုသိုလ်များ၊ (၁)လပြည့်ရက်တွင် ပဲခူး(၁၀)မိုင်ကုန်း လက်ာရာမမြတ်ချမ်းသာ ကျောင်းတိုက်တွင် တည်ထားသော လှမ်းတော်မူ ရုပ်ပွားတော်မြတ်ကြီးနှင့် ရုပ်ပွားတော်မြတ်ကြီး သီတင်းသုံးရန် ဂန္ဓကုဋီတိုက်ကြီးကိုလည်းကောင်း၊ ပိဋကတ်(၃)ပုံနှင့် မဟာပဋ္ဌာန်းကျမ်းမြတ်တို့ကိုလည်းကောင်း ရေစက်ချလှူဒါန်းခဲ့သော ကောင်းမှုကုသိုလ်အစုစုတို့အတွက် အမျှပေးဝေပါသည်။ ကျေးဇူးရှင်ဖခင်ကြီး မြင့်မြတ်သော ဘုံဘဝမှ သာဓု-သာဓု-သာဓု ခေါ်ဆိုနိုင်ပါစေ...

ချစ်ဇနီး- ဒေါ်မြမြဝင်း
သားကြီး- ဦးညဏ်လင်းစိုး-ဒေါ်ခိုင်ကြည်ဦး
သားလတ်- Capt.အောင်မင်းခန့်-ဒေါ်ယုဇနကျော်
သားငယ်- Dr.ဇင်နိုင်စိုး-ဒေါ်ဖြူစံပယ်သင်း
မြေးများ- မောင်သန့်ထူးညဏ်၊ မောင်တည်ခန့်အောင်

### ပျောက်ဆုံးကြောင်း

ကျွန်မ မဝင်းရီ ၁၁/ပဏတ(နိုင်)၀၆၅၆၇၆၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၁၉၉၂၇၈၆

## ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ရွှေကြာပင်)၊ မြေကွက်အမှတ်(၇၅၆)၊ ဧရိယာ(၀ဒသမ၀၈၂)ဧကရှိ ဦးမောင်ပု အမည်ပေါက် ပါမစ်မြေကွက် အားမြေပေးမိန့်ထုတ်ပေးပါရန် ဦးမောင်ပု (ကိုယ်စား) ဦးအုန်းစိန် (ဘ) ဦးသန်းမောင် ၉/ပမန(နိုင်)၀၇၅၂၄၈မှ မြေချစလစ်၊ နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်၊ စည်ပင်သာယာ တရားရုံးကျမ်းကျိန်လွှာ အမှတ် (၃၃၄/၂၀၂၁) နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ၎င်းမြေကွက်ကို ချထားပေးသည်မှာ မှန်ကန်ကြောင်း အသိသက်သေ(၃)ဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မှုရင်းများတင်ပြပြီး မြေပေးမိန့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပေးမိန့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အေးမိစံ(ခ)ဒေါ်ဂျူ (သာကေတ)

**(ထုတ်လုပ်ရေး-၂၊ မြန်မာ့အထည်အလိပ်လုပ်ငန်း)**

**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၆/အရှေ့)ရပ်ကွက်၊ ဝေဇယန္တာအရှေ့(၁၈)လမ်း၊ အမှတ်(၇၈၇/ခ)နေ (ဦးမောင်ဆင်- ဒေါ်အုန်းပွင့်)တို့၏သမီး၊ (ဦးကိုလေး-ဒေါ်အေးရှင်)တို့၏ချွေးမ၊ (ဦးတင်မောင်)၏ဇနီး၊ ဦးကျော်စိုးလှိုင်-ဒေါ်စောနန်းအေး၊ ဦးဟန်မင်းထက် (JSM Shipping Co.,Ltd)တို့၏ချစ်လှစွာသောမိခင်၊ မဖူးပြည့်စုံ၊ မအေးပြည့်စုံတို့၏အဘွားသည် ၃-၃-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) ည ၈:၄၅နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၅-၃-၂၀၂၂ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍၉-၃-၂၀၂၂ရက် (အင်္ဂါနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၈/ကျွန်စစ်သား၊ ဦးပိုင်အမှတ်(၃၀ᵃ)၊ ဧရိယာ(၀ဒသမ၀၄၉)ဧကအား ဦးဝင်းဗိုလ်(ဘ)ဦးမောင်မြ ၉/တကန(နိုင်)၀၀၆၅၈၆မှ နှစ်(၃၀)မြေငှားစာချုပ်(မူရင်း)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဒေါ်သာယာနုဝေစံ (ဘ) ဦးအောင်မြင့် ၉/တကန(နိုင်)၂၀၈၅၄၄နှင့်မှတ် ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ/မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးစိန်လှိုင်(ညွှန်ကြားရေးမှူး(စီမံ)-ငြိမ်း)MOGE

**(ရေနံချောင်း)**

**အသက်(၈၀)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ကျောက်ရေတွင်း၊ ဘုရင့်နောင်လမ်း၊ အမှတ်(ခ/၆)နေ (ဦးစိုးဦး-ဒေါ်ထွေးစိန်)တို့၏သား၊ (ဦးအောင်ကြီး-ဒေါ်ခင်ကြည်)တို့၏ သားသမက်၊ ဒေါ်သန်းလှ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးထွန်းအေးချို(ညွှန်ကြားရေးမှူး-ငြိမ်း၊ ရေအရင်းအမြစ်ဦးစီးဌာန)၊ ဦးဝင်းကြည်(ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန)၊ ဒေါက်တာကျော်ကျော်(ရန်ကုန်ဆေးရုံအုပ်ကြီး-ငြိမ်း)တို့၏အစ်ကို၊ ဒေါ်ငွေးငွေးလှိုင်၊ (ဒေါ်ချိုချိုလှိုင်)၊ ဒေါ်ထွန်းထွန်းလှိုင်၊ ဦးအောင်အောင်နိုင်(ခ)ဦးမင်းခန့်၊ ဒေါ်သီတာလှိုင်တို့၏ဖခင်၊ တူ၊ တူမ ရှစ်ယောက်တို့၏ဘကြီး၊ မြေး ၁၀ယောက်တို့၏အဘိုးသည် ၃-၃-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂:၄၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၃-၂၀၂၂ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးမြကြည်

**စခန်းမှူး(ငြိမ်း)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)**

**အသက် (၉၂) နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက်(၆)၊ အခန်း(၁၅)နေ (ဦးလူကလေး-ဒေါ်ဟန်)တို့၏သား၊ (ဒေါ်ကြည်ကြည်) က-က-ဝယ် (ငြိမ်း)၏ ခင်ပွန်း၊ ဒေါ်ခင်ထားကြည်-(ဦးရွှေကျော်)၊ ဒေါ်ခင်ငွေးကြည်-ဦးထွန်းဖေ၊ ဒေါ်ခင်သူဇာကြည်-ဦးဗိုလ်ကြိုင်၊ (ဒေါ်ခင်ရွှေဇင်ကြည်)၊ ဒေါ်ခင်သော်တာကြည်-ဦးဘိုအုန်း၊ (မောင်စိုးမြင့်ကြည်)၊ (မောင်မိုးမြင့်ကြည်)၊ (မောင်ရဲမြင့်ကြည်) တို့၏ ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီး၊ ဒေါ်ခင်ဝေဝေကျော်-ဦးမောင်မောင်အေး၊ ဦးမောင်မောင်အောင်စိုး-ဒေါ်နှင်းဖြူဖြူလွင်၊ ဦးထက်အောင်ကျော်-ဒေါ်မို့မို့အောင်၊ ဦးစည်သူအောင်-ဒေါ်တင့်မျိုးထိုက်၊ ဒေါ်ထက်ထက်ခိုင်-ဦးအေးချမ်းအောင်၊ မခင်ဇင်ဇင်ကျော်တို့၏ ချစ်လှစွာသောအဘိုး၊ မြစ် (၈)ယောက်တို့၏ ဘိုးဘိုးကြီး ဦးမြကြည်သည် (၉၆)ပါးသောရောဂါဖြင့် ၂-၃-၂၀၂၂ ရက် ည ၉:၀၈ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၂၂ ရက် နံနက် ၁၁:၀၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးစိန်လှိုင်(ညွှန်ကြားရေးမှူး(စီမံ)ငြိမ်း)MOGE

**(ရေနံချောင်း)**

**အသက်(၈၀)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ကျောက်ရေတွင်း၊ ဘုရင့်နောင်လမ်း၊ အမှတ်(ခ/၆)နေ (ဦးစိုးဦး-ဒေါ်ထွေးစိန်)တို့၏သား၊ (ဦးအောင်ကြီး-ဒေါ်ခင်ကြည်)တို့၏သားသမက်၊ ဒေါ်သန်းလှ၏ချစ်လှစွာသောခင်ပွန်း၊ ဦးဘသွင်-(ဒေါ်ခင်စန်းရီ)၊ ဦးခင်မောင်ကို-ဒေါ်လှမြတ်လေး၊ (ဦးမြသွင်-ဒေါ်စိုးစိုးအောင်)၊ ဦးအေးထွန်း-ဒေါ်တိုးတိုးအောင်၊ ဦးခင်မောင်ချို-ဒေါ်ဆွေဆွေမြင့်၊ ဦးကိုကိုကြီး-(ဒေါ်မီမီအောင်)၊ ဦးခင်မောင်ဘို-ဒေါ်သက်သက်တို့၏အစ်ကို/ညီ/မောင်သည် ၃-၃-၂၀၂၂ရက် (ဗုဒ္ဓဟူး နေ့) မွန်းလွဲ ၂:၄၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၃-၂၀၂၂ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ အနောက်ကန်ဘောင်ကျေးရွာအုပ်စု၊ အနောက်ကန်ဘောင်ရွာနေ ဦးတင်ထွန်း ၈/စလန(နိုင်)၀၀၀၇၂၀- ဒေါ်မို့မို့ဝင်း ၈/စလန(နိုင်)၀၂၃၅၀၆ တို့၏သား မောင်ညဏ်မိုးထွန်း ၈/စလန (နိုင်) ၁၆၂၇၃၈ သည် မိဘနှစ်ပါး၏ ဆိုဆုံးမမှုကို မနာခံဘဲ မိဘနှစ်ပါးစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ မောင်ညဏ်မိုးထွန်းအား အမွေစားအမွေခံသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝအား လုံးဝ (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**မိဘ- ဦးတင်ထွန်း-ဒေါ်မို့မို့ဝင်း**
**စလင်းမြို့**

### အထူးဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးစိန်လှိုင်(ညွှန်ကြားရေးမှူး(စီမံ)ငြိမ်း) MOGE

**(ရေနံချောင်း)**

**အသက်(၈၀)**

ဦးစိန်လှိုင်(ညွှန်ကြားရေးမှူး(စီမံ) MOGE-ငြိမ်း)သည် ၃-၃-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂:၄၇နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။ **ဦးအေးထွန်း-ဒေါ်တိုးတိုးအောင်**

**မိသားစု**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ ရဲရဲတောင်ရပ်ကွက်၊ အေးရိပ်သာလမ်း၊ အမှတ်(၁၆၄)တွင် ကျွန်တော် ဦးသက်နိုင်မှ **"UNIQUE"** (ယူနစ်ခ်)အမည်ဖြင့် သောက်ရေသန့်ထုတ်လုပ်ရောင်းချရန် စီစဉ်ထားရှိပါသည်။

အမည်တူရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်တော် ဦးသက်နိုင်ထံသို့ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့် ဆက်သွယ်၍ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက သတင်းစာကြော်ငြာချက်နှင့်အတူ မိမိအသုံးပြုမည်ဖြစ်သော **"UNIQUE"** (ယူနစ်ခ်) သောက်ရေသန့် အမှတ်တံဆိပ်အား အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အမည်တူထောက်ခံချက်ဖြင့် ဆက်လက်လျှောက်ထားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **ဦးသက်နိုင် ၁၂/မဂဒ(နိုင်) ၀၂၀၈၉၄**

**ဖုန်း-၀၉-၂၄၀၁၈၉၈**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ဆင်ဖြူရှင်ရပ်၊ ဆင်ဖြူရှင်ရပ်ကွက်ရှိ ခွဲတပ်ကြပ်ကြီးကျော်ဝင်း၊ ကိုယ်ပိုင်အမှတ် ၃၉၆၄၀၆ အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(C)၁၈၇၄ ကို အမည်ပေါက် (ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်အေးသန်း ၁၂/မရက(နိုင်)၀၀၅၆၀၃ (ဘ) ဦးထွန်းရှိန်မှ တရားဝင်အမွေခံဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ ခွဲတပ်ကြပ်ကြီးကျော်ဝင်း သေဆုံးမှုလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အဦပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ဆင်ဖြူရှင်ရပ်၊ ဆင်ဖြူရှင်ရပ်ကွက်ရှိ တပ်ကြပ်ကြီးမောင်ဝင်း၊ ကိုယ်ပိုင်အမှတ် ၅၃၀၇၉၃ အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(C)၁၅၅၅ ကို အမည်ပေါက် (ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်ကျင်ဝေ ၁၂/လကန(နိုင်)၀၃၅၉၂၄ (ဘ) ဦးစောမှ တရားဝင်အမွေခံဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ တပ်ကြပ်ကြီးမောင်ဝင်း သေဆုံးမှုလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အဦပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်အေးသိန်း

**အသက် (၈၁)နှစ်**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိုးမိုးအေး၏မိခင် ဒေါ်အေးသိန်းသည် ၃-၃-၂၀၂၂ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ် (၇/၅၀၂) ဟုခေါ်တွင်သော အလျား (၄၀) ပေ × အနံ (၃၂) ပေ ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းနှင့် ပတ်သက်သော အကျိုးခံစားခွင့် အရပ်ရပ်ကို လက်ရှိဝယ်ယူ ပိုင်ဆိုင်ထားသူ ဦးသူရကျော် ၇/တငန(နိုင်)၁၄၁၁၃၆ မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြု ပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသဖြင့် အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြေညာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်အိအိလင်း (LL.B)
အထက်တန်းရှေ့နေ (စဉ် - ၅၁၆၄၉)

ရုံးခန်း - Partner Of Client Law Firm (POC)
အမှတ် (၁၆၄/၅)၊ သံသုမာလမ်း၊ သုဝဏ္ဏ (၂၄)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁၂၅၇၇၀၃၉၊ ၀၉၆၉၄၄၉၉၇၇၉

ဒေါ်ဖြူဖြူ (Advocate)
LL.B, DBL, DML, DIR, DIL
Diploma in English,
C.A.E.S,C.B.D.S,WIPO(Switzerland)
Master of Business Law (M.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၃၅၃၁)

### သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

## သင့် သွေး ဖြင့် အ သက် ကယ် ပါ

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ၂၀၂၁ ခုနှစ်၊ မတ်လ ၄ ရက်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၅၃ အရ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ မြို့နယ် ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

မြေပြင်စစ်ဆေးချက်များအရ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်တွင် မဲရုံပေါင်း ၂၈ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၆၃၀၄ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၅၀၅၅၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၁၂၄၉၊ မြေပြင် လက်ကျန် ၁၁၀၃၉ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ မဲရုံများအလိုက် မဲလက်မှတ် အပို/အလိုများ တွေ့ရှိရပြီး ကျန်ရှိရမည့် အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက်မှာ ၃၀၆ ဖြစ်ပြီး တရားမဝင်အပိုသုံး မဲလက်မှတ်အရေအတွက်မှာ ၉၆ ဖြစ်သည်။ စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**ကျောက်တံတားမြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပိုသုံး | |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၂၅၃၀၀ | ၁၄၅၅၃ | ၁၀၇၄၇ | ၁၀၅၃၇ | ၃၀၆ | ၉၆ | |
| ၂ | မြို့နယ်ကြိုတင် မဲလက်မှတ် | ၅၃၃ | ၅၀၂ | ၃၁ | ၃၁ | - | - | |
| ၃ | မြို့နယ် လက်ကျန် မဲလက်မှတ် | ၄၇၁ | - | ၄၇၁ | ၄၇၁ | - | - | |
| | စုစုပေါင်း | ၂၆၃၀၄ | ၁၅၀၅၅ | ၁၁၂၄၉ | ၁၁၀၃၉ | ၃၀၆ | ၉၆ | |

စာမျက်နှာ ၈ ကော်လံ ၁ ◆

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၆ ဦး တွေ့ရှိ

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၄-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

(၃-၃-၂၀၂၁)ရက်နေ့ ည (၈:၀၀) နာရီမှ (၄-၃-၂၀၂၁) ရက်နေ့ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲ နမူနာစုစုပေါင်း (၁,၆၁၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၁၆) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၄၉၆,၃၆၇) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲ အတည်ပြုလူနာ စုစုပေါင်း (၁၄၂,၀၀၀) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၃၂) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၅၇၁) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၃,၂၀၀) ဦး ရှိပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျတပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦးအသိပေးခြင်း/သတိပေးခြင်း မိသားစုစီမံချက်"အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## တရုတ်နိုင်ငံက ဆီနိုဖမ်း ကိုဗစ်- ၁၉ ကာကွယ်ဆေးကို ယခုနှစ်အတွင်း အလုံးရေ တစ်ဘီလီယံကျော် ထုတ်ရန် မျှော်လင့်

စာမျက်နှာ - ၁၃

## ကိုဗက်အစီအစဉ်က ပထမဆုံး ကိုဗစ်- ၁၉ ကာကွယ်ဆေးကို အောင်မြင်စွာဖြန့်ဝေပေးနိုင်မှုနဲ့အတူ ကိုဗစ်- ၁၉ အခက်အခဲအကျပ်အတည်းကို ရင်ဆိုင်ကျော်ဖြတ်နေတဲ့ ဥရောပ

စာမျက်နှာ - ၁၄

# ပုဂံမြို့ရှိ လောကနန္ဒာဘေးမဲ့တောဥယျာဉ်တွင် ကမ္ဘာ့အကြီးဆုံးမှတ်တမ်းဝင် ရှားပါးကြယ်လိပ်ကြီးကို လေ့လာကြည့်ရှုနိုင်

**ညောင်ဦး မတ် ၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံမြို့ လောကနန္ဒာစွယ်တော်မြတ်ဘုရားအနီးရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန လောကနန္ဒာဘေးမဲ့တောဥယျာဉ်ထဲတွင်ရှိသည့် ကမ္ဘာ့အကြီးဆုံးကြယ်လိပ်ကြီးကို လေ့လာကြည့်ရှုနိုင်ကြောင်း လောကနန္ဒာဘေးမဲ့တော ဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးရွှေဌေးအောင်ထံက သိရသည်။

၂၀၀၀ ပြည့်နှစ်တွင် တရားမဝင်ကုန်သွယ်မှုမှ ဖမ်းဆီးရမိသည့် မြန်မာ့ဒေသရင်း မျိုးစိတ်ဖြစ်သည့် ကြယ်လိပ် အထီး ၄၂ ကောင်၊ အမအကောင် ၄၀ အား လောကနန္ဒာဘေးမဲ့တောဥယျာဉ်တွင် ခြံလှောင်စနစ်ဖြင့် မွေးမြူခဲ့ပြီး ပေါက်ပွားလာသည့် ကြယ်လိပ်များအား နေရင်းဒေသများသို့ ပြန်လွှတ်ပေးလျက်ရှိကြောင်း သိရသည်။ ယင်းဘေးမဲ့ဥယျာဉ်တွင် တရားမဝင်ကုန်သွယ်မှုမှ ဖမ်းဆီးရမိခဲ့သည့် ကြယ်လိပ် ၈၂ ကောင်တွင် ပါရှိလာသော ကြယ်လိပ်အမတစ်ကောင်သည် ယခု ၂၀၂၁ ခုနှစ် ၂၁ နှစ်အကြာ၌ ကမ္ဘာပေါ်တွင် အကြီးဆုံးကြယ်လိပ်အဖြစ် မှတ်တမ်းတင်နိုင်ခဲ့ကြောင်း သိရသည်။

လောကနန္ဒာဘေးမဲ့တောဥယျာဉ်ရှိ အရွယ်ရောက် ကြယ်လိပ်များ၏ အတန်းအစားတွင် အမှတ် ၁၄၆ ဖြစ်ကာ အသက်အားဖြင့် ၂၂ နှစ်ဖြစ်မည်ဟု ခန့်မှန်းရကြောင်း၊ ကြယ်လိပ်များ၏ ကျောပေါ်နှစ်စဉ်ပေါ်ထွက်လာလေ့ရှိသော လိုင်းများကို ရေတွက်၍ အနီးစပ်ဆုံး သက်တမ်းအား ခန့်မှန်းထားခြင်းဖြစ်ကြောင်းလည်း လောကနန္ဒာဘေးမဲ့တောဥယျာဉ်အုပ်ချုပ်ရေးမှူးက ရှင်းပြသည်။

လောကနန္ဒာဘေးမဲ့တောဥယျာဉ်ရှိ ကြယ်လိပ်မကြီး၏ကိုယ်ရေးအချက်အလက်ကိုလည်း ကြယ်လိပ်များ၏ မှတ်တမ်းစာအုပ်တွင် ရေးမှတ်ထားရာ လိပ်အမှတ် ၁၄၆ ဖြစ်ပြီး အတန်းအစားအနေဖြင့်

စာမျက်နှာ ၈ ကော်လံ ၁ ❋



လောကနန္ဒာဘေးမဲ့တောဥယျာဉ်အတွင်း ကမ္ဘာ့အကြီးဆုံးကြယ်လိပ်ကို အခြားကြယ်လိပ်များနှင့်အတူ တွေ့ရစဉ်။